

# ဂဍ္ဍသိန်းရဲ့
# တွေးဝိခ်ချင်စရာ

# တွေးချိန်ချင့်စရာ

နန္ဒာသိန်းဇံ

လှိုင်းသစ်စာပေ
အမှတ် – ၇၊ ၇ လွှာ၊ ၁၅ လမ်း၊
လမ်းမတော်မြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း – ၀၁ ၂၁၀၇၃၅၊ ၀၉ ၅၀၅၅၉၉၆၊ ၀၉ ၇၃၂၀၁၈၉၈

## ဒို့တာဝန်အရေးသုံးပါး

| | |
|---|---|
| ပြည်ထောင်စုမပြိုကွဲရေး | ဒို့အရေး |
| တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး | ဒို့အရေး |
| အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး | ဒို့အရေး |

## ပြည်သူ့သဘောထား

- ပြည်ပအားကိုးပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ
- နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောက်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောက်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ခြေမှုန်းကြ။

## နိုင်ငံရေးဦးတည်ချက် (၄) ရပ်

- နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး၊
- အမျိုးသားစည်းလုံးညီညွတ်မှုခိုင်မာရေး
- စည်းကမ်းပြည့်ဝသော ဒီမိုကရေစီစနစ် ရှင်သန်ခိုင်မာအောင်တည်ဆောက်ရေး
- ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သောနိုင်ငံတော်သစ်တည်ဆောက်ရေး

## စီးပွားရေးဦးတည်ချက် (၄)ရပ်

- စိုက်ပျိုးရေးကို ပိုမိုဖွံ့ဖြိုးတိုးတက်အောင်ဆောင်ရွက်ပြီး ခေတ်မီစက်မှုနိုင်ငံထူထောင်ရေးနှင့် အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး
- ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့်အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- နိုင်ငံတော်၏စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

## လူမှုရေးဦးတည်ချက် (၄)ရပ်

- တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့်အကျင့်စာရိတ္တ မြင့်မားရေး။
- အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
- စစ်မှန်သောမျိုးချစ်စိတ်ဓာတ်ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
- တစ်မျိုးသားလုံးကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

# တွေးချိန်ချင့်စရာ

ရန္တာသိန်းဇံ

စီစဉ်သူ

နန္ဒလွင်ကျော်

လှိုင်းသစ်စာပေ

အမှတ် - ၇၊ ၇ လွှာ၊ ၁၅ လမ်း၊

လမ်းမတော်မြို့နယ်၊ ရန်ကုန်မြို့။

ဖုန်း - ၀၁ ၂၁၀၇၃၅၊ ၀၉ ၅၀၅၅၉၉၆၊ ၀၉ ၇၃၂၀၁၈၉၈

**ပုံနှိပ်မှတ်တမ်း**

ပထမအကြိမ် - ၁၉၉၉ ခု
ဒုတိယအကြိမ် - ၂၀၀၂ ခု
တတိယအကြိမ် - ၂၀၁၂ ခု
စတုတ္ထအကြိမ် - ၂၀၁၃ ခု

○

**ထုတ်ဝေသူ**

ဦးနန္ဒလွင်ကျော် (ယာယီ ၁၈၅၉)
လှိုင်းသစ်စာပေ
အမှတ်-၇၊ ၇ လွှာ၊ ၁၅ လမ်း၊
လမ်းမတော်မြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း-၀၁ ၂၁၀၇၃၅၊ ၀၉ ၅၀၅၅၉၉၆၊ ၀၉ ၇၃၂၀၁၈၉၈

○

**မျက်နှာဖုံးနှင့်အတွင်းပုံနှိပ်သူ**

ဦးတင်အောင်ကျော် (မြဲ-၀၇၀၅၃)
စွယ်တော်ပုံနှိပ်တိုက်
အမှတ် ၁၄၇၊ ၅၁ လမ်း (အထက်)၊
ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၀၉၇၃၂၅၅၀၈၆

○

**အုပ်ရေ** - ၁၀၀၀
**တန်ဖိုး** - ၁၂၀၀ ကျပ်

၈၉၅.၈၄

နန္ဒာသိန်းဇံ

တွေးချိန်ချင့်စရာ၊ နန္ဒာသိန်းဇံ။ - ရန်ကုန်၊
လှိုင်းသစ် စာပေ၊ စတုတ္ထအကြိမ်၊ ၂၀၁၃။
၂၂၄ စာ၊ ၁၃ စင်တီ × ၂၀.၈ စင်တီ
(၁) တွေးချိန်ချင့်စရာ

# ဆရာနန္ဒာသိန်းဇံ၏ အတ္ထုပ္ပတ္တိအကျဉ်း

ဆရာနန္ဒာသိန်းဇံသည် ပဲခူးတိုင်း၊ ပေါင်းတည်မြို့ ဇာတိဖြစ်သည်။ မိဘနှစ်ပါးမှာ ဦးညီကွန်း၊ ဒေါ်ဟန်တင် ဖြစ်သည်။ ၁၉၄၄ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၁ ရက် သောကြာနေ့တွင် မွေးဖွားသည်။ မွေးချင်းသုံးယောက်အနက် အငယ်ဆုံးဖြစ်ပြီးအကြီးဆုံးမှာ မောင်စိုးသိန်း၊ အလတ်မှာ မောင်စံလှိုင်ဖြစ်၍ အငယ်ဆုံးမှာ မောင်သိန်းဇံ (နန္ဒာသိန်းဇံ) ဖြစ်ပါသည်။ ဆရာသည် ၁၉၅၃ ခုနှစ်မှ ၁၉၆၂ ခုနှစ်အတွင်း ပေါင်းတည်မြို့၊ မြို့မအလယ်တန်းကျောင်းနှင့် အထက်တန်းကျောင်းများတွင် အခြေခံပညာကိုသင်ယူခဲ့သည်။ ၁၉၆၂ ခုနှစ်တွင် အထက်တန်းစာမေးပွဲကို ပဲခူးတိုင်း တစ်တိုင်းလုံးတွင် ပထမအဆင့်ဖြင့် အောင်မြင်ခဲ့သည်။ ၁၉၆၆ ခုနှစ်တွင် ရန်ကုန် တက္ကသိုလ်မှ ဝိဇ္ဇာဘွဲ့ကို ဒဿနိက ဗေဒ ဘာသာရပ်ဖြင့် ရရှိခဲ့သည်။ ၁၉၆၈ ခုနှစ်တွင် မဟာဝိဇ္ဇာဘွဲ့ ရရှိခဲ့သည်။ မဟာဝိဇ္ဇာဘွဲ့အတွက်တင်သွင်းသောကျမ်းမှာဗုဒ္ဓယဉ်ကျေးမှုဘာသာရပ် အထူးပြု

ဖြစ်၍ "ဘဝအဓိပ္ပာယ်နှင့် ဘဝသစ္စာ" စာအုပ်အဖြစ် ထင်ရှားခဲ့သည်။

- ၁၉၇၀၊ မေလ ၂၆ ရက်နေ့မှစ၍ ရန်ကုန်တက္ကသိုလ်၊ ဒဿနိကဗေဒဌာနတွင် နည်းပြအဖြစ် ခန့်အပ်ခံရပြီး တာဝန်စတင် ထမ်းဆောင်ခဲ့သည်။
- ၁၉၇၀ ဩဂုတ်လ ၂၄ ရက်နေ့တွင် မော်လမြိုင်တက္ကသိုလ်သို့ ပြောင်းရွှေ့ အမှုထမ်းဆောင်သည်။
- ၁၉၇၂ ခုနှစ်၊ စက်တင်ဘာလ ၇ ရက်နေ့တွင် ရန်ကုန်တက္ကသိုလ် ဒဿနိကဗေဒဌာန၊ ဌာနမှူးအဖြစ် တာဝန်ထမ်းဆောင်ခဲ့သည်။
- ၁၉၇၅ ခုနှစ် ဖေဖော်ဝါရီလ ၁၅ ရက်နေ့တွင် ထားဝယ်ကောလိပ်၊ ဒဿနိကဗေဒဌာန ဌာနမှူးအဖြစ် တာဝန်ထမ်းဆောင်ခဲ့သည်။
- ၁၉၈၀ ခုနှစ် ဖေဖော်ဝါရီလ ၈ ရက်နေ့တွင် ရန်ကုန်တက္ကသိုလ် ဒဿနိကဗေဒဌာနသို့ ပြန်လည်တာဝန် ထမ်းဆောင်ပြီး အောက်တိုဘာလ ၁၁ ရက်နေ့တွင် လက်ထောက်ကထိကအဖြစ် ရာထူးတိုးမြှင့်ခြင်း ခံရသည်။
- ၁၉၈၆ ခုနှစ် ဧပြီလ ၃ ရက်နေ့တွင် ပုသိမ်ဒီဂရီကောလိပ်၊ ဒဿနိကဗေဒဌာန၌ ကထိက/ဌာနမှူးအဖြစ် ရာထူးတိုးမြှင့်ခံထားခြင်း ခံရသည်။
- ၁၉၈၈ ခုနှစ် ဇွန်လ ၂၆ ရက်နေ့တွင် ရန်ကုန်တက္ကသိုလ် ဒဿနိကဗေဒဌာနသို့ ပြန်လည်အမှုထမ်းဆောင်သည်။
- ၁၉၉၆ ခုနှစ် ဖေဖော်ဝါရီလ ၁ ရက်နေ့တွင် မော်လမြိုင်တက္ကသိုလ်သို့ ပြောင်းရွှေ့တာဝန် ထမ်းဆောင်သည်။

- ၁၉၉၇ ခုနှစ် ဇူလိုင်လ ၂၃ ရက်နေ့တွင် ရန်ကုန်တက္ကသိုလ်၊ ဒဿနိကဗေဒဌာန၌ တွဲဖက်ပါမောက္ခ အဖြစ် ရာထူးတိုးမြှင့် တာဝန်ထမ်းဆောင်ခဲ့သည်။
- ၁၉၉၈ ခုနှစ်တွင် ရန်ကုန်တက္ကသိုလ်၊ ဒဿနိကဗေဒဌာန၌ ပါရဂူဘွဲ့သင်တန်း စတင်ဖွင့်လှစ်ခဲ့ရာ ယဉ်ကျေးမှုဘာသာစကားနှင့် အနုပညာဘာသာရပ်ကို ပို့ချခဲ့သည်။
- ၂၀၀၃ ခုနှစ် ဧပြီလ ၁၈ ရက်နေ့တွင် ရန်ကုန်တက္ကသိုလ်၊ ဒဿနိကဗေဒဌာန၌ ပါမောက္ခ/ဌာနမှူးအဖြစ် စတင်တာဝန်ထမ်းဆောင်ခဲ့ပြီး ၂၀၀၈ ခုနှစ် ဖေဖော်ဝါရီလ ၁၂ ရက်နေ့တွင် အငြိမ်းစားယူခဲ့သည်။
- ၂၀၁၁ ခုနှစ် မေလ ၁ ရက်နေ့၌ မြန်မာနိုင်ငံ ဝိဇ္ဇာသိပ္ပံ ပညာရှင် အဖွဲ့ဝင်အဖြစ် ခန့်အပ်ခြင်း ခံခဲ့ရသည်။
- အငြိမ်းစား ယူပြီးသည့် အချိန်မှစတင်၍ ၂၀၁၁ ခုနှစ်၊ ဩဂုတ်လ ၁၄ ရက်နေ့ ကွယ်လွန်သည့် အချိန်အထိ ရန်ကုန်တက္ကသိုလ်၊ ဒဿနိကဗေဒဌာန၌ အချိန်ပိုင်း ပါမောက္ခအဖြစ် တာဝန်ထမ်းဆောင်လျက် ပါရဂူအကြိုသင်တန်းနှင့် ပါရဂူကျမ်းပြုသင်တန်းသား တပည့်များအား သုတေသနဆိုင်ရာ ပညာရပ်များကို သင်ကြားပို့ချခဲ့ပါသည်။

ဆရာသည် ၂၀၀၅ ခုနှစ်တွင် ဒဿနိကဗေဒဆိုင်ရာ ပါရဂူဘွဲ့ကျမ်းကို "The Nature of Pure Fact in Satipatthana Vipassana" ခေါင်းစဉ်ဖြင့် ရန်ကုန်တက္ကသိုလ်သို့ တင်သွင်းပြီး ပါရဂူဘွဲ့ အပ်နှင်းခြင်း ခံရသည်။

ဆရာသည် ၁၉၉၉ ခုနှစ်မှ ကွယ်လွန်သည့်အချိန်အထိ နိုင်ငံတော် ပရိယတ္တိ သာသနာ့တက္ကသိုလ် (ရန်ကုန်)ရှိ သာသနာတော်

ထွန်းကားပြန့်ပွားရေးဌာန၌ ညွှန်ကြားရေးမှူးအဖြစ် ဆရာတော်၊ သံဃာတော်များအား ဗုဒ္ဓယဉ်ကျေးမှု ဒဿနပညာရပ်ကို သင်ကြားပို့ချခဲ့ပြီး ပါရဂူသင်တန်း ကျမ်းပြုသံဃာတော်များအား သုတေသနဆိုင်ရာ ပညာရပ်များကို ပို့ချခဲ့သည်။

**ဆရာပြုစုရေးသား ထုတ်ဝေခဲ့သည့် စာအုပ်များမှာ**

- ဘဝအဓိပ္ပာယ်နှင့် ဘဝသစ္စာ (၁၉၇၃)
- စိတ်အဆင့်ဆင့် မြင့်တက်ခြင်းသဘာဝ (၁၉၇၅)
- ကိုယ်ကျင့်တည်ကြည်ခြင်းနှင့် အဆင့်မြင့်ခရီးစဉ် (၁၉၇၇)
- ခရောင်းလမ်းကို ဖြတ်ကျော်ခြင်း (၁၉၇၉)
- မိတ်ကောင်းဆွေကောင်းနှင့် ခရီးသွားခြင်း (၁၉၈၀)
- အတွေးအခေါ်တို့ လွှင့်မျောခြင်းနှင့် လူ၏ဆောက်တည်ရာ (၁၉၁၃)
- Through Life's Perils (၁၉၈၃)
- မှန်သောစကားကို ဆိုခြင်းနှင့် ပတ်သက်သောမှတ်ချက်များ (၁၉၈၈)
- ဖြေဆည်ရာ (၁၉၈၉)
- ကြာ (၁၉၉၂)
- စီးပွားရေးနှင့် စစ်ရေးဗျူဟာ (၁၉၉၂)
- အသွင်သဏ္ဌာန်တို့ နောက်ကွယ်၌ (၁၉၉၃)
- အရိမဒ္ဒနမှ တွေးမြင်ရနံ့တို့ ဝေ့ပျံ့နေဆဲ (၁၉၉၅)
- တွေးချိန်ချင့်စရာ (၁၉၉၆)
- နက္ခတ်ဗေဒနှင့် မြန်မာ့အတွေးအမြင် အစဉ်အလာ (၁၉၉၉)

- ထေရဝါဒနှင့် ပတ်သက်သော မှတ်ချက်များ (၂၀၀၁)
- မနက်ဖြန်များကို ဖြတ်သန်းနေသော စိတ်ကူး
  များ (၂၀၀၃)
- ပြောရင်းပြောနေမည့် ချစ်ခြင်းမေတ္တာ (၂၀၀၄)
- သမုဒ်ပင်လယ်ပြာနှိုင်းပမာ (၂၀၀၈)
- နောင်တကင်းရာသို့ (၂၀၀၉)
- အနေခက်အောင် ကူညီကြသူများ (၂၀၁၁)

**ဆရာ တင်သွင်းဖတ်ကြားခဲ့သော သုတေသနစာတမ်းများမှာ**

- မြန်မာ့ကိုယ်ကျင့်တရားအမြင်နှင့် မြန်မာ့ယဉ်ကျေးမှု အစဉ်အလာကို ထိန်းသိမ်းခြင်း။
- ရန်ကုန်တက္ကသိုလ် ဘွဲ့နှင်းသဘင်ခန်းမ အဆောက်အအုံရှိ ပညာသင်္ကေတကို အနုပညာဆိုင်ရာ သင်္ကေတဝါဒမှ လေ့လာတင်ပြခြင်း။
- The Response to Nihilism
- A Study of Cakka Symbol
- A Study of Lotus Symbol in Bagan Art and Architecture from the Perspective of Religious Symbolism

ဆရာသည် "မှတ်ဉာဏ်နှင့် အတွေးအခေါ်"အမည်ရှိ ဆောင်းပါးကို "သိန်းခံ" ဟူသော ကလောင်အမည်ဖြင့် ရေးသားခဲ့ပြီး သင့်ဘဝမဂ္ဂဇင်းတွင် ပထမဦးဆုံး ပုံနှိပ်ဖော်ပြခြင်း ခံခဲ့ရသည်။ ကလောင်ခွဲများမှာ "စိတ်ခိုင်"၊ "လွမ်းဝေ"တို့ ဖြစ်သည်။ နောက်ပိုင်းတွင် နန္ဒာသိန်းခံ ဟူသော ကလောင်အမည်ဖြင့် အတွေးအခေါ်စာပေ အမြောက်အမြားကို ရေးသားခဲ့သည်။

ဆရာသည် နိုင်ငံတော်က ချီးမြှင့်သည့် သာသနာပြုဆိုင်ရာ ဘွဲ့တံဆိပ်ဖြစ်သည့် "ကြီးကျယ်မြင့်မြတ်၍ သာသနာကို ထွန်းလင်း တောက်ပစေသည့် အောင်လံတော်ကို လွှင့်ထူနိုင်သူ"ဟု အဓိပ္ပာယ် ရသော 'မဟာသဒ္ဓမ္မ ဇောတိကဓဇ' ဘွဲ့ကို ၂၀၀၄ ခုနှစ်၊ ဇန်နဝါရီ ၄ ရက်နေ့တွင် ရရှိခဲ့သည်။

ဆရာသည် ရန်ကုန်မြို့ ဓမ္မဗိမာန်စာပေအဖွဲ့မှ ချီးမြှင့်သော ၂၀၀၄ ခုနှစ်၊ တစ်သက်တာ ဓမ္မစာပေဆုကိုလည်း ရရှိခဲ့သည်။ ထို့အပြင် ၂၀၀၉ ခုနှစ်တွင် ဆရာဝန်တင်ရွှေ စာပေဆုကိုလည်း 'နှောင်တကင်းရာ' အမည်ရှိ စာအုပ်ဖြင့် ရရှိခဲ့သည်။

ဆရာသည် ၁၄–၈–၂၀၁၁ (တနင်္ဂနွေ) ဝါခေါင်လပြည့်နေ့ (မေတ္တာအခါတော်နေ့) ၌ ကွယ်လွန်အနိစ္စ ရောက်ခဲ့ပါသည်။

■

# မာတိကာ


| | | |
|---|---|---|
| ၁။ | လှော်က် | ၁၃ |
| ၂။ | အများအကျိုးရှက်သယ်ပိုးက | ၁၉ |
| ၃။ | တစ်ခုသောစာပေစကားဝိုင်းမှအပြန် | ၂၅ |
| ၄။ | ပြန်လည်ကောက်ယူရသောအရာ | ၃၁ |
| ၅။ | အကျကောင်း | ၃၇ |
| ၆။ | ဆား | ၄၅ |
| ၇။ | အကြိမ်ကြိမ်တို့အကြောင်း | ၅၅ |
| ၈။ | ဆူးပုံနှင်းသူများ | ၆၃ |
| ၉။ | မသိတာကောင်းတယ် | ၇၁ |
| ၁၀။ | ခွက် | ၈၃ |
| ၁၁။ | တောအကြောင်း တောင်အကြောင်း | ၉၁ |
| ၁၂။ | ဖန်တွတွ | ၁၀၁ |
| ၁၃။ | အမှိုက် | ၁၀၇ |
| ၁၄။ | လူ၊ သိပ္ပံနှင့် ကုသိုလ် အကုသိုလ် | ၁၁၉ |
| ၁၅။ | အရဏ်မတက်မီ | ၁၂၇ |
| ၁၆။ | စကား | ၁၃၅ |
| ၁၇။ | အလွဲမာန၏လားရာကို ဖန်ဆင်းသူ | ၁၄၃ |
| ၁၈။ | အသက်မွေးမြူရမှု | ၁၄၉ |
| ၁၉။ | ကွန်ဖြူးစီးယပ်၏ ကောင်းမြတ်သော အပြုအမူနှင့် သက်ဆိုင်သောအမြင် | ၁၅၇ |
| ၂၀။ | ကွန်ဖြူးစီးယပ်၏ လူနှင့် လူမှုရေးဆိုင်ရာ အတွေးအဆများ | ၁၆၅ |
| ၂၁။ | နှစ်ခါမိုက်ဖို့ ကြိုးစားသူ | ၁၇၃ |
| ၂၂။ | ညီညွတ်ခြင်းနှင့် ငြိမ်းချမ်းခြင်းကိုဖော်ကျူးသူ | ၁၈၃ |
| ၂၃။ | ခေါင်းလောင်းထိုးသူများ | ၁၈၉ |
| ၂၄။ | အကောင်းမြင်ဝါဒီ | ၁၉၇ |
| ၂၅။ | လွတ် | ၂၀၉ |

## နန္ဒာသိန်းဇံ၏ ထုတ်ဝေပြီးစာအုပ်များ

၁။ အတွေးအခေါ်တို့ လွင့်မျောခြင်းနှင့် လူ၏ဆောက်တည်ရာ
(၁၉၈၃)-၄၀၀၉၄၁၀၅၀၉

၂။ ဘဝအဓိပ္ပာယ်နှင့် ဘဝသစ္စာ ၁၉၇၃ - ၃၅/၈၉ (၁)

၃။ ကိုယ်ကျင့်တည်ကြည်ခြင်းနှင့် အဆင့်မြင့်ခရီးစဉ် (၁၉၇၇)-၃၈၀/၈၉ (၈)

၄။ စီးပွားရေးနှင့် စစ်ရေးဗျူဟာ (၁၉၉၂) - ၂၅/၉၂ (၂)

၅။ ခရောင်းလမ်းကို ဖြတ်ကျော်ခြင်း (၁၉၇၉) - ၃၉၄/၈၉ (၈)

၆။ မိတ်ကောင်းဆွေကောင်းနှင့် ခရီးသွားခြင်း (၁၉၈၀)-၄၈၇/၈၈ (၁၁)

၇။ စိတ်အဆင့်ဆင့်မြင့်တက်ခြင်းသဘာဝ (၁၉၇၅) - ၂၁၁/၈၉ (၅)

၈။ အရိမဒ္ဒနမှ တွေးမြင်ရန့်တို့ ဝေ့ပျံနေဆဲ (၁၉၉၅) - ၁၃၆/၉၅ (၃)

၉။ အသွင်သဏ္ဌာန်တို့ နောက်ကွယ်၌ (၁၉၉၃) - ၄၀၈/၉၄ (၇)

၁၀။ ကြာ (၁၉၉၂) - ၄၁၄/၉၁ (၁၀)

၁၁။ မှန်သောစကားကိုဆိုခြင်းနှင့် ပတ်သက်သောမှတ်ချက်များ
(၁၉၈၈) - ၃၉၃/၈၉ (၈)

၁၂။ ထေရဝါဒနှင့် ပတ်သက်သောမှတ်ချက်များ (၂၀၀၁)- ၃၀၂/၂၀၀၀(၅)

၁၃။ တွေးချိန်ချင့်စရာ (၁၉၉၉) - ၁၀၄၈/၂၀၀၁ (၁၀)

၁၄။ နက္ခတ်ဗေဒင်နှင့် မြန်မာ့အတွေးအမြင်အစဉ်အလာ

၁၅။ ဖြေဆည်ရာ (၁၉၈၉) - ၄၂၂/၈၈ (၇)

၁၆။ THROUGH LIFE'S PERILS (1983) - ၁၁၄၈


၁၇။ မနက်ဖြန်များကို ဖြတ်သန်းနေသော စိတ်ကူးများ
(၂၀၀၃) - ၈၆၂/၂၀၀၂ (၁၀)

၁၈။ ပြောရင်းပြောနေမည့် ချစ်ခြင်းမေတ္တာ (၂၀၀၄) - ၃၀၉/၂၀၀၄ (၄)

၁၉။ သမုဒ်ပင်လယ်ပြာ နှိုင်းပမာ (၂၀၀၈) - ၄၀၀၂၄၃၀၃၀၈

၂၀။ နောင်တကင်းရာသို့ … (၂၀၀၉) - ၄၀၀၇၉၇၀၇၀၉

၂၁။ အနေခက်အောင်ကူညီကြသူများ (၂၀၁၁) - ၄၀၀၅၆၄၀၄၁၁



လျှောက်

## 'လျှောက်'

▲

အဲဒီညနေက

လျှောက်လာခဲ့တယ် ---

ဧရာဝတီမြစ်နဒီရဲ့ကမ်းပေါ်က သစ်ပင်တန်းကို ဖြတ်သန်းတိုးဝင်လာတဲ့လေပြေထဲမှာ တမာနံ့တွေသင်းပျံ့ပါလာတာကို သတိထားမိပါတယ်၊ ပြီးတော့-

သူပြောတာကိုလဲ အမှတ်ရလာပါတယ်၊ သူက ကဗျာပညာရှင်ဆိုတော့ ပြောပုံက-----

' သူ --- '

' လျှောက်လာခဲ့တယ် '--- တဲ့။

ကိုယ်ရောစိတ်ရော နွမ်းနွမ်းကြေကြေနဲ့

အကျွမ်းမဝင်တဲ့ ညနေရီမှာ

နေရောင်ကလဲ စိမ်းနေသလားလို့ထင်ရတယ်၊
ရှေ့ကိုလှမ်းကြည့်တော့
ဖြူရော်ရော်လမ်းကလေး ---
ဘယ်ကွေ့ရာက ညာကိုကောက်နဲ့ ---
ဩော်--- ဘယ်ကိုများရောက်ပါလိမ့်၊ ရောက်မှာပါလိမ့် --
လို့တွေးရင်းတွေးရင်း
'မရေမရာဇဝေဇဝါနဲ့သွားရမည့်ခရီးရဲ့
မသေချာတဲ့ ဝေဒနာကိုရင်မှာခံစားလာရတယ်' တဲ့၊
အဲဒီတုန်းကလဲ သူ့ကို ပြောဖူးပါတယ်၊
'ဘယ်ရောက်လဲသိအောင်-ဆက်လျှောက်-' လို့
'ဆက်လျှောက်ကြည့်လိုက်ပါလား'၊ --- လို့၊

▲▲

ဧရာဝတီရဲ့သောင်စပ်ကို ဆင်းလျှောက်လာခဲ့တယ်---

ကိုယ့်ကိုအမြဲလိုလို စီးလိုက်နေတယ်လို့ထင်ရတဲ့ ဖိနပ်ကို ချွတ်ကိုင်ရင်း လှိုင်းတွေပြန်လှည့်ဆင်းသွားတဲ့ သဲသောင်စပ်အတိုင်း လျှောက်တယ်။

နင်းလျှောက်မိတဲ့ သဲကလေးတွေက နူးညံ့ပါတယ်၊ ညက်ညော ပါတယ်။ ပြန်တက်လာတဲ့လှိုင်းကလေးတွေနဲ့ ခြေအချန့် ထိတွေ့တော့ လဲ အေးမြပါတယ်။

လှိုင်းကလေးတွေလာပြီး ခတ်ပေမယ့် သဲသောင်ယံက ဘာ

မှဖြစ်ပုံမပေါ်ပါဘူး။ လှိုင်းကလေးတွေ လာခတ်တာကသိမ်မွေ့နေလို့ ဖြစ်ပါလိမ့်မယ်။

'ဒါပေမယ့်-သိတယ်ဟုတ်၊ ဘဝခရီးတစ်နေရာရာမှာ-ရင်ထဲမှာ သမုဒယလှိုင်းကလေးတွေ ထိခတ်လာပြီဆိုရင်--အဲဒီသမုဒယလှိုင်း ကလေးတွေက နုနုလှလှ၊ ယုယုယယရှိတယ်လို့ထင်ရပေမယ့်--ဘဝ တစ်ခုလုံး ပြိုဆင်းကြေမွသွားနိုင်တယ်---'ဆိုတဲ့ သူ့စကားကို အမှတ်ရ ပြန်ပါတယ်။ သူ့ကို ခတ်တဲ့လှိုင်းက သမုဒယလှိုင်း- - -

တခြားသူတွေကို ခတ်တဲ့လှိုင်းတွေကတော့ အလိုလောဘ လှိုင်းတွေ၊ ဒေါသအာဃာတလှိုင်းတွေနဲ့ အမျိုးအမည်ခြားနားတဲ့ လှိုင်းတွေ---အထိအခတ်ပြင်းတဲ့လှိုင်းမျိုးတွေဖြစ်မှာပေါ့၊ ဖြစ် ချင်ဖြစ်မှာပေါ့၊ ---

▲▲▲

လျှောက်ရင်းလျှောက်ရင်း နောက်ကိုအမှတ်မထင်လှည့် ကြည့်လိုက်မိတယ်----။

'ထိတ်'ခနဲဖြစ်သွားတယ်၊ ရင်ထဲမှာလှိုင်းတွေ တဖျတ်ဖျတ် ခတ်နေသလို ခံစားလိုက်ရတာတော့အမှန်ပဲ---

'လျှောက်နင်းခဲ့တဲ့ငါ့ခြေရာတွေ တစ်ခုမှမရှိတော့ပါလား၊ လျှောက်ခဲ့တာအဝေးကြီး----အဝေးကြီးလျှောက်လာခဲ့တာ--' ဆိုတဲ့ အတွေးနဲ့ 'လျှောက်ခဲ့တဲ့ငါ့ဘဝခရီးက အဝေးကြီး၊ ဒီဘဝခရီးရှည်ကြီး ထဲမှာ ငါ့အတွက် အမှတ်ထင်ထင်မည်မည်ရရဆိုလို့ ဘာမှလဲမရှိ

ပါလား' ဆိုတဲ့အတွေးတွေ ပေါင်းဆုံလိုက်လို့ အထိတ်တလန့်ဖြစ်သွား ခဲ့တာ၊ ရင်ထဲမှာလှိုင်းတွေခတ်နေသလို ခံစားလိုက်ရတာ---


ဟုတ်ပါတယ်၊ ပြန်လှည့်ပြီးတက်လာတဲ့ရေလှိုင်းတွေက- လျှောက်နင်း ခဲ့တဲ့ ကိုယ့်ခြေရာတွေကို ပျောက်ပျောက်ကုန်အောင် ဖျက်ဖျက်သွားခဲ့ ကြတာကိုး။

ဒါပေမယ့်-

ခြေရာတွေပျက်သွား၊ ပျောက်သွားပေမယ့် လျှောက်တဲ့ အထိ တော့ရောက်တာပဲ၊ လျှောက်ရင်တော့လျှောက်နိုင်သလောက်-ရောက် တာပါပဲ၊ ဖိနပ်က အခုမှကိုယ့်ကို တကယ်ခိုစီးပြီး ပါလာတာကိုလည်း သတိထားမိတယ်။

ဒီတစ်ခါတော့ ကိုယ့်ကိုယ်ကိုပြန်ပြီးပြောရတယ်၊ ခြေရာမထင် ခဲ့တာတွေကို ပြန်ကြည့်ပြီး လွမ်းမောရင်းရပ်မနေနဲ့၊ တွေဝေမနေနဲ့၊ လျှောက်ရမည့်နေရာဆီကို "လျှောက်---ဆက်လျှောက်"လို့။

ရှေ့ကိုလှမ်းကြည့်လိုက်တော့ စွေစောင်းနေတဲ့နေခြည်မှာ ရွှေရည်ဝင်းနေတဲ့ မြသလွန်စေတီကို မြစ်ကမ်းပေါ်မှာ နှစ်လိုဖွယ်ရာ ဖူးတွေ့ နေရတာကို အမှတ်ရပါတယ်။




အများအကျိုးရွက်သည်ပိုးက

## အများအကျိုးရွက်သယ်ပိုးက--

▲

'အများကောင်းကျိုးကို ဦးတည်ပြီး ဆောင်ရွက်နေတာပါ' ဆိုသောသူနှစ်ဦးကို တစ်နေ့တည်းတွင်နှစ်ခါကြုံခဲ့ရပါ၏။

ပထမတွေ့သူက အရပ်မြင့်မြင့် သွယ်သွယ်လျလျနှင့် စကားပြောညင်သာသူ ဖြစ်ပါသည်။

သူကဆိုပါသည်။

'သစ်တစ်ပင်ကောင်း၊ ငှက်တစ်သောင်း၊ အပေါင်းကိုယ့်ကြောင့် အေးစေသောဝ်---ဆိုတဲ့စကားရှိတယ်မဟုတ်လားဗျာ၊ ကိုယ့်ကြောင့် အများသူငါ ကောင်းကျိုးရကြတယ်ဆိုရင် ကျွန်တော် ဝမ်းသာရမယ်မဟုတ်လား၊ ဒါပေမယ့်--အများအကျိုးကိုရည်မြှော်ပြီး လုပ်ပေးနေတာကိုပဲ သဘောမပေါက်၊ မသိနားမလည်တဲ့သူတွေက ရှိနေလေတော့ အခက်အခဲတွေနဲ့ ကြုံရတာတွေရှိတာပေါ့၊ ကိုယ့်ကိုမနာလိုဖြစ်လာ

တာတွေ၊ ကိုယ့်လုပ်ငန်းကို ဖျက်လိုဖျက်ဆီးလုပ်တာတွေ၊ ကဖျက်ယဖျက် လုပ်တာတွေ၊ အမနာပပြောတာတွေ---ရှိတာပေါ့ဗျာ၊ ရှိနေတာပေါ့၊ ဒီလိုရှိနေပေမယ့်လဲ ကိုယ်လုပ်ရမယ့်အလုပ်ကိုလုပ်မှာပါ-----

အများအကျိုး၊ ရွက်သယ်ပိုးက ခနိုးခနဲ့ဆိုကဲ့ရဲ့လည်း၊ မရွံ့ မစောင်း၊ မှန်လမ်းကြောင်းဖြင့် စိတ်ကောင်းနှင့်ယှဉ်၊ ရှေးရှုနှင်လေ့- ဆိုတဲ့ အဆုံးအမစကားအတိုင်း ကိုယ်ရည်ရွယ်ထားတဲ့-ပန်းတိုင် အရောက် လျှောက်မှာပါပဲ၊ သွားမှာပါပဲ----'

သူ့စကားသံကိုနားထောင်ရင်း အနှောင့်အယှက် အခက်အခဲ တို့ကိုရင်ဆိုင်ဖို့ 'တင်း'ထားသော သူ၏မာန်ကို မြင်ယောင်၍ရပါသည်။

▲▲

ဒုတိယတွေ့သူကတော့ အရပ်ခပ်ပြတ်ပြတ်၊ ကိုယ်လုံးကိုယ် ထည် ခိုင်ခံ့တောင့်တင်း၍ သူ့စကားသံကလည်းမာကျောသည်။

သူကဆိုပါသည်။

'ခင်ဗျားကြားဖူးတယ်မဟုတ်လား၊ ကယ်ရဗင်လှည်းကြီးက တော့ သွားမြဲပဲ----ဆိုတာလေ'

သူဘာဆက်ပြောမလဲဆိုသည်ကို ကျွန်တော်ကငြိမ်၍ စောင့် သည်။

'ဟိုဗျာ--အမေရိကတိုက်ကို နိုင်ငံပေါင်းစုံကလူတွေလာပြီး အခြေချစဉ်ကာလက မြင်းနှစ်ကောင် - ဒါမှမဟုတ် လေးကောင်ဆွဲတဲ့ ကယ်ရဗင် (Caravan) ပေါင်းမိုးလှည်းကြီးတွေနဲ့ မိသားစုတွေ နယ်မြေသစ်ရှာကြ၊ ပြောင်းကြ၊ ရွှေ့ကြတယ်၊ ရွာတွေတည်ထောင်

မိကြတဲ့အခါမှာလဲ အဲဒီပေါင်းမိုးမြင်းတပ် ကယ်ရဗင်လှည်းကြီးတွေနဲ့ တစ်ရွာဝင်တစ်ရွာထွက် လှည့်ပြီးဈေးရောင်းကြတယ်။

'ဈေးလှည့်ရောင်းတဲ့ ကယ်ရဗင်လှည်းကြီးထဲမှာ သတ္တုပစ္စည်းတွေ၊ အိုးခွက်တွေရော၊ တခြားပစ္စည်းတွေရော အစုံပါတယ်၊ ဒီတော့ ဒီဈေးလှည်းကြီးလာရင်၊ လမ်းကလဲ မကောင်းတဲ့ခေတ်ဆိုတော့--- လှည်းလှုပ်တိုင်း အိုးခွက်တွေအချင်းချင်း တိုက်လို့ထွက်လာတဲ့ ဂလုံ ဂလွမ်အသံတွေရော၊ တခြားအသံတွေရော၊ သံစုံမြည်နေတာပေါ့၊ သံစုံမြည်နေတဲ့ ဒီလှည်းကြီးရွာထဲဝင်လာပြီဆိုရင် ရွာထဲက ခွေးတွေက အဲဒီလှည်းကြီးကိုဝိုင်းပြီး ဟောင်ကြတယ်တဲ့ဗျ၊ ဒီလိုဝိုင်းပြီးဟောင်ကြပေမယ့် လှည်းကြီးကတော့ သူသွားရမယ့်ဆီသွားမြဲပါပဲ--- THE DOGS BARK BUT THE CARAVAN GOES ON. တဲ့၊ ကျွန်တော်လဲ ကျွန်တော်သွားမယ့် ပန်းတိုင်ဆီ သွားမြဲသွားနေတာပါပဲ၊ အများအကျိုး ရှေးရှုလုပ်နေတာဖြစ်ပေမယ့် ဒါကိုသဘောမပေါက် နားမလည်သူတွေက ကျွန်တော့်ကိုဝိုင်းပြီး အပြစ်ပြောကြ၊ သရော်ပြောင်လှောင်ကြ၊ အတင်းအဖျင်းချကြနဲ့----နှောင့်ယှက်လိုက်ကြတာ အများကြီးပါ၊ ဝိုင်းဟောင်ကြတိုင်း လှည်းကြီးကရပ်ရမယ်ဆိုရင် လိုရာအရပ်ကို ဘယ်ရောက်တော့မှာလဲဗျာ၊ သူတို့ကဝိုင်းပြီး သရော်လှောင်ပြောင် အပြစ်ပြောတိုင်းသာ ကျွန်တော်သွားရမယ့်ခရီး၊ လုပ်ရမယ့်အလုပ်ကို ရပ်ရမယ်ဆိုရင်လဲ ပန်းတိုင်ကိုဘယ်ရောက်တော့မှာလဲ၊ လှည်းကြီးကတော့သွားမြဲပင်--ဆိုတာလို ကျွန်တော်လဲသွားရမယ့် ပန်းတိုင်ဆီကို သွားမြဲပါပဲ---'

သူ့စကားသံကမာကျောပါသည်။ ပြတ်သားပါသည်။ သူ့မှာ အားမာန်အပြည့်ရှိနေပုံလည်းပေါ်နေပါသည်။

▲▲▲

အထက်ပါ ပုဂ္ဂိုလ်နှစ်ဦးကို ကျွန်တော်က ကျေးဇူးအထူးတင်ပါသည်။ အဘယ်ကြောင့်ဆိုသော် ထိုသူတို့နှင့်စာလျှင် ဘာမျှမပြောပလောက်သည့်အလုပ်၊ မကြီးကျယ်သည့် အခက်အခဲ အနှောင့်အယှက်ဖြင့် တွေဝေရပ်တန့်နေသော ကျွန်တော့်ကို ထိုနေ့ကတည်းကစ၍ ရှေ့သို့ဆက်သွားဖို့ - သွားမြဲသွားနေဖို့ ထိုသူနှစ်ဦး၏ စကားများက လှုံ့ဆော်တိုက်တွန်းလိုက်ရာ ရောက်ခဲ့သောကြောင့်ပါတည်း။



တစ်ခုသောစာပေစကားဝိုင်းမှအပြန်

## တစ်ခုသောစာပေစကားဝိုင်းမှအပြန်

▲

ဂေါတမဗုဒ္ဓ သက်ရှိထင်ရှားရှိစဉ်အခါက ရဟန်းငါးရာတို့သည် ဘုရားရှင်ထံမှ ကမ္မဋ္ဌာန်းယူ၍ တောသို့ ရဟန်းတရားကို အားထုတ်ကြသည်။ ထိုတောသို့ နံနက်စောစောပွင့်ကြသည့် မုလေးပန်းတို့သည် ညနေသို့ရောက်သောအခါ တဖွဲဖွဲကြွေသည်ကို ရဟန်းတို့ မြင်မိကြသည်။ နောက်တစ်နေ့ နံနက်စောစောသို့ ရဟန်းတို့က မုလေးပန်းတို့ကို "သင်တို့အညှာများမှမကြွေကျမီ ငါတို့သည် ရာဂစသည်တို့မှ ကင်းကွာလွတ်မြောက်အောင်ပြုကြကုန်အံ့" ဟု ပြောဆိုသကဲ့သို့ပြုကာ တရားကို အပြင်းအထန်အားထုတ်ကြသောကြောင့် ရဟန္တာများအဖြစ်သို့ ရောက်သွားကြောင်းကို တစ်ဦးသောသူကပြောသည်။

နောက်တစ်ဦးက ညှိုးရော်သွားသော ပဒုမ္မာကြာပွင့်မှ ပွင့်ဖတ်တို့ ကြွေကျကြပုံကိုမြင်ရာမှ အနိစ္စသဘောကို ထိုးထွင်းသိမြင်ကာ

ပစ္စေကဗုဒ္ဓများ ဖြစ်သွားကြသော ပဒုမ္မဒေဝီမိဖုရား၏ သားငါးရာတို့အကြောင်း ပြောပြီးနောက်၌ ရှင်မဟာသီလဝံသ၏ ပါရာယနဝတ္ထုနှင့် မြန်မာ့ဝတ္ထုရှည်များ ဖြစ်ပေါ်တိုးတက်လာမှုသမိုင်းကို ရှည်လျားစွာ ပြောပါသည်။ ရှည်လျားသောကြောင့် သူပြောပြခြင်းများကို အစီအစဉ်တကျ မမှတ်မိတော့ပါ။ အခြားသူတစ်ဦးက ခုနစ်နှစ်သားအရွယ် သာမဏေငယ်တစ်ပါးသည် ရှင်သာရိပုတ္တရာမထေရ်မြတ်ကြီးနှင့် အတူဇေတဝန်ကျောင်းတော်မှ ဆွမ်းခံရန်ထွက်အလာ လမ်းခရီးတစ်နေရာတွင် လယ်အတွင်းသို့ရေသွင်းရန် ဖေါက်ထားသော ရေမြောင်းအတွင်း၌ ရေတို့ကွေ့၍ကောက်၍ တန်း၍တွန်း၍ တိုး၍စီးဆင်းနေသည်ကို မြင်တွေ့ရသောအခါ ထိုစီးဆင်းနေသောရေ၌ စိတ်ရှိပါသလားဟု ရှင်သာရိပုတ္တရာမထေရ်မြတ်အား မေးလျှောက်ကြောင်း၊ ရှင်သာရိပုတ္တရာမထေရ်မြတ်ကြီးက ရေ၌ စိတ်မရှိကြောင်း ပြောသောအခါ သာမဏေငယ်သည် ‘စိတ်မရှိသောရေကိုပင်လျှင် လိုရာအရပ်သို့ သယ်ယူနိုင်ပါက စိတ်ရှိသောငါသည် ငါ့ဘဝကို အရဟတ္တဖိုလ်အရောက် အဘယ်ကြောင့်မဆောင်ယူနိုင်သူ ဖြစ်ရမည်နည်း၊ ဆောင်ယူနိုင်သူဖြစ်ရမည်သာ’ ဟု အားမာန်သတ္တိ ရရှိသွားသောကြောင့် ရှင်သာရိပုတ္တရာမထေရ်မြတ်အား ခွင့်ပန်၍ ဇေတဝန်ကျောင်းသို့ ပြန်သွားကာတရားအားထုတ်ကြောင်း၊ ထိုနေ့မှာပင် အရဟတ္တဖိုလ်သို့ ဆိုက်ရောက်သွားကြောင်း ပြောပြသည်။ မဂ်ဆိုက်ရာ၌ ဖြစ်ပေါ်သော စိတ်သဘာဝအကြောင်းများကိုလည်း အလေးအနက်ပြောသည်။

ထို့နောက် အခြားသူတစ်ဦးက ဘာမဟုတ်သည့်ဖြစ်ရပ် တစ်ခုကြောင့် သူနေခဲ့ရာမြို့ကလေးမှ သူဌေးတစ်ဦး မည်ကဲ့သို့ စိတ်နေသဘောထားများ ပြောင်းလဲသွားသည်ကိုပြောသည်။ ထိုသူဌေးမှာ ချမ်းသာသလောက်စေးနည်းသူဖြစ်သည်။ အလှူအတန်းလည်း မပြု၊ သူ့ပတ်ဝန်းကျင်ကလူများနှင့်လည်း အဆက်အဆံမပြု၊ ထိုသူဌေး၏ဇနီးကွယ်လွန်သောအခါ သင်္ချိုင်းသို့လိုက်ပါပို့ဆောင်သူ မရှိသလောက်ပင်ဖြစ်သည်။ တစ်နေ့ ထိုသူဌေးသည် အိမ်အပေါ်ထပ်မှ လမ်းဆီသို့ မျှော်ကြည့်နေခိုက် လမ်းဘေးသစ်ပင်တစ်ပင်မှ ဆွေးမြေ့နေသော သစ်ကိုင်းတစ်ကိုင်း ကျိုးကျသွားသည်ကို မြင်လိုက်သည်။ မြေပေါ်သို့ ထိုသစ်ဆွေးကိုင်းကျသောအခါ နှစ်ပိုင်းသုံးပိုင်းထပ်၍ ကျိုးသွားသည်။ မကြာမီ-လမ်းလျှောက်လာသော မိန်းမတစ်ဦးက ထိုကျိုးနေသော သစ်ဆွေးပိုင်းတို့ကို ထင်းအဖြစ်သုံးရန် သယ်ဆောင်သွားသည်ကို တွေ့ရသည်။

'သစ်ပင်ဟာ ကျေးငှက်တွေစားဖို့အတွက် အသီးကိုပေးတယ်၊ လူတွေအတွက် နားခိုရန်အရိပ်ကိုပေးတယ်၊ သစ်ပင်ရဲ့ ဆွေးမြေ့နေတဲ့ သစ်ကိုင်းကတောင် ထင်းအဖြစ်နဲ့အသုံးချနိုင်အောင် အကျိုးပြုလိုက်သေးတယ်။ ငါကတော့ လူဖြစ်ပါလျက်နဲ့ လူတွေအတွက် ဘာကောင်းကျိုးမှ မပြုမိပါလား' ဤအတွေးများ ဖြစ်ပေါ်လာပြီး သူဌေး၏ စိတ်နေသဘောထားများ ပြောင်းလဲသွားသည်ဟုဆိုပါသည်။ ထင်းဆွေးချောင်းက မိမိဘဝအမြင်ကို ပြောင်းလဲပေးခဲ့ကြောင်း ထိုသူဌေးက မကြာခဏ ပြောပြသည်ဟု ဆိုပါသည်။ ထင်းဆွေးချောင်း ကျိုးကျလာခြင်းဖြစ်

ရပ်က ထိုသူဌေးကို အလျှုအတန်းရက်ရောသော၊ ကလေးသူငယ်များ၏ ပညာရေးအတွက် အထူးကြောင့်ကြစိုက်၍ ကူညီဆောင်ရွက်သော သူအဖြစ်သို့ ရောက်သွားအောင် အထောက်အကူပေးခဲ့ခြင်းဖြစ် ကြောင်းပြောပြသည်။ ထို့နောက်-နှလုံးသွင်းဆင်ခြင် ခြင်းတရားယောနိ သောမနသိကာရအကြောင်းနှင့် နှလုံးသွင်း ဆင်ခြင်ရာ၌ ဖြစ်နိုင် သောဇောများ၊ ဝီထိများအကြောင်းကို လေးနက်စွာပြောပြပါသည်။ သူ့စကားတို့ကိုလည်း လေးနက်လွန်း၍ မလိုက်နိုင် ဖြစ်ရပြန်ပါသည်။

သူတို့ သူတို့တွေ၏ စကားများအနက်မှ မုလေးပန်းများ၊ ကြွေ ကျလာသော ကြာပွင့်ဖတ်များ၊ ရေမြောင်းနှင့် ထင်းဆွေးချောင်းကိုတော့ အမှတ်ရပါသည်။ သစ်ဆွေးချောင်းအကြောင်းကို ပြောပြသော နောက် ဆုံးလူ၏စကားကို နားထောင်နေရင်းမှ အရိပ်၌နေ၍ သစ်စိမ်းခက် များကို ချိုးနေသောသူများအကြောင်း တွေးမိနေသည်ကိုလည်း သတိ ရပါသည်။




ပြန်လည်ကောက်ယူရသောအရာ

# ပြန်လည်ကောက်ယူရသောအရာ

▲

၁၉၉၃-ခု၊ ဒီဇင်ဘာလနောက်ဆုံးပတ်က၊ မန္တလေးမီးရထားစာကြည့်တိုက်အသင်းက ကြီးမှူးကျင်းပသော စာပေဟောပြောပွဲသို့ သွားခဲ့ပါသည်။ ဟောပြောကြသည့်သူများကတော့ဆရာဦးအောင်သင်း၊ ဆရာဖေမြင့်နှင့် ကျွန်တော်။

မျှော်လင့်မထားဘဲနှင့် ဟောပြောပွဲတွင် ဆရာကြီးငွေဉဒေါင်းနှင့် ဆုံတွေ့ရပါသည်။ ဆရာကြီးငွေဉဒေါင်းက တောင်ကြီးမှဆင်းလာပြီး မန္တလေးတွင် အချမ်းခိုနေခြင်းဖြစ်ပါသည်။ ကျွန်တော်တို့ ဟောပြောသည်ကို ဆရာကြီးက လာရောက်အားပေးချီးမြှင့်ခြင်းဖြစ်သည်ဟု ဆိုပါသည်။ ဆရာကြီးနှင့် တွေ့ရခဲ့သဖြင့် ဟောပြောပွဲမစမီ စကားတွေ အများကြီး ပြောဖြစ်နေပါသည်။ ရှေးခေတ်က သတင်းစာများနှင့် မဂ္ဂဇင်းဂျာနယ်များအကြောင်း၊ ထိုခေတ်စာပေသမားများ၏ ဘဝ

အခြေအနေများအကြောင်းကို ဆရာကြီးကပြောပြသည်။ ထို့နောက် ဆရာကြီးပီမိုးနင်း အကြောင်းပြောပြပြန်သည်။

'ဆရာကြီးပီမိုးနင်းက ဆရာ့ကို ကောင်အိုလေး၊ ကောင်အိုလေး လို့ ချစ်စနိုးခေါ်တတ်တယ်၊ သူ့ဆီကို စာမူသွားသွားယူရတော့ ဆရာနဲ့ သူက ခဏခဏ တွေ့ရတယ်၊ တစ်နေ့မှာ စိတ်ပျက်စရာတွေ၊ စိတ်ညစ်စရာတွေနဲ့အတူ သူ့ဆီရောက်သွားတယ်၊ စိတ်ပျက်လက်ပျက်နဲ့ ထိုင်နေတဲ့ဆရာ့ကို ဆရာပီမိုးနင်းက 'ကောင်အိုလေး၊ ဘာဖြစ်လာတာလဲ' လို့ မေးတယ်၊ ဆရာက 'စိတ်ဓာတ်ကျသွားတယ်' လို့ လွှတ်ခနဲပြောလိုက်မိတယ်၊ အမှန်ကတော့ အဲဒီလိုပြောဖို့မဟုတ်ပါဘူး၊ အဆင်မပြေတာတွေနဲ့ ကြုံလာခဲ့လို့ စိတ်ပျက်လက်ပျက် ထိုင်နေတာလို့ ပြောရမှာပါ၊ ဒါပေမယ့် လွှတ်ခနဲထွက်သွားတဲ့စကားကို တုံ့ပြန်ပြီး ပြောလိုက်တဲ့ ဆရာပီမိုးနင်းရဲ့စကားက သိပ်ကောင်းနေတယ်။ သူကဘာပြောသလဲ ဆိုတော့ 'ဟဲ့ကောင်အိုလေးရဲ့၊ ကျသွားရင် ပြန်ကောက်ယူထား၊ အဲဒါပျောက်လို့တော့မဖြစ်ဖူး၊ ဘယ်နေရာမှာမှ မလျှော့ဘူးဆိုတဲ့ စိတ်ဓာတ်ရှိနေတာဟာ ရတနာသိုက်ကိုဖွင့်တဲ့ 'သော့' ကိုရနေတာလိုပဲ၊ ရတနာတွေရရင် ကိုယ်လိုချင်တာကို ရနိုင်တာပဲ၊ အဲဒီသော့ကိုတော့ ကျမပျောက်စေနဲ့၊ ကျသွားရင် ပြန်ရှာပြီးပြန် ကောက်ထား' တဲ့၊ ဟုတ်တယ်၊ မလျှော့ဘူးဆိုတဲ့စိတ်ဓာတ်ရှိနေမှ လောကီအလုပ်ရော၊ လောကုတ္တရာအလုပ်တွေမှာပါ အောင်မြင်နိုင်တာ၊ အဲဒီစိတ်ဓာတ်ကျသွားပြီ၊ ပျောက်သွားပြီဆိုရင်တော့ ဘယ်နေရာမှာမှ မအောင်မြင်တော့ဘူး၊ စိတ်ဓာတ်ကျသွားရင် လူမှာရောဂါတွေပါရပြီး ဘဝဆုံးတော့တာပဲ'


## တွေးချိန်ချင့်စရာ

ဆရာကြီးငွေဥဒေါင်းက ကျန်းမာရေးအတွက် မည်ကဲ့သို့ စိတ်ဓာတ်မကျအောင် မိမိနေခဲ့ပုံအကြောင်းများကို ဆက်ပြောပြသည်။ ထို့နောက် လူတွေကပေးလာသည့် အနှောင့်အယှက်များကြောင့် စိတ်ဓာတ်ကျရပုံများအကြောင်းကို စကားဆက်မိကြပြန်သည်။

' မိမိကိုယ်ကျိုးဆိုလို့ လုံးဝမပါဘဲ အများအကျိုးအတွက် သက်သက် သယ်ပိုးရွက်ဆောင်နေတဲ့ ဂေါတမဗုဒ္ဓမှာတောင် နှောင့်ယှက်ဖျက်ဆီးသူတွေက အများကြီး၊ အဟန့်အတားလုပ်သူတွေ၊ အပြစ်ပြောသူတွေ၊ ဦးပြည်းယုတ်ရဟန်းဆိုပြီး ဆဲဆိုသူတွေလဲ အများကြီးပဲ၊ ဒီလိုနှောင့်ယှက်လာလို့၊ မကောင်းပြောလာလို့ ဂေါတမ မြတ်စွာဘုရားဟာ သူ့ရဲ့ဗုဒ္ဓကိစ္စတွေ၊ အလုပ်တွေကို မလုပ်ဘဲ ရပ်တံ့မသွားပါဘူး၊ လေးဆယ့်ငါးဝါကာလပတ်လုံး လုပ်ရမယ့်အလုပ်တွေ၊ ဗုဒ္ဓကိစ္စတွေကို လုပ်ဆောင်ရင်း နိဗ္ဗာန်တိုင် လှမ်းလျှောက်ကြွမြန်း သွားတာပဲ၊ ကိုယ်ကျိုးကြည့်မှုမကင်းသေးတဲ့၊ အတ္တစွဲမကုန်သေးတဲ့ ငါလိုဘာမှ မဟုတ်တဲ့ ပုထုဇဉ်မှာ အနှောင့်အယှက် အဟန့်အတားတွေ တွေ့ရတာဟာ အဆန်းမဟုတ်ပါဘူး၊ ဒီအနှောင့်အယှက်တွေကြောင့် ကိုယ်လုပ်ရမှာ ကိုယ်သွားရမှာကို ရပ်တံ့တွန့်ဆုတ်မသွားစေရဘူး၊ စိတ်ဓာတ်ကျမသွားစေရဘူးလို့ ဆရာလည်း အကြိမ်ကြိမ်ဆင်ခြင် နှလုံးသွင်းခဲ့တာပဲ၊ စိတ်ဓာတ်ကျကျသွားတာတွေ ရှိတာပေါ့၊ ဒါပေမယ့် ဆရာပီမိုးနင်း သတိပေးတဲ့အတိုင်းပဲ ကျသွားတာကို ပြန်ကောက်ရတာပဲ'-ဟု ဆရာက ပြောပြနေပါသည်။

ဆရာကြီးငွေဥဒေါင်းပြောပြသော အထက်ပါစကားများကို ခဏခဏ မကြာမကြာ ကျွန်တော်အမှတ်ရနေပါသည်။ အမှန်ပင် ခဏခဏ အမှတ်ရကြားယောင်နေပါသည်။ အကြိမ်ကြိမ်ကျ၍ သွားသော ကျွန်တော့်စိတ်ဓာတ်ကို အကြိမ်ကြိမ်၊ ခဏခဏပြန်၍ရှာ ပြန်၍ကောက် ယူနေရသောကြောင့် ဖြစ်ပါလိမ့်မည်။

အကျကောင်း



## အကျကောင်း

▲

ထိုနေ့က --------

ရန်ကုန်တက္ကသိုလ်ဝင်းအတွင်း 'မြကျွန်းသာ' လက်ဖက်ရည်ဆိုင်၏ ညာဘက် သစ်ပင်မျိုးစုံတို့၏အောက်၌ ခင်းထားသော ခုံပုပုကလေးများတွင်ထိုင်ကာ လက်ဖက်ရည်သောက်ရင်း ဝေးမိဝေးရာဝေး၍ တွေးမိတွေးရာတွေးနေခိုက် လက်ပံပင်ပေါ်မှ လက်ပံပွင့်တစ်ပွင့်ကျွန်တော်တို့ရှေ့ရှိ စားပွဲပေါ်သို့ကျလာသည်။

ကျလာသော လက်ပံပွင့်က ဆက်ရက်ကောင်တွေ၏ အထိုးအဆိတ်ကိုခံရသောကြောင့် မကြွေချင်ဘဲ ကြွေကျလာခြင်းလည်းဖြစ်နိုင်သည်။ ကြွေချိန်တန်၍ ကြွေကျလာခြင်းလည်း ဖြစ်နိုင်သည်။ 'ဘာပဲဖြစ်ဖြစ် သူ့ပွင့်ချပ်တွေ မကျိုးမပဲ့တာကိုထောက်ရင် အကျနာပုံမပေါ်ပါဘူး' ဟု တစ်ယောက်ကဆိုပါသည်။ ထိုအခါ တစ်ယောက်က

'နာလို့ကျလာတာ မဖြစ်နိုင်ဘူးလားဗျ' ဟု ဝင်၍ ပြောရာမှ နာ၍ကျခြင်းနှင့် ကျ၍နာခြင်း၊ မနာ၍မကျခြင်းနှင့် ကျတိုင်းလည်း မနာခြင်းများအကြောင်း ရောက်သွားပြီး ရယ်သံများလည်း ပေါ်လာသည်။ စကားဝိုင်းက သက်ဝင်လှုပ်ရှားသွားသည်။

'အထက်တန်းကျတယ်' ဆိုသောစကားမှ 'ကျ' နှင့် 'အောက်တန်းကျတယ်' ဟူသောစကားရှိ 'ကျ' တို့ မတူပုံ၊ 'စိတ်ဓာတ်ကျတယ်' ဆိုသော စကားမှ 'ကျ'နှင့် 'အားကျတယ်' ဟူသောစကားမှ 'ကျ' တို့ မတူပုံကို ပြောနေကြသည်။ 'အားကျစေချင်လွန်းလို့' ဆိုသော စကားရှိ 'ကျ' သည် အင်အား 'ကျ' စေချင်လွန်းလို့ ဟူသောသဘောကို ညွှန်းဆိုခြင်း မဟုတ်ကြောင်းကိုလည်း ပြောနေကြသည်။ 'သူ့ကိုကျအောင်ပြောနိုင်သည်' ဟူသောစကားမှ 'ကျ'၊ 'သဘောကျသည်' ဟူသော စကားမှ 'ကျ'၊ 'တရားကျသည်' ဟူသောစကားမှ 'ကျ' တို့ အကြောင်းကိုလည်း ပြောနေကြသည်။ 'လူသည် လူမဟုတ်တော့ဘဲ အရာဝတ္ထုအဖြစ်သို့ လျှောကျသွားသည်' ဟူသောစကားရှိ 'ကျ' အကြောင်းကိုလည်း ပြော နေကြသည်။ 'သူတို့အလိုကျ လုပ်နေကြရသည်' ဟူသောစကားမှ 'ကျ' အကြောင်းကိုလည်း အကြာကြီးပြောနေကြသည်။

တစ်ဦးက 'ကျခြင်း' ဆိုသည်မှာ မကောင်းသည့်အနက်-အဓိပ္ပါယ်ရှိကြောင်း စကားစလိုက်သောအခါ အခြားသူတစ်ဦးက 'ကျ' ပါတိုင်း မကောင်းသောအဓိပ္ပါယ်၊ မကောင်းသောသဘောကိုမဆောင်ယူကြောင်း၊ 'ငွေတန်ဖိုးကျတယ်' ဆိုသောစကားမှ 'ကျ' သည် မကောင်း

သောသဘောကို ဆောင်သော်လည်း 'ကုန်ဈေးနှုန်း ကျတယ်' ဆိုသော စကား၊ 'ရန်သူတွေ အမြောက်အမြားကျတယ်' ဆိုသောစကားများရှိ 'ကျ'တို့မှာမူ ကောင်းသောသဘောကို ဆောင်ယူကြောင်း ချေပနေပါသည်။

ထို့နောက် သိပ္ပံပညာရှင် အာခေးမီးဒီးနှင့် လျှံကျလာသော ရေအကြောင်းကို အခြားတစ်ဦးက စကားစသည်။ သူပြောပုံဆိုပုံကို နားထောင်ရသည်မှာ သူနှင့် အာခေးမီးဒီးက အလွန်ရင်းနှီးကျွမ်းဝင်သော မိတ်ဆွေများဖြစ်ခဲ့သည်ဟု ထင်မှတ်စဖွယ်ဖြစ်နေပါသည်။

သူက . . . . .

"ဟီအာရိုက ဆာရာကျူး Syracuse မှာ ဘုရင်အဖြစ်ကိုရတော့ သူကိုးကွယ်တဲ့ နတ်ဒေဝါကို ထားခဲ့တဲ့ကတိအတိုင်း ရွှေသရဖူ ဆက်သ ချင်နေတယ်၊ ဒါနဲ့ ရွှေပန်းတိမ်ဆရာတစ်ဦးကို ခေါ်ပြီးတော့ သရဖူ လုပ်ဖို့ ရွှေလိုသလောက် ချိန်ပေးလိုက်တယ်ဗျ၊ ပန်းတိမ်ဆရာကလည်း ရွှေချိန်နဲ့အညီပဲ သရဖူလုပ်ပြီး ဘုရင်ကိုဆက်တယ်၊ ဘုရင့်လက် သရဖူ ရောက်လို့မှ ဘာမှမကြာသေးဘူး၊ ပန်းတိမ်ဆရာ ရွှေခိုးထားတယ်ဆိုတဲ့ စကားတွေ ထွက်ပေါ်လာတယ်၊ ပန်းတိမ်ဆရာဟာ ရွှေကိုခိုးယူပြီးတော့ ရွှေအစား ငွေကိုထည့်ပြီး သရဖူလုပ်ပေး လိုက်တယ်ဆိုတဲ့ စွပ်စွဲချက် စကားတွေပေါ့ဗျာ၊ ဒီစကားတွေကြားတော့ ဘုရင်ကလဲ ပန်းတိမ်ဆရာ အပေါ် သံသယဖြစ်တယ်။ ဒါပေမယ့် ရွှေခိုးပုံက သေသေသပ်သပ် ဆိုတော့ ပန်းတိမ်ဆရာ ရွှေခိုးပုံကို ဘယ်သူမှ တပ်အပ်သေချာမသိဘူး

ဖြစ်နေတယ်။ ဒါနဲ့ဘုရင်ဟီအာရိုက အာခေးမီးဒီးကိုခေါ်ပြီး ပန်းတိမ်ဆရာ ရွှေခိုးမခိုး၊ စစ်ဆေးဖို့ သရဖူကိုပေးလိုက်တယ်။

အာခေးမီးဒီးကအချိန်အတော်ကြာ မဖြေရှင်းနိုင်ဘဲ ဖြစ်နေတယ်၊ တစ်နေ့-အာခေးမီးဒီးဟာ ရေချိုးမယ်လို့ ရေစည်ထဲမှာ ကိုယ်ကိုနှစ်လိုက်တဲ့အခါမှာ ကိုယ်ဟာရေအောက်ကို နှစ်လေလေ လျှံကျလာတဲ့ရေအတိုင်းအဆဟာ များလေလေဖြစ်တာကို တွေ့ရတယ်။ ဒီမှာပြောချင်တာက 'ရေလျှံကျ' လာတယ်ဆိုတဲ့ ဖြစ်ရပ်ဟာ အာခေးမီးဒီးကြိုးစားဖြေရှင်းနေတဲ့ ပြဿနာအတွက် အထောက်အကူရသွားတယ်ဆိုတာကို ပြောချင်လို့ပါ၊ 'ရေလျှံကျ' ဆိုတဲ့ စကားထဲက 'ကျ' ဟာ ပြဿနာပြေလည်ဖို့ သူ့ခေတ်မှာ ထိပ်တန်းရောက် ပညာရှင်ဘဝရောက်ဖို့ဖြစ်ခဲ့တယ် ဆိုတာကိုလည်း ပြောချင်လို့ပါ-သိတယ်မဟုတ်လား၊ အာခေးမီးဒီးဟာ ရေလျှံကျခြင်းကိုကြည့်ပြီး ဝမ်းသာလွန်းလို့အဝတ်ဝတ်ဖို့တောင် သတိမရတော့ဘဲ၊ ဗလာကိုယ်ထီးနဲ့ 'သိပြီ၊ သိပြီ' ဆိုပြီး လမ်းတစ်လျှောက်ပြေးသွားတယ်'။ သူသိသွားတဲ့အသိတရားက အရည်တွင်နှစ်သော အရာဝတ္ထု၏ လျော့သွားသောအလေးချိန်သည် အရာဝတ္ထုကဖယ်ထုတ်သော အရည်၏အလေးချိန်နှင့်တူညီသည်' ဆိုတဲ့ သိပ်သည်းခြင်းနှင့်ဆိုင်တဲ့ ဥပဒေသကို သိသွားတဲ့အသိတရားပဲ"

သူကဆက်၍----

အာခေးမီးဒီးသည် မည်ကဲ့သို့လက်တွေ့စမ်းသပ်၍ သရဖူလုပ်စဉ်က ပန်းတိမ်ဆရာ အမှန်ပင်ရွှေခိုးထားကြောင်း သက်သေပြပုံကို ပြောပြနေပါသည်။


အထက်ပါ သူ့စကားအဆုံးတွင် အခြားတစ်ဦးက သစ်သီးတစ်လုံးကြွေကျခြင်းသည် လောကသဘာဝတို့ကို အလေးအနက်စဉ်းစားနေသော နယူတန်အား ကမ္ဘာ့ဆွဲအားနိယာမကို ဖော်ထုတ်ရန်အထောက်အကူဖြစ်ခဲ့ကြောင်း ဝင်၍ပြောပြန်သည်။ 'ကျ' တဲ့အရာဟာ နယူတန်အတွက်တော့ အကျကောင်းဖြစ်သွားတယ်။ ကျတဲ့အရာတွေ Falling bodies ဟာ ဘာလို့ကျကြသလဲဆိုတာ ဖြေရှင်းနိုင်တဲ့အသိကို ရခဲ့တာပေါ့ဗျာ' ဟုလည်း ဆိုပါသည်။

ဤတွင်အခြားသူတစ်ဦးက 'ခင်ဗျားတို့ပြောတဲ့ 'ကျ' တဲ့အကြောင်းတွေထဲမှ ကျွန်တော်ကလည်း ကျတဲ့အကြောင်းတစ်ခုကို ပြောဦးမယ်' ဟု စကားစပါသည်။

'ဗုဒ္ဓစာပေမှာ ဥတ္တိယမထေရ်ဆိုတာရှိတယ်။ သူ့မှာ ရောဂါဝေဒနာ၊ ဖိစီးလာဟန်တူပါတယ်၊ တစ်နေ့ပြီးတစ်နေ့ သူ့ကျန်းမာရေးဟာ တိုးတက်လာဟန်မရှိဘူး၊ ကျ-ကျလာပုံပေါ်ပါတယ်၊ ဒီလို ကျ-ကျလာတဲ့အခါမှာ သတိရမှုဖြစ်လာတယ်တဲ့၊ ဘယ်လို သတိရမှုလဲဆိုတော့ 'ငါ့မှာ မကျန်းမမာရောဂါဝေဒနာသည် ဖြစ်လာခဲ့ပြီ။ ဤရောဂါဖြင့်ပင် သေခြင်းသို့ ရောက်ကောင်းရောက်နိုင်သည်။ ထို့ကြောင့် ယခုငါသည် 'ဘဝလွတ်မြောက်ရေးအတွက်' ရှုမှတ်အားထုတ်မှု မရှိဘဲ မေ့လျော့နေဖို့အချိန်မဟုတ်၊ အမှန်အားဖြင့် မမေ့မလျော့ဘဲ မပြတ်မလတ် ရှုမှတ်အားထုတ်သွားရမည့် အချိန်အခါပေတည်း၊ ဤသို့ နှလုံးသွင်းဆင်ခြင်၍ အမှတ်ရမှုသတိသည် ဖြစ်တည်ခဲ့လေသည်' တဲ့၊ 'ဥတ္တိယမထေရ်ဟာ သူ့စကားအတိုင်းပဲ မပြတ်မလပ်အားထုတ်လို့ လွတ်

မြောက်ရေးတရားကို ရသွားခဲ့တယ်၊ ဥတ္တိယမထေရ် စကားဟာ ကျွန်တော့် အတွက်တော့ ကျန်းမာရေးတွင်သာမကပါဘူး၊ သိက္ခာတွေ၊ အသိပညာ တွေ၊ အခြားနေရာတွေမှာလဲပဲပေါ့၊ ကျလာရင် ကျလာတာ တွေရှိရင် အဲဒီကျလာတာတွေကနေ မြန်မြန်လွတ်အောင်ကြိုးစားအား ထုတ်ဖို့ သတိပေးနေရာရောက်လို့ အဲဒီရှင်ဥတ္တိယမထေရ်ရဲ့စကားကို ခဏ၊ ခဏရွတ်ဆိုမိပါတယ်’ ဟုဆိုပါသည်။ ပါဠိဘာသာဖြင့်လည်း အထက်ပါ ဥတ္တိယမထေရ်၏ စကားကို သူကရွတ်ဆိုပါသည်။ ပါဠိစာပေ မကျွမ်း ကျင်မှုကြောင့် သူ၏ရွတ်ဆိုမှုကို မမှတ်မိနိုင်ခဲ့ပါ။

နေကျလာပြီဖြစ်၍ ကျွန်တော်တို့စကားဝိုင်းကိုသိမ်း၍ ပြန်ကြပါ သည်။ ခပ်လှမ်းလှမ်းသို့ရောက်မှ ကြွေကျလာခဲ့သော လက်ပံပွင့်ကို ပြန်၍လှမ်းကြည့်မိသည်ကိုလည်း သတိရနေပါသည်။




သား

## ဆား

▲

အစားကောင်း စားရသောအခါများ၌ မိမိချစ်ခင်မြတ်နိုးသော သူကိုအမှတ်ရသည်ဟူသော အဆိုရှိသည်။

သို့ရာတွင် သူကတော့---

တစ်ခါတစ်ရံ ဟင်းလျာကောင်းကိုစားရသောအခါ အမတ်ကြီးဦးပေါ်ဦးကို အမှတ်ရတတ်သည်ဟု ဆိုပါသည်။

ဖွတ်ဥ၏အရသာသည် ကောင်းမွန်လှကြောင်း လျှောက်ထားခဲ့သော အမတ်ကြီးဦးပေါ်ဦးကို အချိန်ကာလကြာလာခဲ့ပြီဖြစ်၍ မေ့လောက်ပြီဟူသောအထင်ဖြင့် တစ်နေ့တွင် ဘိုးတော်မင်းတရားက 'ဟဲ့ပေါ်ဦး၊ သူ့ချည်းပဲလား' ဟုမေးရာ အမတ်ကြီးဦးပေါ်ဦးက မဆိုင်းမတွဘဲ 'ဆားကလေးနဲ့ပါဘုရား' ဟု လျှောက်တင်လိုက်သည်ဟုဆိုပါသည်။ အမတ်ကြီးဦးပေါ်ဦးက 'ဆား' ကို မမေ့၊ ဖွတ်ဥကိုယ်တိုင်က

မည်မျှကောင်းစေ၊ ဆားကလေးနှင့် တွဲဖက်စားပါမှပို၍ အရသာရှိကြောင်းကိုလည်း အမတ်ကြီးကမမေ့။

အထက်ပါအကြောင်းကို ပြောပြသူအား အခြားတစ်ဦးက ဖွတ်ဥနှင့်ဆားအကြောင်းကို ပြောကြသူများမှာ-ဘိုးတော်မင်းတရားနှင့် ဦးပေါ်ဦးမဟုတ်ကြောင်း၊ အမတ်ကြီးဦးပေါ်ဦး ဆိုသူမှာ သမိုင်းတွင် တကယ်ရှိခဲ့သူမဟုတ်ကြောင်း၊ ပညာရှင်တစ်ဦးဦးက 'ဦးပေါ်ဦး'ဟူသော ဇာတ်ကောင်ကိုထွင်၍ သူပြောလိုရာရာတို့ကို ဦးပေါ်ဦးပါးစပ်ကိုငှား၍ ပြောခြင်းသာဖြစ်ကြောင်း၊ အကိုးအကားများဖြင့် ပြောပါသည်။ ဤတွင် အခြားသူတစ်ဦးက 'သမိုင်းထဲမှာ ဦးပေါ်ဦးအမှန်တကယ်ပါ၊ မပါဆိုတာ အရေးမကြီးပါဘူး၊ အရေးကြီးတာက အစားအစာဟင်းလျာမှာ သင့်တင့်မျှတတဲ့ ဆားပါဖို့ကတော့ အမှန်ပဲမဟုတ်လား'ဟု ဝင်၍ ပြောပါသည်။ ထိုအခိုက်အခြားသူတစ်ဦးက---

'ဆားမရှိလဲ စားလို့ရတဲ့၊ စားလို့ကောင်းတဲ့ အစားအစာတွေ ရှိပါသေးတယ်ဗျာ၊ ဒါပေမယ့် မြင့်မြတ်တဲ့လူမျိုးတစ်မျိုး၊ မြင့်မြတ်တဲ့ တိုင်းပြည်တစ်ပြည်ဖြစ်ဖို့ကတော့ ဆားမရှိလို့မဖြစ်ဘူး' ဟုဆိုပါသည်။

ထိုသို့ဆိုပြီးနောက် စကားဝိုင်းတွင်ရှိနေသော သူများ၏ မျက်နှာတို့ကို လိုက်၍ကြည့်ပါသည်။ ထိုသို့ကြည့်ရင်းမှ 'ခင်ဗျားတို့က ကျွန်တော်ဆိုလိုတဲ့ 'ဆား' ကို နားလည်မှာမဟုတ်ဘူး၊ ကျွန်တော်ရှင်းပြဦးမယ်' ဟုဆိုကာ အောက်ပါအတိုင်း အဖြစ်အပျက်ကို ပြောပါသည်။

▲▲

အခါတစ်ပါးတွင် ဂေါတမမြတ်စွာဘုရားသည် သာဝတ္ထိပြည် အနာထပိဏ်သူဌေးလှူဒါန်းသော ဇေတဝန်ကျောင်း၌ သီတင်းသုံးလျက်ရှိသည်။ ထိုအချိန်၌ ရှင်သာရိပုတ္တရာနှင့် ရှင်မဟာမောဂ္ဂလာန်တို့က ရာဇဂြိုလ်ပြည်၊ ဝေဠုဝန်ကျောင်း၌ ရောက်ရှိနေကြသည်။ ရှင်သာရိပုတ္တရာသည် ညချမ်းအခါ တစ်ပါးတည်းကိန်းအောင်းရာမှထလျက် ရှင်မဟာမောဂ္ဂလာန်နှင့်အတူ ဝမ်းမြောက်ဝမ်းသာ နှုတ်ဆက်ပြောဆိုသည်။ ထိုသို့ နှုတ်ဆက်ပြောဆိုပြီး၍ တစ်ခုသောနေရာ၌ ထိုင်ပြီးနောက် အရှင်မဟာမောဂ္ဂလာန်ကို---

" ငါ့ရှင်မောဂ္ဂလာန်၊ သင်၏ဣန္ဒြေတို့သည် ကြည်လင်လှပါကုန်သည်။ မျက်နှာအဆင်းသည်လည်း စင်ကြယ်ပါသည်။ ဖြူစင်တောက်ပလျက်လည်းရှိပါသည်။ ယနေ့ ငါ့ရှင်မောဂ္ဂလာန်သည် အဘယ်သို့သော ငြိမ်သက်သောနေခြင်းဖြင့် နေပါသနည်း' ဟုမေးမြန်းသည်။

ထိုအခါ အရှင်မဟာမောဂ္ဂလာန်က မိမိသည် ထူးထူးခြားခြား ဈာန်သမာပတ်ကို ဝင်စား၍နေခဲ့ခြင်း မရှိပါကြောင်း၊ သာမန်နေခြင်းမျိုးနှင့်ပင် နေခဲ့ခြင်းဖြစ်ပါကြောင်း၊ သို့ရာတွင် မိမိသည် ဂေါတမမြတ်စွာဘုရားနှင့် တရားစကားပြောဆိုခဲ့သော အဖြစ်အပျက် ရှိခဲ့ပါကြောင်း ပြောသည်။ ထိုသို့ဆိုသောအခါ အရှင်သာရိပုတ္တရာက-

" ငါ့ရှင်မောဂ္ဂလာန်၊ မြတ်စွာဘုရားသည်ဝေးလှ၏။ ယခုအခါ မြတ်စွာဘုရားသည် သာဝတ္ထိပြည် ဇေတဝန်ကျောင်း၌ နေတော်မူခြင်းဖြစ်ပါသည်။ အသို့ပါနည်း။ ငါ့ရှင်မောဂ္ဂလာန်က မြတ်စွာဘုရားထံသို့

တန်ခိုးဖြင့် သွားရောက်ပါသလား၊ သို့တည်းမဟုတ် မြတ်စွာဘုရားက ငါ့ရှင်မောဂ္ဂလာန်ထံသို့ တန်ခိုးဖြင့်ကြွရောက်လာခြင်းပါလား ' ဟု မေးပါသည်။ ထိုအမေးကို ရှင်မဟာမောဂ္ဂလာန်က--

' ငါ့ရှင်သာရိပုတ္တရာ၊ ငါသည် မြတ်စွာဘုရားထံသို့ တန်ခိုးဖြင့် မသွားရောက်ပါ၊ မြတ်စွာဘုရားကလည်း ငါ့ထံသို့ တန်ခိုးဖြင့် ကြွတော်မူလာသည်မဟုတ်ပါ။ စင်စစ်သော်ကား ငါသည် အကြြင်မျှလောက်သော အပိုင်းအခြားဖြင့် မြတ်စွာဘုရားကိုမြင်နိုင်၏။ မြတ်စွာဘုရား၏ အသံတော်ကိုကြားနိုင်၏။ ထိုမျှလောက်အပိုင်းအခြားဖြင့် ဒိဗ္ဗစက္ခု၊ ဒိဗ္ဗသောတဓာတ်သည် စင်ကြယ်၏။ မြတ်စွာဘုရားကလည်း အကြြင်မျှလောက် အပိုင်းအခြားဖြင့် ဒိဗ္ဗစက္ခု၊ ဒိဗ္ဗသောတဓာတ်သည် စင်ကြယ်၏' ဟု ဆိုသည်။ ထိုသို့ဆိုသောအခါ ရှင်သာရိပုတ္တရာက---

' ငါ့ရှင်၊ မြတ်စွာဘုရားနှင့် အဘယ်သို့သော တရားစကားကို ပြောဆိုကြပါသနည်း ' ဟုမေးသည်။

'ငါ့ရှင်သာရိပုတ္တရာ၊ ငါကမြတ်စွာဘုရားကို 'အရှင်ဘုရား၊ ထက်သန်သောလုံ့လရှိသူ ဟူ၍ဆိုရာ၌ အဘယ်မျှလောက်ဖြင့် ထက်သန်သောလုံ့လရှိသူ ဖြစ်ပါသနည်း' ဟု မေးလျှောက်ပါသည်။ ထိုသို့ မေးလျှောက်သောအခါ မြတ်စွာဘုရားက 'မောဂ္ဂလာန်၊ ဤသာသနာတော်၌ ရဟန်းသည် စင်စစ် အရေ၊ အကြော၊ အရိုးသာ ကြွင်းကျန်ပါစေ၊ ကိုယ်၌ အသွေးအသား ခမ်းခြောက်ပါစေ၊ ယောကျာ်း၏အစွမ်း၊ ယောကျာ်း၏ လုံ့လအားထုတ်မှုဖြင့် ရောက်အပ်သော အရဟတ္တဖိုလ်သို့ မရောက်ဘဲ လုံ့လ၏ရပ်တန့်ခြင်းသည် မဖြစ်လတ္တံ့ဟု ထက်သန်သော

လုံ့လရှိသူဖြစ်၍နေ၏။ မောဂ္ဂလာန်၊ ဤသို့ဖြစ်နေသောသူသည် ထက်သန်သော လုံ့လရှိသူဖြစ်သည် 'ဟု မိန့်တော်မူပါသည်။ 'ငါ့ရှင်၊ ဤသို့လျှင် မြတ်စွာဘုရားနှင့်ငါ တရားစကားပြောဆိုမှုသည် ဖြစ်ပါသည်'ဟု ဆိုသည်။

ထိုသို့ဆိုသောအခါ ရှင်သာရိပုတ္တရာက---

'ငါ့ရှင်မောဂ္ဂလာန်၊သေးငယ်သောကျောက်စရစ်ခဲကို ဟိမဝန္တာတောင်ကြီး၏အနီး၌ ချထားသကဲ့သို့ အကျွန်ုပ်တို့သည် ငါ့ရှင်မောဂ္ဂလာန်ကဲ့သို့သော ကြီးကျယ်သူ၏အနီး၌ သေးငယ်သောကျောက်စရစ်ခဲသဖွယ် ဖြစ်နေပါ၏။ ငါ့ရှင်မောဂ္ဂလာန်သည်ကား ကြီးကျယ်သောတန်ခိုးရှင် ဖြစ်ပါပေ၏။ ကြီးကျယ်သော အာနုဘော်ရှိပါပေ၏' စသည်ဖြင့်ရှင်မဟာမောဂ္ဂလာန်၏ တန်ခိုးကြီးကျယ် မြင့်မြတ်မှုကို ချီးမွမ်းစကားပြောဆိုပါသည်။

ထိုအခါ ရှင်မဟာမောဂ္ဂလာန်ကလည်း ရှင်သာရိပုတ္တရာအား-

'ငါ့ရှင်သာရိပုတ္တရာ..အနည်းငယ်သော ဆားပွင့်-ဆားခဲငယ်ကလေးသည် ကြီးကြယ်သောဆားအိုးကြီး၏ အနီး၌ထားသကဲ့သို့ ငါသည်လည်း ပညာအရာ၌ ကြီးကျယ်မြင့်မြတ်လှသည့် ငါ့ရှင်သာရိပုတ္တရာ၏အနီး၌ ဆားပွင့်ငယ်သဖွယ် ဖြစ်နေပါသည်။ ငါ့ရှင်သာရိပုတ္တရာကို မြတ်စွာဘုရားကိုယ်တော်တိုင်က 'အကြင်ရဟန်းသည် တစ်ဖက်ကမ်းနိဗ္ဗာန်သို့ရောက်၏။ ထိုရဟန်းသည် ဤတစ်ဖက်ကမ်းနိဗ္ဗာန်သို့ ရောက်ရှိသာလျှင်ဖြစ်၏။ သာရိပုတ္တရာသာလျှင် ပညာဖြင့်

လည်းကောင်း၊ သီလဖြင့်လည်းကောင်း၊ ငြိမ်သက်ခြင်းဖြင့် လည်းကောင်း၊ ထိုတစ်ဖက်ကမ်း နိဗ္ဗာန်သို့ရောက်သော ရဟန်းဟူသမျှ ထက်မြတ်၏ဟု ချီးမွမ်းထောပနာပြုခဲ့ပါသည် ' ဟု တုံ့ပြန်၍ ချီးမွမ်းစကားဆိုပါသည်။

▲▲▲

အထက်ပါအကြောင်းအရာကို ပြောပြီးသောအခါ သူကဆားသည် ပညာဉာဏ်၏သင်္ကေတ၊ အကျင့်သီလမြင့်မြတ်မှု၏ သင်္ကေတ၊ ငြိမ်သက်တည်ကြည်လေးနက်ခြင်း၏ သင်္ကေတ ဖြစ်ခဲ့ဟန်တူကြောင်း သုံးသပ်ပြပါသည်။

သူကဆက်၍---


' အနောက်တိုင်းစာပေတွေမှာလည်း ဆားကိုဉာဏ်ပညာရဲ့ သင်္ကေတအဖြစ် ဒါမှမဟုတ် လေးနက်စွာ တွေးတောချင့်ချိန်ခြင်း၏ သင်္ကေတအဖြစ် သုံးနှုန်းဖော်ပြတာမျိုးတွေ ရှိတယ်၊ ဥပမာ - Take it with a grain of salt. ဆိုရင် အသေအချာချင့်ချိန်တွေးဆပြီးမှယုံ ဆိုတဲ့သဘောနဲ့ ဖော်ပြတာပဲ၊ ပြီးတော့ The salt of the earth ဆိုတာ မြေကြီးရဲ့ဆားလို့ ဆိုလိုတာမဟုတ်ဘူး၊ ကိုယ်ကျင့်တရားမြင့်မြတ်သူ၊ ပညာထက်မြက်သူ၊ အများအတွက် အကျိုးရှိစေတဲ့သူလို့ ဆိုလိုတာဖြစ်တယ်လို့ထင်တယ်၊ ကျွန်တော် အခုပြောချင်တဲ့ဆားက ဘာသာတရားနဲ့ဆိုင်တဲ့ မြင့်မြတ်လွန်းတဲ့ ဆားအမျိုးအစားမဟုတ်ပါဘူး၊ လောကီနဲ့ဆိုင်တဲ့ လူ့လောကနဲ့ဆိုင်တဲ့ ဆားအမျိုးအစားပါ၊ ဒါကြောင့်

မြင့်မြတ်တဲ့လူမျိုးတစ်မျိုး၊ တိုင်းပြည်တစ်ပြည်ဖြစ်ဖို့ 'ဆား' မရှိလို့ မဖြစ်ဘူးလို့ပြောခဲ့တာဟာ လောကီဆိုင်ရာ ပညာဉာဏ်ထက်မြက်သူ၊ ကိုယ်ကျင့်တရားမြင့်မြတ်သူ၊ စိတ်ထားငြိမ်သက် တည်ကြည်မှုရှိသူတွေ မရှိလို့မဖြစ်ဘူးလို့ ဆိုလိုတာပဲ။ ဟုတ်တယ်၊ မြင့်မြတ်တဲ့လူမျိုး၊ မြင့်မြတ်တဲ့တိုင်းပြည်ဖြစ်ဖို့ ဆားလိုတယ်၊ ဆားမရှိလို့ကိုမဖြစ်ဘူး' ဟု ဆားလိုအပ်ချက်အကြောင်း ထပ်ကာထပ်ကာဆိုနေပါသည်။

ကိုယ်တိုင်က ဆားမစစ်၍လား၊ သို့မဟုတ် ဆားဖြစ်ရန် ကြိုးစား ထိုက်သည်ဟု အလေးအနက်တွေးနေကြ၍လားမသိ၊ ကျန်လူများအားလုံးက ဆားလိုအပ်ကြောင်း ထပ်၍ထပ်၍ပြောနေသူ၏ စကားဆုံးသွားသော်လည်း ဆက်၍ငြိမ်သက်စွာထိုင်နေကြပါသည်။

**ဝန်ခံချက်။**

'ဆားစကားဝိုင်း' အတွက် အစားအသောက် ပြင်ဆင်ပေးရသူ၏ ပြောပြချက်မှဖြစ်ပါသည်။




အကြိမ်ကြိမ်တို့အကြောင်း

## အကြိမ်ကြိမ်တို့အကြောင်း

▲

သူတို့၏ စကားအစပိုင်းကို ကျွန်တော်မမီလိုက်ပါ။ သူတို့စကားဝိုင်းတွင် ကျွန်တော်ဝင်ထိုင်လိုက်ပြီးနောက်မှ ကြားရသောသူပြောပြနေသည့် အကြောင်းအရာမှာ မန္တလေးမြို့၊ မဟာမြတ်မုနိဘုရားပရဝုဏ်အတွင်းရှိ ရခိုင်ကုလားရုပ်ကြီးများအကြောင်း ဖြစ်ပါသည်။

ရခိုင်ကုလားရုပ်ကြီးများဟု ခေါ်ကြသော်လည်း စင်စစ် ထိုအရုပ်ကြီးများသည် ကြေးသတ္တုဖြင့် ထုထုထဲထဲသွန်းလုပ်ထားသော ဗိသျှနိုးနတ်ရုပ်ကြီးများ ဖြစ်ကြသည်။ ထိုအရုပ်ကြီးများသည် ဘိုးတော်ဘုရားလက်ထက် ရခိုင်မှရောက်လာကြခြင်းဖြစ်သည်။ ဝမ်းနာရောဂါ ရှိသောသူများသည် ထိုအရုပ်ကြီးများ၏ ချက်ကိုနှိုက်လျှင် ရောဂါပျောက်သည်ဟုဆိုသဖြင့် မြန်မာပြည်အရပ်ရပ်မှ ရောက်လာကြသော ဘုရားဖူး

များအနက် ဝမ်းနာရောဂါပျောက်ချင်သူတို့က ထိုကြေးရုပ်ကြီး များ၏ ချက်ကို လက်ဖြင့်နှိုက်ကြပွတ်ကြသည်။ ဝမ်းနာရောဂါ ပျောက်ချင်သူ ရှေ့လူတွေလိုပင် ဝမ်းနာရောဂါပျောက်ချင်သူ နောက်လူများကလည်း သူတစ်လက်ငါတစ်လက် ထိုကြေးရုပ်ကြီးတို့၏ ချက်ကို အဆက်ဆက် ပွတ်ခဲ့၊ နှိုက်ခဲ့ကြသည်။ လက်ဖြင့်ပွတ်ရုံ နှိုက်ရုံမျှဖြင့် ထိုအရုပ်ကြီး တွေဘာမျှမဖြစ်နိုင်ဟု ရှေ့ရှေ့က နှိုက်ခါစ ပွတ်ခါစလူတွေ ထင်မိခဲ့ ကြမည်။ သို့ရာတွင်---

ထူထည်းမာကျောသော ကြေးသတ္တုပင် ဖြစ်သော်ငြားလည်း နှစ်ကာလကြာရှည်စွာ အဆက်ဆက်အခါခါ အကြိမ်ကြိမ်အဖန်ဖန် ပွတ်ခဲ့ နှိုက်ခဲ့မှုကြောင့် ယခုအခါတွင် ထိုကြေးရုပ်ကြီးများ၏ ချက်တွေ၊ ဟောင်းလောင်းပေါက်နေကြပြီ၊ အရုပ်ကြီးတွေမှာ ဗိုက်ပေါက်ကြီးတွေ နှင့် ဖြစ်နေကြပြီ၊ ထိုမျှမကသေး အရုပ်ကြီးတို့၏ မျက်စိကိုပွတ်လျှင်၊ မျက်စိရောဂါပျောက်သည်ဟု မည်သူကစပြောခဲ့သည်မသိ၊ မျက်စိကို လည်း စဉ်ဆက်ပွတ်ခဲ့ကြရာ ယခုအခါ ထိုအရုပ်ကြီးများ၏ မျက်စိများ လည်း ပေါက်ကုန်ကြပြီဟု သူကပြောနေပါသည်။ သူကဆက်၍ ဓမ္မပဒ မှ ပါဠိဂါထာအချို့ကို ရွတ်ဆို၍ မြန်မာဘာသာသို့ ပြန်ဆိုပြသည်။

'အနည်းငယ်သော မကောင်းမှုသည် ငါ့အား အကျိုးသက် ရောက်လာမည်မဟုတ်ဟု မကောင်းမှုကို မထီမဲ့မြင်မထင်မှတ်ရာ၊ အထင်မသေးရာ၊ မိုးရေပေါက်တို့ အကြိမ်ကြိမ်ကျဖန်များသောအခါ ရေအိုးကြီးသည်ပင် ပြည့်လျှံသွားသကဲ့သို့ မိုက်သောသူတို့သည် အနည်း

ငယ်၊ အနည်းငယ်မျှသောမကောင်းမှုကို ပြုဖန်များသောအခါ မကောင်းမှုဖြင့် ပြည့်လေတော့၏'။

'အနည်းငယ်သော ကောင်းမှုသည် ငါ့အား အကျိုးသက်ရောက်လာမည်မဟုတ်ဟု ကောင်းမှုကို မထီမဲ့မြင်မထင်မှတ်ရာ၊ အထင်မသေးရာ၊ မိုးရေပေါက်တို့ အကြိမ်ကြိမ် ကျဖန်များသောအခါ ရေအိုးကြီးသည်ပင် ပြည့်လျှံသွားသကဲ့သို့ ပညာရှိသည် အနည်းငယ် အနည်းငယ်မျှသော ကောင်းမှုကို ဆည်းပူးဖန်များသောအခါ ကောင်းမှုဖြင့် ပြည့်လေတော့၏'။

အထက်ပါ ဂါထာပိုဒ်များအကြောင်း ရှင်းပြပြီးနောက် သူက ဆက်၍-

အမေရိကန်ပြည်ထောင်စု ကင်တပ်ကီ Kentucky နယ်ရှိ ထုံးကျောက်ကုန်းမြင့်များမှ ဂူများအကြောင်း၊ နယူးမက်ဆီကိုရှိ ပေ-၄၀၀၀ခန့် ရှည်လျားသော ပေ-၃၀၀ခန့် မြင့်သော ပေ-၆၀၀ခန့်မျှ ကျယ်သော ကားလ်စဗတ် Carlsbad Cavern ထုံးကျောက်လိုဏ်ဂူအကြောင်း၊ ထို့နောက် မြန်မာပြည် ပင်းဒယမြို့နားက ထုံးကျောက်လိုဏ်ဂူများအကြောင်း၊ ထိုထို လိုဏ်ဂူများအတွင်း၌ အဆန်းတကျယ် ပုံသဏ္ဍာန်မျိုးစုံ ဖြစ်ပေါ်နေသော ကျောက်စက်ပန်းဆွဲ၊ ကျောက်စက်မိုးမျှော်တို့ ရှိကြကြောင်း၊ ထုံးရေ (ကယ်လ်စီယမ်ဟိုက်ဒရောဆိုက်)စက်တို့တစ်ပေါက်ပေါက် အထပ်ထပ် အကြိမ်ကြိမ်ကျရာမှ နှစ်ကာလကြာရှည်လာသောအခါ ထုံးများတဖြည်းဖြည်းစုပုံခြင်းဖြင့် ထိုသို့ကျောက်စက်

ပန်းဆွဲ၊ ကျောက်စက်မိုးမျှော်တို့ ဖြစ်လာကြခြင်းဖြစ်ကြောင်း ပြောနေပြန်သည်။

ရခိုင်ကြေးရုပ်တုကြီးတွေ ဝမ်းပေါက်၊ မျက်စိပေါက်၊ ဖြစ်ရခြင်းသည် မဖြစ်စလောက်ဟု ထင်ရသော ထိမှုပွတ်မှုတို့ အကြိမ်အရေအတွက် များစွာဖြစ်ခြင်းကြောင့်ဖြစ်သည်။ ကျောက်စက်ပန်းဆွဲ၊ ကျောက်စက်မိုးမျှော်တို့ အဆန်းတကျယ် ဖြစ်ရခြင်း၌လည်း မဖြစ်စလောက်ဟုထင်ရသော ထုံးရေစက်ကျခြင်းတို့ အကြိမ်အရေအတွက် များစွာဖြစ်ခြင်းကြောင့်ဖြစ်သည်။ မဖြစ်စလောက်တို့ အကြိမ်ကြိမ်ဖြစ်သောအခါ ဖြစ်လောက်သွားကြသည်။ ကြီးကြီးကျယ်ကျယ်တွေ ဖြစ်သွားကြသည်ဟု သူကဆိုသည်။


'အကျင့်'ဟူသော စကားကို 'ဆင်တူစွာဖြစ်ပေါ်သော အပြုအမူ'ဟု ယာယီအားဖြင့် ဖွင့်ဆိုချင်သည်။ 'အကျင့်ဘာကြောင့်ဖြစ်လာသလဲ' ဟူသောအမေးကို 'ဆင်တူသောအပြုအမူများကို ထပ်တလဲလဲ အကြိမ်ကြိမ် ပြုမူမိသောကြောင့် ဖြစ်လာသည်' ဟု ဖြေချင်ပါသည်ဟုလည်း သူကပြောနေသည်။

မဖြစ်လောက်ဘူးဟု ထင်ရသော အပြုအမူကို အကြိမ်ကြိမ် ထပ်တလဲလဲပြုမိရာက နောင်တစ်ချိန်၌ ထိုအပြုအမူကို မပြုရလျှင် မနေနိုင်လောက်သောအဖြစ်မျိုးသို့ ရောက်သွားသည်။ ထိုအဖြစ်မျိုးသို့ ရောက်သွားခြင်းကိုပင် 'အကျင့်စရိုက်'ဟုခေါ်နိုင်သည်။ အကျင့်သည် အကြိမ်ကြိမ်ကျင့်မိသောကြောင့် ဖြစ်လာသည်ဟုလည်း လွယ်လွယ် ပြောနိုင်သည်။ စည်းနှင့်ကမ်းနှင့် အိပ်တတ်စားတတ်သည့်အကျင့်၊

ပစ္စည်းပစ္စယတို့ကို စနစ်တကျ ထားတတ်သိုတတ်၊ ကိုင်တွယ်တတ်သည့် အကျင့်၊ ဣန္ဒြေနှင့် ပြောတတ်ဆိုတတ် ဆက်ဆံတတ်သောအကျင့်၊ ဣန္ဒြေနှင့် ခြေလက် လှုပ်ရှားတတ်သောအကျင့်၊ ဣန္ဒြေနှင့် ကြည့်တတ်ရှုတတ်သော အကျင့်တို့ကို အကြိမ်ကြိမ်ကျင့်ယူလျှင် ရသည်။ အချိန်မှန်မှန် စာပေလေ့လာကျက်မှတ်သောအကျင့်၊ ဘုရားရှိခိုးသောအကျင့် တရားထိုင်သောအကျင့်တို့ကိုလည်း ကျင့်ယူ၍ရသည်။ အခြား အခြား အကျင့်ကောင်းတို့ကိုလည်း ကျင့်ယူလျှင်ရနိုင်သည်။ မကောင်းသည့် အကျင့်ဆိုးများသည်လည်း အကြိမ်ကြိမ်ကျင့်မိသောကြောင့် လူ၌ဖွဲ့စည်းဖြစ်ပေါ်သွားခြင်းဖြစ်သည်။ မဖြစ်လောက်ပါဘူးဆိုပြီး အရက်ဆေးလိပ်တို့ကိုတစ်စတစ်စသောက်ရာက အကြိမ်များလာသောအခါ မသောက်ရမနေနိုင်သောအကျင့်တို့ ဖြစ်ပေါ်သွားသည်။ အခြား အခြား မကောင်းသောအကျင့်တို့ ဖြစ်ပေါ်ပုံသည်လည်း ထိုနည်းအတိုင်းပင်ဖြစ်သည်။ အကျင့်စရိုက်တို့သည် ယခုဘဝ၌သာမဟုတ် နောင်ဘဝ ဘဝတို့သို့တိုင်အောင် အထုံဝါသီအဖြစ် လိုက်ပါဖြစ်ပေါ်ကြကြောင်း ဖော်ပြသည့် စာပေအထောက်အထားတွေ ရှိသည်ဟုဆိုကာ အရှင်သာရိပုတ္တရာနှင့် ပိလိန္ဒဝစ္ဆမထေရ်တို့ကို အထုံဝါသီများ မည်ကဲ့သို့လိုက်ပါခဲ့ပုံကို သူက ရှည်လျားစွာပြောသည်။ ဂေါတမ မြတ်စွာဘုရားမှာမူ ကိလေသာတို့ စင်ကြယ်သည့်အရာ၌ အကျင့်စရိုက် အထုံဝါသီဖြစ်ပေါ်မှု ဟူသမျှမှလည်း ကင်းဝေးစင်ကြယ်တော်မူကြောင်း သူကပြောပြနေပါသည်။

အလုပ်ကိစ္စတစ်ခုအတွက်သွားဖို့ရန် အချိန်ရောက်လာသောကြောင့် မပြီးဆုံးသေးသောစကားဝိုင်းမှ ထလာခဲ့သောအခါ၊ ကျွန်တော့်

ခန္ဓာကိုယ်က အကျင့်စရိုက်ဆိုးတွေ အမြောက်အများ သိုမှီးထားမှုကြောင့် လေးလံလျက်ရှိသည်ဟု ခံစားမိပါသည်။ အကြိမ်ကြိမ် လွှင့်ပစ်ထုတ်ပစ်ရမည့် အကျင့်တွေက အများကြီးပါလား ဟူသောအတွေးဖြင့် စိတ်တွေရှုပ်ထွေးလာပါသည်။ သို့ရာတွင် 'မိမိမကောင်းသည်ကို မကောင်းဘူး'ဟု သိသောသူသည် 'မိမိမကောင်းသည်ကို မကောင်းဘူးဟု မသိသောသူထက်တော့ သာပေသေးသည်' ဟူသောစကားဖြင့် ကြံကြံဖန်ဖန် ကိုယ့်ကိုယ်ကို ဖြေဆည်ရာရှာရင်း လျှောက်လှမ်းခဲ့ရသည့် ထိုနေ့ကအဖြစ်ကို အမှတ်ရလျက်ရှိနေပါသည်။



ဆူးပုံနှင်းသူများ

## ဆူးပုံနင်းသူများ

▲

Fatalism ဟူသောစကားလုံးကို 'ကြမ္မာဝါဒ' ဟုပြန်ဆိုရမည်လား၊ ထိုသို့ပြန်ဆိုရာ၌ ပါဠိစကားလုံးတွေ ပါနေသောကြောင့် လွယ်လွယ်ကူကူ နားမလည်နိုင်၊ 'အကြွင်းမဲ့ပြဋ္ဌာန်းခံဝါဒ' သို့မဟုတ် 'ကြိုတင်စီစဉ်ခံဝါဒ' ဟုဆိုရင်ကော-----။ ဤသို့သူနှင့် ကျွန်တော် ပြောကြရင်းမှ ဆမ်းမားဆက်မော်မ်ရေးသည့် Appointment in Summara ဝတ္ထုတိုလေးအကြောင်း စကားစပ်မိကြသည်။ ဝတ္ထုတိုမှာ အောက်ပါကဲ့သို့ ဖြစ်ပါသည်။

▲▲

ဘဂ္ဂဒက်မြို့နေ ကုန်သည်ကြီးတစ်ဦးက သူ၏အစေခံကို ဈေးသို့ ဈေးဝယ်လွှတ်လိုက်သည်။ မကြာခင်ပင် အစေခံက မျက်နှာ

ဖြူပတ်ဖြူလျော်ဖြင့် ပြန်ရောက်လာသည်။ ကြောက်ရွံ့ထိတ်လန့်နေသောအစေခံက ကုန်သည်ကြီးကို 'သခင်--ကျွန်တော်ဈေးထဲရောက်တော့ လူအုပ်ထဲမှာ အမျိုးသမီးတစ်ဦးကို ဝင်တိုက်မိတယ်-လှည့်ကြည့်လိုက်တော့ သေမင်းဖြစ်နေတာကို တွေ့ရပါတယ်-သူကလည်းကျွန်တော့်ကို စူးစူးဝါးဝါး ပြန်ကြည့်နေတာကို တွေ့ရပါတယ်။ သူနဲ့ပြန်ပြီးရင်ဆိုင်တွေ့ရမှာကို ကြောက်လှပါတယ်။ သူနဲ့ဝေးရာကို ပြေးသွားပုန်းအောင်းနေချင်ပါတယ်။ ကျွန်တော့်ကို သခင်ရဲ့ အပြေးကောင်းတဲ့မြင်းဟာစ်ကောင်ကို ငှားပါခင်ဗျာ၊ ကျွန်တော် အသက်ဆက်ရှင်ဖို့ သေမင်းရှာမတွေ့နိုင်တဲ့ ဟိုး----အဝေးကြီးမှာရှိတဲ့ 'ဆမ်မာရာ'ကို ပြေးပါမယ်'---ဟုပြောသည်။

ကုန်သည်ကြီးက အပြေးအမြန်ဆုံးမြင်းကို သူ့အစေခံကို ပေးလိုက်သည်။ မြင်းရလျှင်ရချင်း အစေခံသည် မြင်းပေါ်သို့တက်၍ အပြင်းစိုင်းသွားလေသည်။

ကုန်သည်ကြီးသည် ကိုယ်တိုင်ပင် ဈေးထဲသို့ထွက်လာခဲ့သည်။ ဈေးသို့ရောက်သောအခါ လူအုပ်ထဲ၌ရပ်နေသော သေမင်းကိုတွေ့ရ၍ အနားသို့ရောက်အောင် လျှောက်သွားပြီးနောက်--

'မနက်တုန်းက ကျုပ်အစေခံကို ခင်ဗျားက စူးစူးဝါးဝါးကြည့်ပြီး ဘာကြောင့် ခြိမ်းခြောက်လိုက်တာလဲ'-ဟုမေးသည်။

ထိုအခါ သေမင်းက ကုန်သည်ကြီးကို--

'ခြိမ်းခြောက်လိုက်တာမဟုတ်ပါဘူး-စူးစူးဝါးဝါးကြည့်တာကလဲ ကျွန်ုပ် သိပ်ကိုအံ့သြလွန်းလို့ကြည့်တာပါ-ကျွန်ုပ်က သူ့ကို ဘဂ္ဂဒက်မှာ

တွေ့လိုက်ရတော့ အတော့်ကိုကျေနပ်သွားပါတယ်---ဘာကြောင့်လဲ ဆိုတော့ ဒီနေ့ည 'ဆမ်မာရာ'မှာ သူနဲ့ကျွန်ုပ် စာရင်းရှင်းကြဖို့ ချိန်းထားလို့ပါပဲ' ဟု ပြန်ပြောလေသည်။

▲▲▲

ဝတ္ထုကြောင်းဆုံးသွားသောအခါ သူက "မသေချင်လို့မှ အဝေးကြီးမှာရှိတဲ့နေရာကို သွားပုန်းပါတယ်--သူပုန်းတဲ့နေရာက သူ့အတွက် သေစာရင်းရှင်းမည့်နေရာကြီး ဖြစ်နေပါရော့ဗျာ-ဖြစ်မှ ဖြစ်ရလေ၊ ဒီဝတ္ထုကနေပြီး ရလာနိုင်တာကတော့ 'သေနေ့စေ့ရင် သေမှာဘဲ၊ အစေခံအတွက်ကတော့ သေညစေ့လို့သေရမှာပဲ၊ သေခြင်း တရားနဲ့မတွေ့အောင်ဘယ်လိုပဲရှောင်ပြေးပြေး-ဘယ်လိုပဲပုန်းပုန်း သေချိန်တန်ရင်တော့ သေမှာပဲဆိုတဲ့ အယူအဆကို ရနိုင်တယ်လို့ ထင်တယ်။

လူတစ်ဦးဟာ သေနေ့စေ့ရင်သေဖို့၊ သေချိန်ကျရင် သေဖို့ ကြိုတင်ပြဋ္ဌာန်းခံ ရပြီးသားဖြစ်တယ်၊ ဒါတင်မကသေးဘူး၊ ဘယ်အချိန်မှာ အောင်မြင်မယ်၊ ဘယ်အချိန်မှာကျရှုံးမယ်၊ ဘယ်အချိန်မှာ ချမ်းသာမယ်၊ ဘယ်အချိန်မှာဆင်းရဲမယ်စတဲ့ ဘဝဖြစ်ရပ်တွေဟာလည်း လူတစ်ဦးအတွက် ကြိုတင်ပြဋ္ဌာန်းပြီးသား ဖြစ်တယ်။ အဲဒီ လူသတ္တဝါတွေအပေါ် ကြိုတင်ပြဋ္ဌာန်းခြင်းအမှုကို ပြုလုပ်သူကတော့ ဖန်ဆင်းရှင်၊ တန်ခိုးရှင်ဖြစ်တယ်လို့ ယူဆတဲ့လူတွေရှိတယ်။ အဲဒီလူတွေရဲ့ အယူအဆ၊ အဲဒီလူတွေရဲ့အယူဝါဒကို Fatalism လို့ခေါ်ရင် ပိုပြီး မှန်မယ်ထင်တယ်၊ အိန္ဒိယမှာရှိခဲ့တဲ့ အခုလည်းရှိနေတဲ့ ဂိုဏ်းဝါဒီတွေဟာလည်း ကြိုတင်

ပြဋ္ဌာန်းခြင်းအယူဝါဒကို လက်ခံသူတွေပါပဲ-ဒါပေမယ့် ကြိုတင်ပြဋ္ဌာန်းပေးသူ ဖန်ဆင်းရှင်၊ တန်ခိုးရှင်ဆိုတာကိုတော့ လက်မခံဘူး၊ ကံကြမ္မာက သာလူသတ္တဝါတွေကို ကြိုတင်ပြဋ္ဌာန်းမှုပြုတယ် လို့ခံယူတယ်။ သေနေ့စေ့လို့သေရခြင်းနဲ့ အခြားဘဝဖြစ်ရပ်မှန်သမျှဟာ အတိတ်ဘဝကံကြောင့်ချည်းဖြစ်ရတာလို့ သူတို့ကယူဆတယ်။ ဒါကြောင့် စောစောက Fatalism နဲ့တစ်ထေရာတည်းတော့မတူဘူး။ . . .


"ကျွန်တော်က ကြိုတင်ပြဋ္ဌာန်းခံဝါဒတွေကို တွေးကြည့်တယ်၊ လူဟာ သေနေ့စေ့လို့သေတယ်ဆိုရင် သေနေ့ကိုမရောက်မီစပ်ကြားမှာ လုပ်ချင်တာတွေလုပ် မသေနိုင်ဘူးဆိုတဲ့သဘော သက်ရောက်နေတယ်၊ စားချင်တာစား၊ အဆိပ်ပဲသောက်မိ သောက်မိ၊ သွားချင်တာသွား၊ တောင်ထိပ်ပေါ်ကပဲကျကျ မသေဘူးလို့ယူဆရမလိုဖြစ်နေတယ်။

'မလုပ်သင့်တာလုပ်မိ၊ မစားသင့်တာစားလို့၊ ပြီးတော့ ရာသီဥတုနဲ့ ဆီလျော်အောင်မနေတတ်လို့ သေနေ့မစေ့ခင် သေတာမျိုးတွေလဲ ရှိနိုင် ဖြစ်နိုင်တယ်လို့ ကျွန်တော်ထင်တယ်။ ကျွန်တော်တို့ မြန်မာစကားပုံလဲ အရှိသားပဲ၊ ' ကံကိုယုံ၍ ဆူးပုံမနင်းရာ'တဲ့။ ကံကိုယုံပြီး ဆူးပုံပေါ်ကိုတက်နင်းလို့ကတော့ဗျာ ဆူးစူးရုံပဲရှိပေမပေါ့' ပြီးတော့--

'အတိတ်ကံရဲ့ပြဋ္ဌာန်းမှုအလျောက် တိုးတက်မှု၊ အောင်မြင်မှုဖြစ်ရမယ်ဆိုရင်လဲ ဘာမှမလုပ်ဘဲ အောင်မြင်တိုးတက်မှုကို ထိုင်စောင့်နေဖို့ပဲရှိသလိုဖြစ်နေတယ်၊ သိတယ်မဟုတ်လား--တအိပ်တည်း အိပ်နေတဲ့ ခြင်္သေ့ကြီးရဲ့ခံတွင်းထဲကို ဘယ်သားကောင်မှ အလကားဝင်မလာဘူးတဲ့၊ သားကောင်ရချင်ရင် ခြင်္သေ့ဟာ အိပ်ရာကထတော့ ထရမှာပဲ-

ကဲ ကျုပ်လဲလုပ်စရာရှိသေးတယ် ထဦးမယ်' ဟု ဆိုကာ လက်ဖက်ရည်ဝိုင်းမှ သူကထပါသည်။

ထို့နောက် သူက လျှောက်လှမ်းမည့်ခြေထောက်ကို ခေတ္တတုံ့ပြီးနောက်--'ခင်ဗျားတို့ရဲ့ Fatalism က ကျွန်တော့်ကို ထမင်းမကျွေးနိုင်ဘူးဗျ--စိတ်ကိုလဲချမ်းမြေ့အောင် မတတ်နိုင်ဘူး--သွားမယ်၊ ခင်ဗျားတို့ပဲ Fatalism နဲ့ နေခဲ့ပေတော့' ဟုဆိုကာ ထွက်ခွာသွားပါသည်။



# မသိတာကောင်းတယ်

## မသိတာကောင်းတယ်

▲

' Ignorance is Bliss.' ဟူသောအဆိုကို မြန်မာဘာသာသို့ အမျိုးမျိုး သူတို့ကပြန်ဆိုနေကြသည်။

' Ignorance ' ဟူသောစကားလုံး၏ အနက်အဓိပ္ပါယ်ကို ဒေါက်တာဘဟန်၏ အင်္ဂလိပ်-မြန်မာအဘိဓာန်၌ နကန်းတစ်လုံးမှ မသိခြင်း၊ အသိပညာကင်းမဲ့ခြင်း၊ မောဟ၊ အကြောင်းတစ်စုံတစ်ရာ မသိမမြင်ခြင်းဟု ဖွင့်ဆိုကြောင်း၊ ' Bliss ' ဟူသော စကားလုံးကိုမူ 'သုခချမ်းသာ၊ ပီတိသောမနဿဖြစ်ခြင်း'ဟု ဖွင့်ဆိုကြောင်း၊ သို့ဖြစ်၍ ' Ignorance is Bliss.' ဟူသောအဆိုကို 'ဘာမျှမသိခြင်းသည် စိတ်ချမ်းသာသည်' ဟု ပြန်ဆိုသင့်ကြောင်း တစ်ယောက်က ပြောသောအခါ ကျန်လူများက ကန့်ကွက်စကားများ ပြောနေကြပြန်သည်။

ကျွန်တော်က Ignorance is Bliss ဟူသောအဆိုကို 'မသိတာဘဲကောင်းတယ်' ဟု ကြိတ်၍ပြန်ဆိုကြည့်နေပါသည်။ ဤသို့ ပြန်ဆိုကြည့်မိခြင်းမှာ မကြာခင်ကမှ ဖတ်မိသော ပုံပြင်ကလေးတစ်ခုနှင့် ဝတ္ထုတိုကလေးတစ်ပုဒ်ကြောင့် ဖြစ်ပါလိမ့်မည်။ ပုံပြင်ကလေးတစ်ခုမှာ Junichi Najori, TH.D ရေးသည့် Stories of Japanese Ethics စာအုပ်ထဲမှ ဖြစ်ပါသည်။ ပုံပြင်ကလေး၏ ခေါင်းစဉ်မှာ ' Never Forget a kindness ' ဖြစ်ပါသည်။

ပုံပြင်ကလေးမှာ အောက်ပါအတိုင်းဖြစ်ပါသည်။

▲▲

ဟာချီ Hachi သည် ချစ်စရာကောင်းသော ခွေးကလေးဖြစ်သည်။ သူမွေးဖွားလာပြီး၍ မကြာခင် လူတစ်ဦးက ယူသွားပြီး သူ့ကို ကလေးငယ်တစ်ဦးသဖွယ် မွေးကျွေးထားသည်။ ဤသို့ ကောင်းမွန်စွာ ကျွေးမွေးမှုကြောင့် ဟာချီသည် ပို၍ပို၍ ကျန်းမာသန်စွမ်း လှပလာသည်။ ဟာချီက သူ့သခင်အလုပ်သွားဖို့ မနက်အချိန် အိမ်ကထွက်တိုင်း မီးရထားဘူတာရုံအထိ လိုက်ပို့သည်။ ညနေ သူ့သခင် အလုပ်မှ ပြန်ချိန်တွင်လည်း ရထားဘူတာရုံသို့ အမြဲသွား၍ကြိုသည်။

မကြာခင် သူ့သခင် ကွယ်လွန်သွားရှာသည်။ ဤသို့ကွယ်လွန်သွားသည်ကို ဟာချီမသိ၊ မသိလိုက်၊ သို့နှင့်--

ဟာချီက သူ့သခင်သွားနေကျ ဘူတာရုံသို့ သွား၍ရှာသည်၊ ညနေတိုင်းကြိုသည်၊ လမ်းမှာ ကားတစ်စီးတလေရပ်တိုင်း ကားပေါ်မှ

ဆင်းလာသူတွေထဲတွင် သူ့သခင်ပါလာလေမလားဟု ရှာနေတတ်သည်။

ဤသို့ဖြင့် နေ့တွေလတွေ ကုန်လွန်ခဲ့သည်။ ၁-နှစ်၊ ၂-နှစ် ၃-နှစ်၊ ၁၀-နှစ်ပင် ကြာညောင်းခဲ့ပြီ၊ သို့ရာတွင် သူ့သခင်သွားတတ် ပြန်တတ်သည့် ရထားဘူတာရုံရှေ့သို့ အမြဲသွား၍ကြိုဆိုနေတတ်သည့် ဟာချီကို မြင်နေရသည်။

▲▲▲

အထက်ပါအဖြစ်အပျက်ကို တစ်ဘက်ကကြည့်လျှင် သူ့သခင် မရှိတော့သည်ကို မသိခြင်းသည် ဟာချီအတွက် ကောင်းပါသည်။ သူ့သခင် ကွယ်လွန်ခဲ့ပြီဟု သိများသိခဲ့လျှင် ဟာချီခမြာ သူ့သခင်ကို လွမ်းသည့်စိတ်ဖြင့် အသက်ရှည်တော့မည်မဟုတ်၊ သူ့သခင် ကွယ်လွန် ခဲ့သည်ကို မသိတော့ သူ့သခင်ကို တွေ့ရလေနိုး မျှော်လင့်ချက် ရှိနေ သောကြောင့် ဟာချီသည် ၂၀-နှစ်-လောက်ထိ အသက်ရှင် နေနိုင် ခဲ့သည်ဟု တွေးမိရာက ' Ignorance is Bliss ' ဟူသောအဆိုကို 'မသိတာဘဲကောင်းပါတယ်' ဟု ဘာသာပြန်မိခဲ့ခြင်း ဖြစ်ပါသည်။

ဖတ်မိထားသည့် နောက်ဝတ္ထုတိုကလေး တစ်ပုဒ်ကတော့ အမေရိကန်စာရေးဆရာ အိုဟင်နရီ (O. Henry) ၏ ' The Last Leaf ' 'နောက်ဆုံးသစ်ရွက်' ဖြစ်ပါသည်။

ထိုဝတ္ထုထဲမှ အမျိုးသမီးငယ် နှစ်ဦးမှာ နာမည်ကျော်ပန်းချီ ဆရာမတွေဖြစ်အောင် ကြိုးစားနေကြသူများ ဖြစ်သည်။

ဆောင်းရာသီအရောက်တွင် အမျိုးသမီးနှစ်ဦးအနက် ဂျွန်စီဆိုသော အမျိုးသမီးက နမိုးနီးယား-အဖျားရောဂါ ဖြစ်သည်။ ထိုရောဂါပြင်းထန်လာသောကြောင့် ဂျွန်စီက စိတ်တွေ ဖေါက်ဖေါက်ပြန်ပြန်ဖြစ်လာသည်။ သေတော့မည်ဟုလည်း သူ့ကိုယ်သူ ထင်နေသည်။ ဆရာဝန်က ဂျွန်စီကျန်းမာရန် စိတ်ဓာတ်ရေးရာ မြှင့်တင်ပေးဖို့လိုသည်ဟု အတူနေ အဖေါ်သူငယ်ချင်းမကို ပြောပြသည်။

ဂျွန်စီက သူ့အိပ်ရာမှ တစ်ဖက်အိမ်နံရံကို မှီတွယ်တက်နေသည့် နွယ်ပင်အိုမှ သစ်ရွက်တွေကြွေပုံကို လှမ်းကြည့်ရင်း စိတ်ဓာတ်တွေကျသည်ထက် ကျနေသည်။ ပြင်းထန်သည့် ဆောင်းလေဝေ့လိုက်တိုင်းနွယ်ပင်အို၏ အရွက်တွေ တဖြုတ်ဖြုတ်ကြွေကျနေသည်။ ဂျွန်စီကသစ်ရွက်ဘယ်နှစ်ရွက် ကျန်သေးသလဲဟု ရေတွက်ကြည့်သည်။ သစ်ရွက်ငါးရွက်ပဲ ကျန်တော့သည်။ ထိုအခိုက် နောက်ထပ်တစ်ရွက် ထပ်ကြွေသွားပြန်သည်။ နွယ်ပင်အိုမှ နောက်ဆုံးတစ်ရွက် ကြွေလျှင်သူလည်းသေတော့မည်ဟု ဂျွန်စီက စိတ္တဇဖြစ်နေသည်။

သူ့သူငယ်ချင်းမလေးက ဂျွန်စီကို မျက်စိတွေမှိတ်ထားဖို့နှင့်ပြတင်းတံခါးမှလှမ်း၍ သစ်ရွက်တွေကိုမကြည့်ဖို့ တောင်းပန်သည်။ အပြင်ကိုကြည့်လျှင် မမြင်ရအောင် လိုက်ကာကိုလည်း ချထားလိုက်သည်။ ဂျွန်စီက 'နောက်ဆုံးသစ်ရွက်ကြွေတာကို ကြည့်ချင်ပါတယ်'ဟုတောင်းဆိုမြဲ တောင်းဆိုနေသည်။

ထိုပန်းချီဆရာမလေးနှစ်ဦး နေထိုင်သည့်အခန်း၏ အောက်ထပ်တွင် ပန်းချီဆရာကြီးတစ်ဦးရှိသည်။ သူ့နံမည်က ဘာရ်မန်ဖြစ်

သည်။ အသက် ၆၀-ကျော်နေပြီ။ ပန်းချီဆရာကြီး ဆိုသော်လည်း ပန်းချီအလုပ်ဖြင့် မအောင်မြင်သူဖြစ်သည်။ ဘာရ်မန်က အရက် အလွန်အကျွံသောက်တတ်သည်။ မူးပြီဆိုလျှင် ဘာရ်မန်က ဂန္ထဝင်မြောက်ပန်းချီကားတစ်ချပ် ရေးဆွဲတော့မည့်အကြောင်း ပြောလေ့ရှိသည်။ သို့ရာတွင် ၂၅-နှစ်သာ ကြာလာသည်။ သူ့ဂန္ထဝင်မြောက် ပန်းချီကားဆိုသည်ကို မရေးဆွဲဖြစ်သေး။

ထိုပန်းချီဆရာကြီးဘာရ်မန်ကို ဂျွန်စီစိတ္တဇဖြစ်ပုံအကြောင်းကို ဂျွန်စီ၏ သူငယ်ချင်းမလေးက ပြောပြသည်။ ဤစိတ္တဇကြောင့် နောက်ဆုံးသစ်ရွက်ကြွေလျှင် ဂျွန်စီ တကယ်ပင် သေသွားနိုင်ကြောင်း စိုးရိမ်တကြီးဖြင့် ပြောပြသည်။

ထိုနေ့ညက မိုးတွေရွာသည်၊ နှင်းတွေလည်းကျသည်။ နွယ်ပင်အိုကြီးမှ သစ်ရွက်တွေ တစ်ရွက်မျှမရှိအောင် ကြွေကျသွားကုန်ကြပြီ။ မနက်မိုးလင်းလာ၍ ဂျွန်စီတစ်ယောက် ပြတင်းမှလှမ်း၍အကြည့် နောက်ဆုံးသစ်ရွက်ပါ ကြွေသွားပြီဖြစ်သည်ကို မြင်လိုက်ရလျှင်-ဟူသော စိုးရိမ်စိတ်ဖြင့် ပန်းချီဆရာကြီး ဘာရ်မန်သည် ညမှောင်မှောင် မိုးရေထဲ နှင်းတွေထဲမှာ မီးအိမ်တစ်လုံးကိုဆွဲ၊ ပန်းချီ ဆေးပစ္စည်းတွေပါ သယ်ယူ၊ နံရံကိုလှေကားထောင်တက်ပြီး နွယ်ပင်အိုမှ နောက်ဆုံးကြွေသွားသည့် သစ်ရွက်နေရာ၌ မူလကသစ်ရွက်အတိုင်း ပန်းချီရေးဆွဲခဲ့သည်။

နောက်တစ်နေ့နံနက်၌ ဂျွန်စီက သူ့သူငယ်ချင်းမကလေးကို ပြတင်းလိုက်ကာဖယ်ပေးဖို့ ခိုင်းသည်။ သစ်ရွက်ကလေး ကျန်သေးသလားဟု သူကြည့်ချင်၍ဖြစ်သည်။

လိုက်ကာကို ဖယ်လိုက်တော့ နွယ်ပင်အိုတွင် သစ်ရွက်တစ်ရွက် ကျန်နေသည်ကို ဂျွန်စီ မြင်နေရသည်။

ဂျွန်စီက 'ဒီတစ်ရွက်ဟာ နောက်ဆုံးသစ်ရွက်ကလေး၊ ညက ဒီသစ်ရွက်ကလေး ကြွေသွားပြီလို့ထင်နေတာ၊ လေတွေထန်နေတာ မိုးတွေသည်းနေတာ ငါညကကြားနေရတာပဲ၊ ဒီနေ့တော့ ဒီသစ်ရွက် ကလေးကြွေမယ်ထင်တယ်၊ ငါလဲ ဒီသစ်ရွက်ကလေး ကြွေတာနဲ့ အတူ သေမှာပဲ' ဟုဆိုသည်။

တစ်နေ့ကုန်သွားသည်။ နေဝင်၍ မှောင်ရီပိုးဝါး၌ပင် တစ်ခု တည်းသော သစ်ရွက်ကို မြင်နေရသေးသည်။ ဤညတွင်လည်း လေက ထန်၊ မိုးကလည်း သဲသဲမဲမဲ ရွာပြန်သည်။

နောက်တစ်နေ့နံနက်၌ ဂျွန်စီက သူ့သူငယ်ချင်းမလေးကို ပြတင်းလိုက်ကာကို ဖယ်ခိုင်းပြန်သည်။ သစ်ရွက်ကလေးက ရှိနေဆဲပင် ဖြစ်သည်။ ဂျွန်စီက သစ်ရွက်ကလေးကို အကြာကြီးငေးကြည့်နေသည်။ ပြီးတော့မှ သူ့သူငယ်ချင်းမလေးကို ဂျွန်စီက 'ငါတကယ်ဆိုးခဲ့တာပဲ၊ ငါဘယ်လောက်ဆိုးတယ် ဆိုတာကို သိအောင် ဒီသစ်ရွက်ကလေးကို တစ်စုံတစ်ခုက မကြွေအောင်လုပ်ထားတာ ဖြစ်မှာပဲ၊ ငါမှားပါတယ်၊ ငါသေချင်နေတာဟာ တကယ်မှားတယ်'ဟု ဆိုသည်။

ဂျွန်စီ တဖြည်းဖြည်းကျန်းမာလာသည်။

ဂျွန်စီ ကျန်းမာလာသော်လည်း သူ့အတွက် နောက်ဆုံး သစ်ရွက်ကို မိုးတွေလေတွေ နှင်းတွေထဲမှာ ပန်းချီတက်ဆွဲပေးခဲ့သော ပန်းချီဆရာကြီး ဘာရ်မန်ကတော့ အအေးမိပြီး နှစ်ရက်အတွင်းမှာပင်

သေဆုံးသွားရှာသည်။ သို့ရာတွင် 'နောက်ဆုံးသစ်ရွက်'သည် ဘာရ်မန်၏ တကယ့်ဂန္ထဝင်မြောက် အနုပညာလက်ရာ ဖြစ်ခဲ့ပါလေသည်။

▲▲▲▲

နောက်ဆုံးသစ်ရွက် The Last Leaf ဝတ္ထုတို ကလေးထဲက ဇာတ်ကောင်တွေကို တကယ့်ဘဝထဲက တကယ့်ဇာတ်ကောင်များအဖြစ် သဘောထား၍ သူတို့၏ စိတ်သဘာဝတွေအကြောင်းကို ကျွန်တော်-တွေးကြည့်သည်။

ဂျွန်စီမြင်နေရသော နောက်ဆုံးသစ်ရွက်သည် တကယ်တော့ တကယ့်သစ်ရွက်မဟုတ်၊ ပန်းချီဆရာကြီးဘာရ်မန် တပင်တပန်း လှေကားထောင်တက်ပြီး ရေးဆွဲခဲ့သော အရုပ်သစ်ရွက်မျှသာ ဖြစ်သည်။ ထိုအရုပ်သစ်ရွက်ကို (သို့မဟုတ်) သစ်ရွက်အတုကို ဂျွန်စီက အရုပ်မှန်းမသိ၊ အတုမှန်းမသိ၊ တကယ့်သစ်ရွက်ဟုပင် ထင်မြင်နေသည်။ ထိုသို့ အတုမှန်းမသိခြင်းသည်ပင် ဂျွန်စီ ကျန်းမာလာဖို့ စိတ်ထားပုံမှန်ဖြစ်လာဖို့ ဖန်တီးပေးရာရောက်နေသည်။ ထို့ကြောင့် ဂျွန်စီအတွက်တော့ 'မသိတာဘဲကောင်းပါတယ်' ဟု ပြောရမည်ကဲ့သို့ ဖြစ်နေသည်။ ထို့ကြောင့်ပင် ' Ignorance is Bliss.' ဟူသော အဆိုကို 'မသိတာဘဲကောင်းတယ်' ဟု ပြန်ဆိုမိခဲ့ခြင်း ဖြစ်ပါသည်။ ပန်းချီဆရာကြီးဘာရ်မန်သည်လည်း အကယ်၍ ဂျွန်စီ တကယ်သေမှာ မဟုတ်ဘူးဟု သိနေလျှင် 'နောက်ဆုံးသစ်ရွက်' ပန်းချီကို ဆွဲဖြစ်ချင်မှ ဆွဲဖြစ်မည်။ ဂျွန်စီ တကယ်မသေမှန်း မသိ၍သာ 'နောက်ဆုံးသစ်ရွက်'

ကို မိုးထဲလေထဲ နှင်းတွေထဲမှာ မီးအိမ်ရော ပန်းချီဆေးပစ္စည်းတွေနှင့်ပါ ခက်ခက်ခဲခဲ လှေကားထောင်တက်ပြီး 'နောက်ဆုံးသစ်ရွက်' ကို ဂျွန်စီအတွက် စေတနာအပြည့်ဖြင့် အသက်နှင့်လဲကာ ရေးဆွဲဖြစ်သွားခြင်း ဖြစ်နိုင်သည်။ ဂျွန်စီအပေါ် ထားရှိသော ဘာရ်မန်၏ စေတနာ မေတ္တာသည် ချိုးမွမ်းမကုန်နိုင်သည့် စေတနာ မေတ္တာ ဖြစ်နိုင်ပါသည်။

'မသိတာဘဲကောင်းတယ်'ဟူသော ဘာသာပြန်ဆိုချက်မှ ဆက်၍ -'လူကိုဖန်ဆင်းရာမှာ သေနေ့ကို အတိအကျထည့်ပြီးဖန်ဆင်းထားမှန်း မသိတာဟာ ကောင်းတယ်'ဟု တွေးမိပါသည်။ အကယ်၍ မိမိသေမည့် နေ့ကို အတိအကျသိနေလျှင် လူသည် လူ့လောက၌ နေပျော်ပါ့မလား၊ 'သေခြင်းတရား၊ ဖန်ဖန်ပွား၊ ငြိမ်းမှုမာနမီး' ဟူသော စကားအတိုင်း သေနေ့သို့နီးလာလေ၊ သေခြင်းကို အမှတ်ရမှုများလာလေ၊ မာနတရား ကင်းလာလေလေ၊ ထိုအခါ လူသတ္တဝါတို့အပေါ် မေတ္တာ ထားမှုတွေ ပိုလာလေလေ-ဖြစ်လေမည်လား၊ သို့မဟုတ် သေရက်နီးလာလေ သေရမည့်အတူတူ မသေခင် အဖြစ်နိုင်ဆုံး လောကီအာရုံကာမဂုဏ်တို့ကို မသေမီခံစားသွားမည်ဟု အကြံဖြစ်မည်လား၊ ထိုလောကီအာရုံ ကာမဂုဏ်တို့ကို ခံစားနိုင်ရေးအတွက် မဟုတ်မတရား စီးပွားရှာ မှုတွေကို ပို၍ လုပ်လေမည်လား၊


'ဤအရပ်၌ မိုးရာသီပတ်လုံး ငါနေမည်၊ ဤအရပ်၌ ဆောင်းရာသီပတ်လုံး ငါနေမည်၊ ဤအရပ်၌ နွေရာသီပတ်လုံး ငါနေမည်ဟူ၍ လူမိုက်သည် အထူးအထွေကြံစည်၏။ ဘယ်အခါ ဘယ်အရပ်၌ ငါ

သေမည်ဟူ၍ မိမိအသက်အန္တရာယ်ကိုမူကား မသိရှာ' ဟူသော စကားကို ကြားဖူးပါသည်။

သေနေ့သေချိန်ကို တကယ်မသိသောကြောင့်သာ မျှော်လင့်ချက်ကိုယ်စီဖြင့် လူအများတို့ သွားလာလှုပ်ရှား ရှန်းကန်နေနိုင်ခြင်းဖြစ်ပါလိမ့်မည်။ ထိုသူ ထိုသူတွေအတွက် သေနေ့သေချိန်ကို အတိအကျမသိခြင်းသည် ကောင်းပါလိမ့်မည်။

မှတ်ချက်။

' Ignorance is Bliss ' အဆိုကို ဘာသာပြန်သူများထံမှ ပြန်လာသော မိတ်ဆွေ၏ ပြောပြချက်ဖြစ်ပါသည်။


ခွက်
K.MYOE:98

# ခွက်

▲

'လွန်ခဲ့တဲ့လက ကျွန်တော့်အဘိုးရဲ့ ပစ္စည်းတွေကို သိမ်းဆည်းရင်းနဲ့ ကျွန်းသေတ္တာတစ်လုံးကို ဖွင့်လိုက်တော့ အဝတ်ပိုင်းတစ်ခုနဲ့ ထုပ်ထားတဲ့ အထုပ်တစ်ခုကိုတွေ့တယ်။ အထုပ်ကိုဖြေလိုက်တော့ မည်းညစ်ညစ်ဖြစ်နေတဲ့ ခွက်တစ်ခုတွေ့တယ်။

'အဲဒီမည်းညစ်ညစ်ခွက်ကို ပွတ်သပ်ကိုင်တွယ်နေတုန်းမှာပဲ ရွှဲကုန်သည်ဇာတ် (သေရိဝဝါဏိဇဇာတ်) ထဲက ဘုရားလောင်းရွှဲကုန်သည်နဲ့ ဒေဝဒတ်အလောင်း ရွှဲကုန်သည် ပြဿနာဖြစ်ကြတဲ့ မည်းညစ်ညစ်ခွက်ကို ကျွန်တော် မြင်ယောင်နေတယ်။ ကျွန်တော်ကိုင်တွယ်ပွတ်သပ်ကြည့်နေတဲ့ ခွက်က ကြေးဝါသတ္တုနဲ့လုပ်ထားတဲ့ ခွက်ပါ။ ဘုရားလောင်းရွှဲကုန်သည်နဲ့ ဒေဝဒတ်အလောင်း ရွှဲကုန်သည် ပြဿနာဖြစ်ကြတဲ့ခွက်ကတော့ ရွှေနဲ့လုပ်ထားတဲ့ရွှေခွက်။

'ရွှေကုန်သည်ဇာတ်ကို အလင်္ကာကျော်စွာ ရွှေမန်းတင်မောင် တင်ဆက်ခဲ့တာကိုလဲ ကျွန်တော်ပြန်ပြီး မြင်ယောင်နေတယ်၊ ရွှေမန်း တင်မောင် အပြောအဆိုပိုင်နိုင်လိုက်တာကလဲ အံ့မခန်းပါပဲ၊ သူ့ရဲ့ ပြောပုံဆိုပုံတွေက ကျွန်တော့်စိတ်ထဲမှာ ခုထိစွဲငြိကျန်နေတုန်းပဲ။

'ရွှေခွက်နဲ့ပတ်သက်ပြီး ဘုရားလောင်းနဲ့ ဒေဝဒတ်အလောင်း ပြဿနာဖြစ်ကြတာဟာ လွန်ခဲ့တဲ့ငါးကမ္ဘာအထက်က ဖြစ်ခဲ့ကြတာတဲ့ဗျ၊ ရွှေခွက်ကိုယူသွားတဲ့ ဘုရားလောင်းရွှေကုန်သည်ကို မကျေမနပ်ခြင်း ဒေါသတွေနဲ့ ဒေဝဒတ်လောင်းရွှေကုန်သည်က အကြီးအကျယ် ရန်ငြိုးဖွဲ့ တယ်။ ကျွန်တော်တွေးမိတာက ဒီရွှေခွက်လောက်မျှနဲ့တော့ ဒီလိုကြီး ကျယ်တဲ့ ရန်ငြိုးဖွဲ့တာ ဟုတ်ပုံမပေါ်ဘူး၊ သူ့ရဲ့အတ္တမာနကို ထိသွားလို့ သာ ကြီးကြီးကျယ်ကျယ် ရန်ငြိုးဖွဲ့တာလို့ ထင်တယ်။ ငါ့ကို 'ကျော'သွား တာ၊ ငါ့ကိုလူလည်ကျသွားတာဆိုတဲ့ အတွေးမျိုးတွေ ဒေဝဒတ်လောင်း ရွှေကုန်သည်မှာ ဖြစ်တယ်လို့ထင်တာပဲ၊ သူ့ထက်အလျင်အဦး ခွက်ကို ယူသွားနိုင်တဲ့အဖြစ်က ဒေဝဒတ်အလောင်းရဲ့ အတ္တမာနကို အကြီး အကျယ် ထိခိုက်သွားစေတယ်လို့ တွေးမိတယ်။ သူ့အတ္တမာနကို ထိလို့ သာ ဒီလောက်အငြိုးကြီးခဲ့တာလို့ထင်တယ်။ ရန်ငြိုးဒေါသတွေ၊ အငြိုး အတေးတွေရဲ့ သက်ရောက်မှုတွေဟာ ကြောက်မက်ဖွယ်ရာ၊ စိတ်မ ချမ်းသာစရာကြီးပါဗျာ၊ ဘဝတစ်ခုမှာ ဘုရားလောင်းက သည်းခံခြင်းကို ကျင့်သုံးတဲ့ ခန္တီဝါဒီရသေ့ဖြစ်တယ်။ အဲဒီအချိန်မှာပဲ ဒေဝဒတ် အ လောင်းက ဘုရင်ဖြစ်နေတယ်၊ သိကြတဲ့အတိုင်းပေါ့ဗျာ၊ ရသေ့က သည်းခံခြင်းအကျင့်ကို ကျင့်တယ်ဆိုတာကို ခနဲ့တဲ့ရွဲ့တဲ့ သဘောနဲ့ ဘုရင်

ကခြေတွေလက်တွေကို ဖြတ်တယ်၊ အဖြတ်ခိုင်းတယ်ပေါ့ဗျာ၊ သည်းခံတုန်းပဲလားဆိုပြီး ရသေ့ရဲ့နားတွေကိုဖြတ်၊ နှာခေါင်းတွေကို ဖြတ်နဲ့ သေသည်အထိ သတ်တော့တာပဲ၊ ဒီလိုခုတ်ပိုင်း လှီးဖြတ်နေတဲ့ မြင်ကွင်းကတော့ နှလုံးနာစရာ မြင်ကွင်းကြီးပါဗျာ၊ နောက်ဆုံးဘဝ-ဘုရားဖြစ်လာတော့လဲ ဒေဝဒတ်ဟာ ဘုရားကိုသတ်ဖို့ကြိုးစားတာပဲ မဟုတ်လား၊ ဒီလောက်ဆိုးဝါးတဲ့ ရန်ငြိုးဒေါသတွေ ဖြစ်ဖို့အရေးမှာ ပါဝင်ပတ်သက်နေတဲ့ ခွက်အကြောင်းတွေးရင်းက----

'ခွက်လက်ဆွဲကာ တောင်းစားပါလည်း၊ နင်သာလူမိုက် ဒုစရိုက်ဟု ရိုက်ပုတ်လိုက်ကာ၊ ရွာမှထွက်လေ၊ တောမှာသေသည် ကောင်သေလင်းတကျ၏တည်း---'ဆိုတဲ့ ငယ်ငယ်ကသင်ရတဲ့ လက်ာထဲက ဗာရာဏသီသူဌေးရဲ့သား ဆင်းရဲသွားတဲ့အခါ တောင်းစားဖို့ အသုံးပြုတဲ့ခွက်ဆီကို စိတ်ကရောက်ဖြစ်အောင်ရောက်သွားသေးတယ်၊ သူဌေးသားဟာ ပညာမရှိတော့ မဟုတ်တာတွေလုပ်မိ၊ ဒုစရိုက်မှုတွေနဲ့ ပျော်၊ မိဘပစ္စည်းဥစ္စာတွေကုန်လို့ ဆင်းရဲသွားတော့ ခွက်ဆွဲပြီး-တောင်းစားတယ်။ ဒါပေမယ့် မဟုတ်တာတွေ ဒုစရိုက်မှုတွေ လုပ်ခဲ့သူဆိုတော့ မုန်းတဲ့သူတွေကများတယ်။ သူ့ခွက်ထဲကို ငွေစ၊ ကြေးစ၊ စားစရာ၊ သောက်စရာတွေ ထည့်မပေးရုံမျှမကဘူး၊ ဒုစရိုက်ကောင်ပဲ ဆိုပြီး၊ ရိုက်နှက်လွှတ်လိုက်ကြသေးတယ်။ ရိုက်လိုက်ပုတ်လိုက်တော့ တောင်းစားတဲ့ခွက် ဘယ်လိုများ လွတ်ကျသွားပါလိမ့် လွင့်ကျသွားပါလိမ့် ဆိုတာတွေးရင်းက 'ခွက်စောင်းခုတ်'ဆိုတဲ့စကားအကြောင်း 'လှေခွက်ချည်းကျန် အလံမလှဲ' ဆိုတဲ့ စကားအကြောင်းတွေ ဆက်တွေးမိတယ်၊

ပြီးတော့ 'ကိုယ့်မှာအဝတ်မရှိတဲ့သူက တစ်ပါးသူရဲ့အဝတ် ကျွတ်ကျတာကိုမြင်ပြီး ခွက်ထိုးခွက်လန် ရယ်မောတာမျိုးလို ရယ်စရာကောင်းတာတော့မရှိဘူး' ဆိုတဲ့ စကားကိုလဲတွေးမိတယ်၊ အဲဒီအတွေးတွေက--

▲▲

'အဘိုးရဲ့မည်းညစ်ညစ်ခွက်ကို ကိုင်တွယ်ပွတ်သပ်ကြည့်နေရင်းအဲဒီနေ့က တွေးမိသွားတဲ့အတွေးတွေပေါ့ဗျာ၊ အဖိုးရဲ့ခွက်ကို အခုတော့ ကျွန်တော့် စာကြည့်စားပွဲပေါ်မှာ တရိုတသေတင်ထားပါတယ်။ ဒီခွက်က ကျွန်တော့်ကို အငြိုးအတေးတွေဟာ ဆိုးဝါးတယ်၊ ချစ်စကိုရှည်စေ မုန်းစကိုတိုစေလို့ သတိပေးတယ်။ ဒီခွက်က ကျွန်တော့်ကို ပညာရှိ အောင်ကြိုးစား၊ အမှားအမှန်ကိုသိအောင် ဆင်ခြင်၊ မဟုတ်တာတွေမလုပ်နဲ့လို့ သတိပေးတယ်၊ ဒီခွက်က ကျွန်တော့်ကို တစ်ဦးကတစ်ဦးကို ပျက်စီးအောင်မလုပ်နဲ့၊ အချင်းချင်းညီညွတ်ကြ၊ ခွက်စောင်းခုတ်မနေ နဲ့လို့ သတိပေးတယ်။ ဘယ်လောက် အခက်အခဲတွေနဲ့ကြုံကြုံစိတ်မ ပျက်နဲ့ အလျှော့မပေးနဲ့၊ အလံမလှဲဘဲကြိုးစားလို့ သတိပေးတယ်၊ 'သူ့ကိုနှိမ့်ချ၊ ကိုယ်နိမ့်ကျ၏' ဆိုတဲ့စကားအတိုင်း သူများကိုနှိမ်နှိမ်ချချမလုပ်နဲ့၊ သူတစ်ပါးတွေ အခက်ကြုံတာကို ကျေနပ်စွာနဲ့ ခွက်ထိုးခွက်လန်မရယ်နဲ့လို့ သတိပေးတယ်။ အဘိုးရဲ့ခွက်ဟာ ကျွန်တော့်အတွက်တော့ တကယ့်ကိုအဖိုးတန်တဲ့ခွက် ဖြစ်နေပါပြီ။

▲▲▲

အထက်ပါ အကြောင်းအရာတို့ကို ပြောပြသော သူက ကိစ္စတစ်ခုကိုအကြောင်းပြ၍ ကျွန်တော်တို့ထံမှ ထွက်ခွာသွားပါသည်။ သူထွက်ခွာသွားသောအခါ ကျွန်တော်တို့အထဲမှ မိတ်ဆွေတစ်ဦးက--

'သူပြောနေတာတွေကို ကျွန်တော်ဖြင့် တထိတ်ထိတ်နဲ့ နားထောင်နေရတာ၊ အခုမှပဲ စိတ်အေးသွားတော့တယ်' ဟု ပြောပါသည်။

'ဘာကြောင့် စိတ်အေးသွားတာလဲ' ဟု တစ်ဦးကမေးသောအခါ ထိုမိတ်ဆွေက ရှေ့တည့်တည့်တွင် ထိုင်နေသူတစ်ဦးကို မေးထိုးပြပြီးနောက် အသံခပ်တိုးတိုးဖြင့်--

'ခွက်ပုန်းချတဲ့အကြောင်းနဲ့ ချဲဒိုင်ကိုင်လိုက်တာ ခွက်ခွက်လန်အောင် ရှုံးသွားတဲ့အကြောင်း ပြောတော့မလားဆိုပြီး တထိတ်ထိတ်ဖြစ်နေခဲ့တာ၊ အဲဒီအကြောင်းတွေဆီ ရောက်မလာဘဲ သူ့စကားရပ်သွားလို့ပေါ့၊ ကျွန်တော်စိတ်အေးသွားတာ' ဟု ပြောလိုက်သောအခါ ရယ်မောသံများ ထွက်ပေါ်လာသည်ကို ကြားယောင်နေပါသည်။



တောအကြောင်းတောင်အကြောင်း

## တောအကြောင်း တောင်အကြောင်း

▲

မော်လမြိုင်တက္ကသိုလ်ဝင်းအတွင်းရှိ ကံ့ကော်တော၌ ထိုင်ကြရင်း တောတွေအကြောင်းကို ကျွန်တော်တို့ ပြောဖြစ်နေကြသည်။ တောတွေအကြောင်း ကျွမ်းကျင်သောဆရာက သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောများထိန်းသိမ်းရေးတို့၏ ဆက်စပ်နေပုံကို အလေးအနက်ပြောပြသည်။ ကမ္ဘာ့သစ်တောကြီးများသည် တစ်နေ့ကုန်ဆုံးတိုင်းဧက-၅၀ မှ ၆၀ အတွင်း ပြုန်းတီးလျက်ရှိသည်။ လောင်စာအဖြစ် အသုံးပြုခံရသောကြောင့်လည်း သစ်တောတွေပြုန်းတီးနေကြသည်။ တစ်စက္ကန့်လျှင် လူလေးဦးနှုန်း မွေးဖွားလျက်ရှိသောကြောင့် လူတို့နေထိုင်ဖို့အတွက် နယ်မြေချဲ့ထွင်ရသောကြောင့်လည်း သစ်တောတွေပြုန်းတီးကြသည်။ လူသုံးပစ္စည်းအမျိုးမျိုးအတွက် ခုတ်လှဲခံရခြင်းနှင့်

တောမီးအလောင်ခံရခြင်းများ၊ အက်စစ်မိုးအထိခံရခြင်းများကြောင့်လည်း သစ်တောတွေ ပြုန်းတီးကြသည်။

သစ်တောတွေ ပြုန်းတီးမှုနှင့် ရာသီဥတုများ ဖေါက်ပြန်မှု၊ သစ်တောများပြုန်းတီးမှုနှင့် မြေဆီလွှာခမ်းခြောက် ဖောက်ပြန်မှု၊ ထိုမြေဆီလွှာ ခမ်းခြောက်ဖောက်ပြန်မှုနှင့် စားသုံးရသောအသီးအနှံတို့၌ ဩဇာဓာတ်ချို့ယွင်းမှု၊ ဩဇာဓာတ်ချို့ယွင်းမှုနှင့် လူတို့၏ အာဟာရချို့ယွင်းမှု၊ အာဟာရချို့ယွင်းမှုနှင့် လူတို့၏ စိတ်ပိုင်းဆိုင်ရာချို့ယွင်းမှုတို့ကြောင်းကျိုးဆက်နေပုံများကိုလည်း ပြောပြသည်။ သစ်တောများပြုန်းတီးမှုနှင့် ဘယဆေးပင်တို့ ပြုန်းတီးမှု၏ နှမြောတသဖွယ်ရာများအကြောင်းကိုလည်း ထိုဆရာက ပြောပြသည်။ သစ်တောများကိုထိန်းသိမ်းရေးသည် အရေးကြီးသကဲ့သို့ လူဦးရေထိန်းသိမ်းရေးသည်လည်း အရေးကြီးသည်ဟု သူကပြောသည်။ လူဦးရေထိန်းသိမ်းရေးဆိုသည်မှာ နည်းမှန်လမ်းမှန်ဖြင့် လူဦးရေအဆမတန် တိုးပွားမှုမဖြစ်အောင် ထိန်းသိမ်းရေးကို ဆိုလိုခြင်းဖြစ်ကြောင်းကိုလည်း သူကရှင်းပြနေသည်။ ထို့နောက်သူက--

ရာမညဒေသ၏ ရှေးခေတ်က သစ်တောကြီးများ တည်နေပုံကို သမိုင်းအထောက်အထားများဖြင့် ပြောပြသည်။ ၁၈၂၆-ခုတွင် ရန္တပိုစာချုပ်အရ မုတ္တမနယ်နှင့် တနင်္သာရီနယ်တို့ကို မြန်မာတို့က အင်္ဂလိပ်လက်ကို ပေးအပ်လိုက်ရသည်။ ထိုအချိန်က မုတ္တမနယ်တစ်ဝိုက်သည် ကျွန်းတောကြီးများ ထူထပ်စွာ ဖုံးအုပ်လျက်ရှိခဲ့သည်။ သို့ရာတွင် ထိုစဉ်က အင်္ဂလိပ် ဝန်ရှင်တော်မင်းကြီး၏ ခွင့်ပြုချက်ဖြင့်

အင်္ဂလိပ် အစိုးရနှင့် သစ်ကုန်သည်ကြီးများပူးပေါင်း၍ ကျွန်းသစ်များကို ထင်တိုင်း ခုတ်လှဲထုတ်ယူကြသည်။ နှစ်များမကြာမီ ကျွန်းတောကြီးတွေ ပြုန်းတီးသွားခဲ့ကြသည်။ တစ်ချိန်က မုတ္တမတစ်ခွင်တွင် ကျွန်းတောကြီးတွေ ထူထပ်စွာ စိုးမိုးနေခဲ့သည်ဟုပြောလျှင် ဒဏ္ဍာရီသဖွယ် ဖြစ်နေလိမ့်မည်။ သို့ရာတွင် မုတ္တမတစ်ခွင် သစ်တောပြုန်းတီးခြင်းကို သင်ခန်းစာယူ၍ မြန်မာပြည်၏သစ်တောများကို အချိန်မီ ထိန်းသိမ်းခဲ့ကြသည်။ ထိုသို့ထိန်းသိမ်းခဲ့မှုကြောင့် ယခုအခါ မြန်မာပြည်တွင် ကျွန်းတောကြီးတွေ ရှိနေဆဲဖြစ်သည်။ အိမ်နီးချင်းနိုင်ငံများမှာတော့ ကျွန်းတောတွေ ပြုန်းတီးကုန်ကြပြီဟု သူကဆိုပါသည်။ တောတွေအကြောင်း ပြောရာမှ တောင်တွေအကြောင်းကိုလည်း ပြောဖြစ်နေကြပြန်သည်။ တောင်တွေအကြောင်း ပြောသူများအနက်မှ တစ်ဦးက---

ပဲခူးကလျာဏီသိမ်ကျောက်စာ၌ ရှင်သောဏနှင့် ရှင်ဥတ္တရတို့ သုဝဏ္ဏဘူမိနိုင်ငံသို့ သာသာနာပြုရောက်လာခဲ့ကြောင်း ဖော်ပြထားသည်ကို တွေ့ရသည်။ ရှင်သောဏနှင့် ရှင်ဥတ္တရတို့ သာသနာပြုရန်ကြွရောက်လာချိန်တွင် သုဝဏ္ဏဘူမိ(သထုံ)၌ သီရိဓမ္မာ သောကမင်း အုပ်စိုးနေသည်။ သုဝဏ္ဏဘူမိသည် ကေလာသတောင်၏ အနောက်မြောက်ဘက်တွင် တည်ရှိသည်ဟု ကျောက်စာ၌ ဖော်ပြထားသည်။ ဤဖော်ပြချက်ကို အခြေပြု၍ လေ့လာကြသော ပညာရှင် အချို့က ဗုဒ္ဓသာသနာကို ယူဆောင်လာသော အရှင်သောဏနှင့် ရှင်ဥတ္တရတို့ ရောက်လာကြသောမြို့သည် ယခုသထုံမြို့မဟုတ်၊ ယခုသထုံ၏ အနောက်မြောက်ဘက် မိုင်-၃၀-ကျော်ခန့်ဝေးသော ကေလာသတောင်

မြေအနီးတွင် ရှိခဲ့သော မြို့ဟောင်းသည်သာ မူလ သုဝဏ္ဏဘူမိ သထုံမြို့ ဖြစ်နိုင်သည်ဟု ယူဆကြသည်။

ဤအယူအဆမှန်သည်ဆိုလျှင် ကေလာသကို ရှေးခေတ် သုဝဏ္ဏ ဘူမိမြို့တော်၏ ကျက်သရေဆောင် တောင်တန်းအဖြစ် ထေရဝါဒဗုဒ္ဓသာသနာ ရာမညဒေသ၌ စတင်အခြေချခြင်း၏ အထိမ်းအမှတ် အဖြစ်နှင့်ပါ တန်ဖိုးထား၍ ထိန်းသိမ်းသင့်သည်ဟုပြောနေပါသည်။ ရသမျိုးစုံကို ပေးနေသော စေတီ၊ ပုထိုးများ၊ ကမ္ဘဋ္ဌာန်းရိပ်သာများဖြင့် ကေလာသတောင်တန်းကို ထိန်းသိမ်းမွမ်းမံဖို့ လိုသည်ဟုလည်း ဆိုပါသည်။ ထိုအခါ ---

ဝိတိုရိယတောင်ကို တက်ခဲ့သူ ဆရာတစ်ဦးက ကေလာသ တောင်ကိုတက်ရန် ကျွန်တော်တို့ကိုဆွဲဆောင် တိုက်တွန်းနေပါသည်။ သူက--

'သမိုင်း အချက်အလက်တွေကို မလေ့လာနိုင်သေးရင်လဲ ကိစ္စမရှိပါဘူး၊ တောင်တက်ရုံမျှနဲ့လဲ အကျိုးကျေးဇူးတွေ အများကြီး ရှိပါတယ်။ တောင်တက်ရင်း တက်ရင်း မြင့်သည်ထက်မြင့်တဲ့ နေရာကို ရောက်ရောက်သွားတယ် မဟုတ်လား၊ မြင့်မြင့်ရောက်လေ များများ မြင်ရလေ၊ ကျယ်ကျယ်မြင်ရလေပေါ့၊ ဒီလို ကျယ်ကျယ်မြင်ရတိုင်း ကျွန်တော်တွေးမိတာတွေ ရှိတယ်။ အသိပညာမြင့်မှ ဘဝနဲ့လောကကို ကျယ်ကျယ်ပြန့်ပြန့် မြင်နိုင်တယ်။ အသိပညာမမြင့်ရင်တော့ ကိုယ့် အတ္တရဲ့ အနီးပတ်ဝန်းကျင်လောက်ကိုပဲ ကျဉ်းမြောင်းစွာနဲ့ မြင်မယ်။ ပြီးတော့ အမြင့်ကိုရောက်ပေမယ့် တစ်ခါတစ်ခါမှာ တောင်ခိုးတွေ

မိုးတိမ်တွေ ဒါမှမဟုတ် နှင်းမှုံတွေ ဖုံးကွယ်နေတဲ့အခါ ကျယ်ကျယ် မမြင်ရပြန်ဘူး၊ အဲဒီလိုပဲ မာနတွေ ဒေါသအာဃာတတွေ ဖုံးပိတ်နေရင် ဘယ်လောက်ပညာတွေတတ်တတ်၊ ကျယ်ကျယ်ပြန့်ပြန့် မှန်မှန်ကန်ကန် မမြင်နိုင်ဖြစ်တတ်တယ်--စတဲ့ စတဲ့ အတွေးမျိုးတွေကို တောင်တက်ရင်း ရလာတတ်တယ်' ဟု ဆိုပါသည်။

ထို့နောက် သူကတောင်တက် ဝါသနာပါလှသည့် သူ့ဆရာ အကြောင်းကို ပြောပြသည်။ တစ်နေ့ သူငယ်ချင်းများနှင့်အတူ သူ့ဆရာထံ သွားကန်တော့သည်။ ကန်တော့ပြီးသောအခါ ဆရာက သူတို့ကို 'တပည့်တို့အားလုံး တောင်ကြီးတွေနှင့်တွေ့စေသော်'ဟု ဆုပေးသည့်အကြောင်း ပြောပြသည်။

တစ်နေ့ပြီးတစ်နေ့ ရုံးတက်လိုက်၊ ရုံးဆင်းလိုက် လူတွေထဲ၌ တိုးဝှေ့သွားလာလိုက် လုပ်နေသမျှကတော့ မည်သည့်အရည်အသွေးမှ တိုးတက်မည်မဟုတ်၊ ထူးချွန်အောင်မြင်သူတွေ ဖြစ်လာမည်လည်း မဟုတ်၊ တောင်ကြီးတွေနှင့်တွေ့တော့မှ တက်ဖို့ဝီရိယတွေ ထုတ်လာမည်။ ဝီရိယထုတ်မှ အရည်အသွေးမျိုးစုံ တိုးတက်လာမည်။ လူ့ဘဝ၌ တောင်အထွတ်နှင့်တူသည့် မြင့်မားသည့် ရည်မှန်းချက်တွေထား လိုက်ဖို့လိုသည်။ ထိုသို့ ထားလိုက်မှ ထိုရည်မှန်းချက်ကို ရောက်အောင် ကြိုးစားတက်လှမ်းမှုတွေ လုပ်လာမည်။ ထိုရည်မှန်းချက်ဆီ တက်လှမ်းရာ၌ အခက်အခဲတွေနှင့် တွေ့ရမည်၊ အခက်အခဲတွေနှင့်တွေ့၍ ထိုအခက်အခဲတို့ကို ကျော်လွှားနိုင်အောင် ကြိုးစားရာမှ လူသည် ရင့်ကျက်လာနိုင်သည်၊ အရည်အသွေးမျိုးစုံတိုးတက်လာနိုင်သည်၊ဘဝအကြောင်း

လောကအကြောင်းကို နားလည်သူဖြစ်လာမည်။ ထို့ကြောင့် တောင်ကြီးတွေနှင့်တွေ့စေသော၀် ဟု ဆရာကဆုပေးခြင်း ဖြစ်ကြောင်း ရှင်းပြနေပါသည်။ ဆက်၍ သူက ဆွစ်တောင်များ (Swiss Mountains) ကိုတက်ခဲ့သော တောင်တက်သမားကြီးတစ်ဦး ပြောပြသော စကားအချို့ကိုလည်းပြောပြသည်။

'ဆွစ်တောင်မြင့်တွေကို တက်သည့်အခါ၌ မလိုလားအပ်သော ဟစ်အော်မှုတွေ၊ ကျယ်လောင်စွာပြောဆိုမှုတွေကို ပြုလုပ်လျှင် ထိုအသံကြောင့် နှင်းပွင့်အစိုင်အခဲများ ပြိုဆင်းလာတတ်၍ တောင်တက်နေသူကို အသက်အန္တရာယ်ပြုနိုင်သည်။ ထို့ကြောင့် အကိုင်အတွယ်အလှမ်းအတက်တို့ကို သတိကြီးစွာထားရသကဲ့သို့ နှုတ်ကိုလည်းမလိုလားအပ်သော အသံများမထွက်ဖို့ သတိထားရသည်။ လူမှုရေးရာ စွမ်းဆောင်မှုအတက်ခရီးသည်လည်း ထိုတောင်မြင့်များကို တက်ခြင်းမျိုးကဲ့သို့ပင်ဖြစ်သည် 'ဟု ထိုတောင်တက်သမားကြီးက ပြောခဲ့ဖူးသည် ဟုဆိုပါသည်။

သူပြောပြသည်များကို နားထောင်ရင်းမှ 'အမြင့်သို့ရောက်အောင်တက်သည့်အခါ၌ ခြေလှမ်းပေါင်း ထောင်သောင်းမက တက်ခဲ့ရသော်လည်း အနိမ့်သို့ကျရာမှာတော့ ခြေတစ်လှမ်းမှားရုံဖြင့် အောက်သို့ရောက်သွားနိုင်သည် ' ဟု ဆိုသော နပိုလီယံ၏စကားကို သတိရနေပါသည်။ ထိုမှဆက်၍ 'တောင်အတက် လှည်းစည်းကုံးပြတ်' ဆိုသော စကား၏ အနက်အဓိပ္ပါယ်ကိုလည်း စဉ်းစားနေမိပါသည်။

ရန်ကုန်တက္ကသိုလ်စာကြည့်တိုက်၌ ကြီးပွားတိုးတက်ရေးဆိုင်ရာ စာအုပ်စာတမ်းများကို တစ်နှစ်ပတ်လုံးဖတ်ပြီးနောက် အလုပ်

ထွက်ဖြစ်သွားသော်လည်း 'အလုပ်ကြမ်းလုပ်၍ စီးပွားရှာဖို့ကလည်း အင်အားမရှိ၊ ကြီးပွားနိုင်သော နည်းလမ်းကိုသိနေသော်လည်း ငွေအင်အားကမရှိ ဖြစ်နေပြန်သောကြောင့် တောမရောက် တောင်မရောက် ဖြစ်နေပါသည်'ဟုဆိုသော မိတ်ဆွေတစ်ဦး၏ စကားသံကိုလည်းကြားယောင်နေပါသည်။ ထိုသို့ ကြားယောင်ခြင်းနှင့်အတူ အချက်အလက် အထောက်အထားလိုနေ၍ တောမရောက်တောင်မရောက်ဖြစ်နေသော ကျွန်တော့်စာတမ်းကိုအမှတ်ရပါသည်။ ထိုသို့အမှတ်ရခြင်းမှ ဆက်၍ အချက်အလက်အထောက်အထားတို့ရှိရာ ရန်ကုန်တက္ကသိုလ်စာကြည့်တိုက်နှင့်အတူ ဆရာကြီးဦးသော်ကောင်းကို ထိုနေ့စကားဝိုင်းမှကျော်၍ မြင်ယောင်လျက်ရှိသည်ကိုလည်း သတိရမိပါသည်။

**(ဆရာကြီးဦးသော်ကောင်းနှင့် ရန်ကုန်တက္ကသိုလ်စာကြည့်တိုက်ဝန်ထမ်းများအား အမှတ်ရလျက်-)**




ဖန်တွတွ

## ဖန်တွတွ

▲

ကျောင်းဖွင့်စ---

အသစ်ရောက်လာကြသော ကျောင်းသူ ကျောင်းသားများကို သက်ဆိုင်ရာဌာနများက ကြိုဆိုပွဲများလုပ်ကြသည်။ ထို့နောက် ကျောင်းတော်သူ ကျောင်းတော်သားကြီးများ ပီသအောင် မည်ကဲ့သို့ စာကြိုးစားသင့်ကြောင်း မည်သည့် စည်းမျဉ်းစည်းကမ်းများကို လိုက်နာရမည်ဖြစ်ကြောင်း အကြံပြုချက်များ ဩဝါဒများပေးကြသည်။

ထိုနေ့အခမ်းအနား၌ အကြံပြုရန် ဩဝါဒပေးရန် သူ့အလှည့် ကျလာသောကြောင့် စကားပြောရာ စင်မြင့်သို့ သူတက်လာပါသည်။ သူတက်လာပုံကိုကြည့်နေရင်းက ရှေးဂရိခေတ်က ဆိုဖီဆရာကြီးတစ်ဦး အကြောင်းကို အမှတ်ရနေပါသည်။

ထိုဆိုဖီဆရာကြီးကို တစ်ဦးသောသူက---

'ဆရာကြီးခင်ဗျား၊ လောကမှာ အခက်ခဲဆုံးပညာဟာ ဘာပါလဲ' ဟု မေးသည်၊ ထိုအခါ ဆရာကြီးက---

'မိမိကိုယ်မိမိ သိနားလည်ခြင်းဖြစ်သည်' ဟု ဖြေသည်၊ ထိုအခါ မေးသူက-

'လောကမှာ အလွယ်ဆုံးပညာကတော့ ဘယ်လိုပညာမျိုးပါလဲ' ဟု ထပ်မေးသောအခါ ဆိုဖီဆရာကြီးက-

'လောကမှာ အလွယ်ဆုံးပညာဆိုတာ သြဝါဒပေးခြင်းဖြစ်တယ်' ဟု ဖြေလိုက်သည်ဟု ဆိုပါသည်။

သြဝါဒပေးရသည်မှာ လွယ်ကူသဖြင့် သြဝါဒတွေ တစ်ထွေးတစ်ပွေ့ပေးတတ်ကြသည်။ သြဝါဒတွေ ပေးနေသော်လည်း သြဝါဒပေးသူကိုယ်တိုင်က သူ့သြဝါဒအတိုင်း မလုပ်သူမျိုးဖြစ်နေတတ်သည်။ သြဝါဒခံယူသူကလည်း နားရှို၍သာ ကြားနေရသည်။ ကြားသောသြဝါဒအတိုင်း တကယ်လက်တွေ့လုပ်နိုင်သူ မဟုတ်ဘဲဖြစ်နေတတ်သည်။

ယခု-သူလည်း သူမလုပ်နိုင်သည့် သြဝါဒတွေကို ချွေဦးမှာပေါ့၊ သြဝါဒပေးရတာဟာ အလွယ်ဆုံးပဲလို့ ဆိုတယ်မဟုတ်လားဟူသော အတွေးဖြင့် နဘေးမှမိတ်ဆွေဖြစ်သူနှင့် ရောက်တတ်ရာရာ စကားပြောဖို့ အစရှာနေမိပါသည်။ စကားစရ၍ စကားပြောတော့မည် အလုပ်၌ အာရုံက သူ့ထံရောက်သွားသည်၊ သူ့စကားကို စိတ်ဝင်စားသလို ဖြစ်သွားသည်။

သူကသြဝါဒမချွေမီ အဖြစ်အပျက်ကလေးတစ်ခုကို ဦးစွာပြောပါသည်၊ မှတ်မိသမျှမှာ အောက်ပါအတိုင်းဖြစ်ပါသည်။

မြန်မာမင်းနေပြည်တော်၏ ဈေးချိုဆိုင်တန်းသို့ ရှမ်းလူမျိုးအချို့ ဈေးဝယ်ရောက်လာကြသည်။ ဈေးထဲတွင် လှည့်လည်ကြည့်ရှု

ဝယ်ခြမ်းရင်းမှ အုန်းသီးဆိုင်တစ်ဆိုင်သို့ သူတို့ရောက်လာကြသည်။ သူတို့တောင်ပေါ်ရပ်၌ အုန်းပင်မရှိ၍ အုန်းသီးများကို မြင်သောအခါ အထူးအဆန်းဖြစ်နေကြသည်။ သူတို့က ဆိုင်ရှင်ကို 'ဘာသီးခေါ်သလဲ' ဟု မေးကြသည်၊ ဆိုင်ရှင်က 'အလုံးကြီးကြီး ဤ အသီးကို အုန်းသီးဟု ခေါ်သည်။ ဤအုန်းသီးသည် ဘုန်းထီးသခင် ရွှေနန်းရှင်ဘုရင်မင်းတရားတို့ နှစ်ခြိုက်စွာသုံးဆောင် စားတော်မူသောအသီးဖြစ်ပါသည်' ဟုပြောသည်။ ထိုအခါ ရှမ်းများက အလုံးကြီးကြီး အုန်းသီးစိမ်း တစ်လုံးကိုဝယ်ယူ၍ ပြန်သွားကြသည်။ အပြန်လမ်းခရီး၌ပင် ရှမ်းတို့က အုန်းသီးကိုခွဲ၍ စားကြဖို့ပြင်ဆင်ကြသည်။ သူတို့က အုန်းသီးကို အခြားသစ်သီးများကဲ့သို့ အပြင်ကအသားကိုစားရသည်ဟု ထင်မှတ်လျက်အုန်းသီးကို ရေဆေး၊ ထို့နောက် အုန်းသီး၏အပြင်အခွံမြေးကို ဓားဖြင့်ပါးပါးလှီးယူသည်၊ အတွင်းမှာရှိသည့် တကယ်စားရမည့် အုန်းသီးကိုတော့ အစေ့ကြီးဟုထင်လျက် လွှင့်ပစ်လိုက်ကြသည်။ ထို့နောက် လှီးထားသော အုန်းခွံ၏ အပြင်အမြေးများကို ကိုက်၍ ဝါး၍ စားကြသည်။ အပြင်အမြေးကိုစားရတော့ ချဉ်သလို ချိုသဟန် ငန်တန်တန်ဖန်တွတ်တွတ်နှင့် အရသာညံ့ဖျင်းသည်ကို ခံစားနေကြရသည်။ စားရင်းစားရင်း အရသာညံ့ဖျင်းညံ့ဖျင်းလာသောကြောင့် ရှမ်းတို့က 'အင်းမင်းသုံးဆိုလို့သာစားရ ဖန်တွတ်တွတ်ပါပဲ' ဟု ညည်းညူကြလေသည်။

▲▲


အထက်ပါအဖြစ်အပျက်ကို ပြောပြပြီးနောက် သူက လေသံကို မြှင့်လျက်-

'မောင်တို့မယ်တို့ဟာ သူတို့ဝတ်သလို လိုက်ဝတ်တယ်၊ သူတို့ ဖက်ရှင်တွေကို အတုယူတယ်၊ သူတို့ဆိုသလို လိုက်ဆိုကြတယ်၊ သူတို့တီး သလိုလိုက်တီးကြတယ်၊ သူတို့ရေးသလို လိုက်ရေးကြတယ်၊ ဒီလိုလုပ်တာ ဟာခေတ်မီတယ်၊ ခေတ်ဆန်တယ်လို့လဲ ထင်နေကြတယ်၊ တခြားလိုက် တုတာတွေ၊ လိုက်လုပ်တာတွေလဲ အများကြီးပေါ့၊ ဒါပေမယ့် အမောင်တို့ အမိတို့ လိုက်မလုပ်တာတွေ လိုက်မတုတာတွေတော့ရှိတယ်၊ ဘာတွေလဲ ဆိုတော့ သူတို့တတ်တဲ့ အတတ်ပညာတွေ၊ သုတေသနလုပ်ပုံတွေ၊ သူတို့ သိတဲ့နည်းပညာတွေကို လိုက်မလုပ်တာဘဲ၊ လိုက်မတုတာဘဲ၊ သူတို့ တီထွင်ဖန်တီးသလို လိုက်ပြီး တီထွင်ဖန်တီးမှုမပြုတာဘဲ၊ ဒီတော့ခုနက ပြောတဲ့ တကယ်စားသုံးရမယ့် အုန်းသီးကိုတော့ လွှင့်ပစ်ပြီးအပြင် အမြေးကို စားသူတွေလိုပဲ၊ မောင်တို့ မယ်တို့ သုံးဆောင်နေတာတွေဟာ ဖန်တွတ္တ မဖြစ်ပါစေနဲ့လို့ သတိပေးချင်ပါတယ်' ဟု ပြောရင်းအဆုံး သတ်လိုက်ပါသည်။

လက်ခုပ်သံများ ပေါ်လာပါသည်။

▲▲▲

ဩဝါဒပေးအခမ်းအနား ပြီးဆုံးသောအခါ ကျွန်တော့်မိတ်ဆွေ ကဖန်တွတ္တအရသာအကြောင်း ဆက်၍အလေးအနက် ဆွေးနွေးလျက် ရှိပါသည်။



အမိုက်

## အမှိုက်

▲

နိုင်ငံတကာ အတွေ့အကြုံရှိသော သူက ထိုနေ့စကားဝိုင်း၌ စကားအများဆုံး ပြောနေပါသည်။ သူပြောနေသော အကြောင်းအရာမှာ 'အမှိုက်' ဖြစ်ပါသည်။ သူပြောပြသည်များကို အကျဉ်းချုံးလိုက်လျှင် အောက်ပါကဲ့သို့ဖြစ်ပါလိမ့်မည်။

လူသည် သဘာဝ၏ အစိတ်အပိုင်းငယ်တစ်ရပ်မျှသာဖြစ်သည်။ သို့ရာတွင် လူသည် အသိဉာဏ်ရှိသောသတ္တဝါဖြစ်သည်။ အသိဉာဏ် စွမ်းပကားရှိသူ ဖြစ်သောကြောင့် လူသည်မိမိတည်မှီရာ သဘာဝလောကကို အံတုဖက်ပြိုင်ရဲသူဖြစ်သည်။ အသိဉာဏ်စွမ်းပကားဖြင့် လူသည် သဘာဝကိုထိန်းချုပ်ကာ မိမိအလိုကျပြောင်းလဲရန် ကြိုးစားနိုင်သူလည်းဖြစ်သည်။ တီထွင်နိုင်မှုစွမ်းရည်များ၊ နည်းပညာများဖြင့် လူသည် မိမိတည်ရာ ကမ္ဘာကြီး၏ မြေပေါ်မြေအောက် သယံဇာတတို့ကို

အတိုင်းမသိ ထုတ်ယူသုံးစွဲခဲ့သူ ဖြစ်သည်။ လူသည် သဘာဝလောကကြီးကိုအနိုင်ယူမြဲ ယူဆဲပင်ရှိသည်။

သို့ရာတွင် ထိုသို့ ကမ္ဘာလောကကြီးကို အနိုင်ယူနေခြင်းသည် မိမိတည်မှီရာ သဘာဝလောကကို ဖျက်ဆီးမှုပြုနေခြင်းဖြစ်သည် ဟူသောအချက်ကို လူသည် မသိဘဲနေမည်မဟုတ်။ အသိဉာဏ်ရှိသော လူသားဖြစ်သောကြောင့် သိမည်သာဖြစ်သည်။ သို့ရာတွင် စီးပွားရေး အမြတ်အစွန်းနှင့် အခြားသော အလိုလောဘတို့၏ ဆွဲဆောင်မှုကြောင့် လူသည် သဘာဝတရားကို ဖျက်ဆီးမြဲဖျက်ဆီးလျက်ရှိသည်။ ဆွဲဆောင်မှုကောင်းသော စီးပွားရေးကြော်ငြာများ၊ တိုးတက်မှုကိုသာဖော်ပြသော ဝါဒဖြန့်ကျက်မှုများကလည်း သဘာဝတရားကို ဆက်လက်ဖျက်ဆီးရန်၊ ဆက်လက်ဒုစရိုက်မှုကျူးလွန်ရန် လူသတ္တဝါအား၊ အားပေးလျက်ရှိကြသည်။ ထိုအခါလူသည် မိမိအသိဉာဏ်ဖြင့် တီထွင်မှုများကို လိုသည်ထက်ပိုလုပ်လာသည်။ စီးပွားရေးသမားများကလည်း တီထွင်မှုများကို အခြေခံ၍ ထုတ်လုပ်မှုမျိုးစုံကို ထုတ်လုပ်လျက် ရှိကြသည်။

ထုတ်လုပ်မှုတွေ များလာသလောက် ထိုထုတ်လုပ်မှုတို့နောက်၌ မလိုလားအပ်သော ပြဿနာများဖြစ်ပေါ်လာသည်။

ထုတ်လုပ်မှုတွေ များပြားလာသောကြောင့် ယနေ့ကမ္ဘာကြီး၌ ကြုံတွေ့ရသော ပြဿနာတို့ကား များလွန်းလှသည်။ ထိုများလွန်းလှသော ပြဿနာတို့အနက် ယနေ့ကမ္ဘာသူကမ္ဘာသား လူအများတို့ ရင်ဆိုင်နေရသော ပြဿနာတစ်ခုရှိသည်။ ယင်းမှာ အခြားမဟုတ်၊ 'အမှိုက်' ပြဿနာပင်ဖြစ်သည်။

▲▲

ယနေ့ကမ္ဘာကြီး ရင်ဆိုင်နေရသော အမှိုက်များသည် ရိုးရိုး အမှိုက်များမဟုတ်၊ အထူး 'အမှိုက်' ဟု အမည်ပေးရမည့် ဓာတု အမှိုက်များဖြစ်သည်။ ထိုဓာတုအမှိုက်များသည် ဘယ်နေရာသို့စွန့်ပစ်၊ စွန့်ပစ်၊ ပတ်ဝန်းကျင်ကို ထိခိုက်မည့် အမှိုက်များဖြစ်သည်။ သက်ရှိ သတ္တဝါတို့ကို အဆိပ်သင့်စေမည့် အမှိုက်များဖြစ်သည်။ အမှိုက်ပိုင်ရှင် များသည် ပြဿနာ့ဦးခေါင်းကို ဘယ်မှာထားရမှန်းမသိ ဆိုသကဲ့သို့ ဖြစ်ခဲ့ကြသည်။ နောက်ဆုံးတွင် ထိုအမှိုက်များကို အမှိုက်ပိုင်ရှင်တို့က တတိယကမ္ဘာရှိ နိုင်ငံတစ်ခုခုသို့ဖြစ်စေ၊ အရှေ့ဥရောပနိုင်ငံတစ်ခုခုသို့ ဖြစ်စေ ပို့လိုက်ကြသည်။

စက်မှုစီးပွားရေးကို စတင်ထူထောင်လာကြသည့်အချိန်မှစ၍ ဖွံ့ဖြိုးတိုးတက်သော ကမ္ဘာကြီးတွင် ဓာတုအမှိုက်များ စုပုံလာခဲ့သည်။ တိုး၍တိုး၍များလာသော အမှိုက်များနှင့်အတူ ထိုအမှိုက်တို့ကို ရှင်းလင်း ရခြင်းကား ပို၍ပို၍ ဈေးကြီးလာခဲ့သည်။ ပတ်ဝန်းကျင် ထိန်းသိမ်းရေး နှင့်သက်ဆိုင်နေသော အဖွဲ့အစည်းများ၏ ဝေဖန်ပြောဆိုမှုများကြောင့် အဆိပ်အတောက်ပါသော အမှိုက်များကို ယခင်ကကဲ့သို့ တစ်နေရာ ရာတွင် စွန့်ပစ်ခြင်း၊ မီးရှို့ပစ်ခြင်းတို့ကို လွယ်လွယ် နှင့် လုပ်၍မရတော့။ ဤတွင် အဆင့်မြင့်နည်းပညာများ၏ အကူအညီကို ရယူရန် လိုအပ်လာ သည်။ ဘက်ထရီ၊ ပလတ်စတစ်၊ ဓာတု ဖျော်ရည်၊ (အက်စစ်၊ ဗေ့စ်- စသည့် အရည်ပျော်စေနိုင်သောအရည်) လက်ကျန်များကိုမီးရှို့ပစ်၍ (သို့မဟုတ်) အရည်ဖျော်ပစ်ခြင်းဖြင့် ဖျက်ဆီးရေးမှာလည်း ငွေကုန်

ကြေးကျသက်သာလှသည်မဟုတ်၊ ထိုအခါ ကြွေးတင်နေသော တတိယ ကမ္ဘာမှ နိုင်ငံတစ်ခုခု(သို့မဟုတ်) အရှေ့ဥရောပသို့ပို့၍ ကုန်ကျစရိတ် နည်းနည်းဖြင့် အမှိုက်ရှင်းလင်းရန်အတွက်လည်း အကြံထုတ်ခဲ့ကြ သည်။ ထိုဓာတုအမှိုက်များကို မြေဩဇာအဖြစ် ရောင်းချ၍ လယ်ကွက် များအတွင်း ဖျောက်ဖျက်ရန်လည်း ကြိုးစားကြသည်။ ပင်လယ်များ အတွင်းသို့ မသိမသာပစ်ချဖျောက်ဖျက်ရန်လည်း ကြိုးစားကြ၏။ ထိုသို့ ကြိုးစားခြင်းဖြင့်လည်း ဓာတုအမှိုက်များ၏ အဆိပ်အတောက်က ပျောက်ပျက်သွားနိုင်သည်မဟုတ်၊ ထိုအမှိုက်များကြောင့် ငါးများစား မကောင်းတော့ဘဲ အဆိပ်သင့်သည့်ပြဿနာ ဖြစ်လာချေတော့မည်။

ကလိုရင်းပါဝင်သော ဓာတုပျော်ရည်များ စီးဝင်နေသည့် ရေထဲမှငါးများ ကို စားသုံးရာမှ လူတို့၏ခန္ဓာကိုယ်အတွင်းသို့ ကလိုရင်း အဆိပ်တို့ ရောက်ရှိပြီးအဆီနှင့် အတွင်းအင်္ဂါအစိတ်အပိုင်းများတွင် စုဝေးကြမည်။ ထိုကလိုရင်းအဆိပ်များသည် ဦးနှောက်အမှေးရောင်ခြင်း၊ သွေးကင်ဆာ၊ ကလေးငယ်များ အင်္ဂါမစုံမွေးဖွားခြင်း၊ စသည့် အန္တရာယ်တို့ကို ရင်ဆိုင်ရမည့်အခြေအနေသို့လည်း ရောက်နိုင်သည်။ ဓာတုအမှိုက်များ အရည်ပျော်ပြီး မြေကြီးအတွင်းစိမ့်ဝင်၍ သောက်ရေ အဆိပ်သင့်မည့် ပြဿနာတို့ကိုလည်း ပို၍ပို၍ကြုံတွေ့လာနိုင်သည်။ အန္တရာယ်များ သော အမှိုက်တို့ကို ရှင်းလင်းရန်အတွက် (သို့မဟုတ်) အမှိုက်များထဲမှ ပြန်လည်အသုံးပြုနိုင်သောပစ္စည်းများ ထုတ်ယူရန် ရီဆိုက်ကလင်း

(Recycling) လုပ်ရန်အတွက် အမှိုက်ကို 'ကုန်' အဖြစ် သတ်မှတ်ကာ အခြားနေရာများ၊ အခြားနိုင်ငံများသို့ တင်ပို့ခြင်း အလုပ်ကို အမှိုက်ပိုင်ရှင်များက လုပ်ခဲ့ကြသည်။

ထိုသို့ လုပ်ရာ၌---

ပိုလန်နိုင်ငံသို့ ၃-နှစ်အတွင်း (၆၄)ကြိမ်မျှ အမှိုက်များ တင်ပို့ခဲ့သည်။ ထိုသို့တင်ပို့ခြင်းများတွင် (၃၂)ကြိမ်အထိ ပိုလန်သို့ပို့ခဲ့သော အမှိုက်ပိုင်ရှင် စီးပွားရေးသမားများမှာ ဂျာမဏီနိုင်ငံမှဖြစ်သည်ကို တွေ့ရသည်။ ၁၉၉၃-ခုနှစ်တွင်လည်း ဂျာမဏီနိုင်ငံမှ ရူမေနီးယန်းနိုင်ငံသို့ တရားမဝင် မှောင်ခိုတင်ပို့ခဲ့သောအမှိုက်များ ရှိခဲ့သည်။ ယင်းမှောင်ခိုအမှိုက်တင်သွင်းမှုကို ဖော်ထုတ်နိုင်သောကြောင့် ဂျာမဏီသည် မှောင်ခို အမှိုက် ၄၂၅-တန်ကို ပြန်လည်လက်ခံယူခဲ့ရသည်။

အင်ဒိုနီးရှားနိုင်ငံသို့ ပလတ်စတစ်အမှိုက်သွင်းကုန် တန်-၁၀၀၀ တွင် တန်၄၀၀-ခန့်မှာ ရီဆိုက်ကလင်း လုပ်၍မရသော အဆိပ်သင့်နေသောပစ္စည်းများ ဖြစ်နေသည်ကို ၁၉၉၂-ခုနှစ်တွင် ထုတ်ဖော်တွေ့ရှိရသောကြောင့် အင်ဒိုနီးရှားနိုင်ငံ အာဏာပိုင်အဖွဲ့အစည်းက ပလတ်စတစ်အမှိုက် သွင်းကုန်ကိုတားမြစ်ပိတ်ပင်ခဲ့သည်။

အမှိုက်ပိုင်ရှင် စီးပွားရေးသမားများသည် တစ်စထက်တစ်စ ဆင်းရဲလာသော တတိယကမ္ဘာ၏ နိုင်ငံခြားဝင်ငွေ အရေးတကြီး လိုအပ်မှုကို အခွင့်ကောင်းယူကာ အမှိုက်ရှို့စက်များ၊ ရီဆိုက်ကလင်း လုပ်သော စက်များကို ဖွံ့ဖြိုးမှုအကူအညီဟူသော ခေါင်းစဉ်ဖြင့် ရောင်းချကြသည်။ ရှင်းလင်းရန်အတွက် တင်ပို့လိုက်သည့် အမှိုက်တွေ

က အမျိုးစုံလင်လှသည်။ ပလတ်စတစ်ထုတ်ပိုးပစ္စည်း၊ အလူမီနီယံပေါင်းစပ်ထားသော ထုတ်ပိုးအမှိုက်များ၊ ဓာတ်ခဲ၊ ဘက်ထရီများနှင့် အိမ်သုတ်ဆေး၊ ပိုးသတ်ဆေး၊ ဈေးချွတ်ဆေးအကြွင်းအကျန်ဘူးများ အစရှိသည့် ဓာတု အမှိုက်များပင်ဖြစ်သည်။ ထိုအမှိုက်များကို မီးရှို့ဖျက်ဆီးရာ၌ အန္တရာယ် မကင်းသကဲ့သို့ ရီဆိုက်ကလင်းလုပ်၍ အသုံးပြုရာ၌လည်း အန္တရာယ်ကများနေဆဲပင် ရှိပေလိမ့်မည်။ ဥပမာအားဖြင့် ပုံလောင်း၍ အရောင်ဆိုးထားသော ပလတ်စတစ်အိတ်များတွင် ဓာတုပစ္စည်းအမျိုးမျိုး ပါဝင်ပေါင်းစပ်နေသည်။ သို့ဖြစ်၍ၛင်းတို့ကို အရည်ဖျော်၍ ပြန်လည်အသုံးပြုလျှင်ပင် ထိုင်ခုံ၊ ပန်းအိုး၊ စသည်တို့လောက်သာ အသုံးပြုနိုင်သည်။ အစားအစာထုတ်ပိုးရန် အသုံးပြုဖို့ကတော့ လုံးဝမသင့်လျော်၊ အရည်ပြန်ဖျော်သည့်အဆင့်တွင်လည်း ၎င်းတို့၏ ဓာတုပစ္စည်းများ၊ အထူးသဖြင့် ကလိုရင်းဓာတ်၊ စသည့်ဒြပ်ပေါင်းများကြောင့် အလုပ်သမားများ၏ ကျန်းမာရေးကို အန္တရာယ်များစွာ ပေးနိုင်သေးသည်။ ကမ္ဘာတွင် အမှိုက်မျိုးစုံ ထုတ်လုပ်သည့်အရာ၌ နာမည်ကြီးသော တိုင်းပြည်များမှာ အမေရိကန်နှင့် ဂျပန်နိုင်ငံတို့ပင် ဖြစ်သည်။ စီးပွားရေးသမားများက သူတို့ရောင်းလိုသော ပစ္စည်းတစ်မျိုးအတွက် အမှိုက်များစွာကိုပါ ထုတ်လုပ်ပေးကြသည်။ ဆိုပါစို့၊ အထုပ်ကြီးကြီး တစ်ခု-----

ထိုအထုပ်ကို ဖယောင်းစက္ကူတစ်ထပ်၊ ပလတ်စတစ်တစ်ထပ်၊ ဖော့တုံးငယ်များကို ဝန်းရံ၊ ၎င်းတို့အပေါ်မှာ စက္ကူဘူး (သို့မဟုတ်) သေတ္တာဘူး၊ ၎င်းအထက်တွင် ရောင်စုံစက္ကူပတ်၊ ထို့နောက် ပလတ်

စတစ်ကြိုးလိမ်လိမ်ကို ဘူး၏ထိပ်မှာတပ်၊ လမ်းတွင်သယ်ယူရန်ဆိုပြီး လက်ကိုင်ကြိုးပါသော စက္ကူအိတ် (သို့မဟုတ်) ပလတ်စတစ်အိတ်ထဲ ထည့်၍ပေးလိုက်သည်။ အိမ်ကိုရောက်၍ ဘူးကိုဖွင့်လိုက်သောအခါ ချော့ကလက်ဘူးငယ်တစ်ခု၊ ပို့စကဒ်ငယ်တစ်ခု၊ လက်ကိုင်ပုဝါ တစ်ထည် သာပါလာသည်ကို တွေ့ရတတ်သည်။ သို့ရာတွင် ဘူးကိုဖွင့်ပြီးသည်နှင့် တစ်ပြိုင်နက် အမှိုက်ပုံကြီးဖြစ်သွားသည်။

နယူးယောက်မြို့သည် တစ်နေ့လျှင် အမှိုက်တန်ပေါင်း သုံးသောင်းကျော် စွန့်ပစ်နေရသည်။ ထိုသို့ စွန့်ပစ်လိုက်သော အမှိုက်များဆီသို့ ရီဆိုက်ကလင်းလုပ်ရမည့် အမှိုက်များကလည်း ထပ်၍ ရောက်လာသောအခါ ကမ္ဘာပေါ်တွင် အကြီးဆုံး အမှိုက်ပုံကြီး ဖြစ်သွားသည်။ ၁၉၈၉-ခုနှစ်က အမေရိကန်နိုင်ငံ မြို့တစ်မြို့တွင် ရီဆိုက် ကလင်းလုပ်၍ ပြန်လည်အသုံးပြုရန် အရေးကြီးကြောင်း သရုပ်ပြပွဲ တစ်ခု၌ သတင်းစာများ ထုတ်ဝေရန်အတွက် သစ်ပင်မည်မျှပြုန်းတီး နိုင်ကြောင်း ပြထားသည်။ ၅-ပေ အမြင့်ရှိသော သတင်းစာပုံတစ်ပုံ အတွက် အမြင့် ပေ၄၀-ကျော်ရှိသော ထင်းရှူးပင်တစ်ပင်ကို ခုတ်လှဲရ သောကြောင့် ငါးပေအမြင့်ရှိသော သတင်းစာပုံ ၁၈၀၀ အတွက် မည်မျှ သစ်ပင်ပြုန်းတီးကြောင်း ပြသခဲ့ခြင်းဖြစ်သည်။ စွန့်ပစ်မည့်သတင်းစာ အမှိုက်တို့ကို ရီဆိုက်ကလင်းလုပ်ရာ၌ ပတ်ဝန်းကျင်ကို မည်ကဲ့သို့ ညစ်ညမ်းစေနိုင်ကြောင်းကိုလည်း ပြသဖို့လိုပေလိမ့်ဦးမည်။ တတိယ ကမ္ဘာမှ လျင်မြန်စွာတိုးတက်သွားသော တောင်ကိုးရီးယားနိုင်ငံကို ကြည့်လျှင်လည်း ထုတ်ပိုးအမှိုက်ပြဿနာကို ရင်ဆိုင်နေရသည်ကို


တွေ့နိုင်သည်။ အာရှ၏ အချမ်းသာဆုံးနိုင်ငံထဲမှ တစ်နိုင်ငံဖြစ်သည့် ထိုင်ဝမ်ကိုကြည့်လျှင်လည်း စက်မှုထုတ်ကုန်မှ အမှိုက်များဖြင့် အာရှတွင် လေထု၊ ရေထု၊ မြေထု၊ အညစ်ညမ်းဆုံးဒေသ ဖြစ်လျက်ရှိသည်ကို တွေ့နိုင်သည်။ ရင်ဆိုင်နေရသော အမှိုက်များကို အဆိပ်သင့်စေသော ဓာတုအမှိုက်များမဟုတ်ပါဟု ငြင်းချင်လျှင် ငြင်းနိုင်သော်လည်း အမှိုက်ပေါင်းစုံကြောင့် ပတ်ဝန်းကျင် ညစ်ညမ်းလျက်ရှိနေပြီ ဖြစ်သည်ကိုတော့ ငြင်းနိုင်လိမ့်မည်မဟုတ်ပါ။

▲▲▲

'ပတ်ဝန်းကျင် ညစ်ညမ်းအရုပ်ဆိုးအောင် အမှိုက်မျိုးစုံကို ထုတ်လုပ်ခဲ့သူများမှာ လူများပင်ဖြစ်သည်။ တီထွင်မှုအမျိုးမျိုး၊ နည်းပညာအမျိုးမျိုးဖြင့် မြေပေါ်မြေအောက် သယံဇာတတို့ကို အတိုင်းမသိသုံးစွဲ၍ ကမ္ဘာကြီးကို ဒဏ်ရာဒဏ်ချက်မျိုးစုံ ပေးနိုင်ကြသည်မှာလည်း လူတို့ပင်ဖြစ်သည်။ သဘာဝတရားကိုဖျက်ဆီး၍ အဆုံး၌ မိမိတို့ဘဝကို မိမိတို့ဖျက်ဆီးကြမည့်သူများမှာလည်း လူတို့ပင်ဖြစ်ပါလိမ့်မည်ဟု ဆိုတတ်ကြသည်။ ထိုသို့ဆို၍ ညည်းညူနေမည့်အစား ပတ်ဝန်းကျင်ကို မညစ်နွမ်းစေလိုသူများသည် သဘာဝအဖျက်သမား အမှိုက်စုံထုတ်လုပ်သူများကို ရရာအဆင့်မှ တတ်နိုင်သည့်နည်းဖြင့် ဟန့်တားဖို့လိုမည်ဖြစ်သည် ' ဟု သူကဆိုပါသည်။

အထက်ပါအကြောင်းအရာများကို ပြောပြပြီးနောက် နိဂုံးချုပ်သည့်အနေဖြင့် သူက'လူ့အဖွဲ့အစည်းမှာလည်း အမှိုက်နှင့်တူတဲ့လူတွေ

ရှိတယ်၊ ဒီအမှိုက်လူတွေဟာ အခြားလူတွေကို ဒုက္ခမျိုးစုံ၊ အနိဋ္ဌာရုံမျိုးစုံ ပေးနိုင်တယ်၊ ဒီတော့ လူ့အဖွဲ့အစည်းရဲ့ကောင်းကျိုးကို ရည်မျှော်ပြီး အမှိုက်လူတွေမဖြစ်အောင် ကြိုးစားဖို့၊ အမှိုက်လူတွေကို ဖယ်ရှား ရှင်းလင်းဖို့လဲလိုတယ်' ဟု ဆိုပါသည်။




လူ၊သိပ္ပံနှင့်ကုသိုလ်၊အကုသိုလ်

# လူ၊ သိပ္ပံနှင့် ကုသိုလ် အကုသိုလ်

▲

ထိုနေ့ညနေက မော်လမြိုင်တက္ကသိုလ် ကံ့ကော်တောအတွင်းက လက်ဖက်ရည်ဆိုင်တွင် ကျွန်တော်တို့မိတ်ဆွေတစ်စု ထိုင်မိကြသည်။

မှာလိုက်သော သက်ဆိုင်ရာလက်ဖက်ရည်ကော်ဖီတို့ ရောက်လာပြီးနောက် မကြာခင်မှာပင် (ကျွန်တော်တို့စကားတန် ရှည်ကြမည်ကို သိနှင့်ပြီးသားဖြစ်နေသော ဆိုင်ရှင်က ချပေးခိုင်းလိုက်သည့်) ရေနွေးကြမ်းအိုးနှစ်လုံးလည်း စားပွဲပေါ်သို့ ထပ်ရောက်လာသည်။

စကားဝိုင်းကို ဦးဆောင်ပြောဆိုသူမှာ သိပ္ပံဆရာဖြစ်ပါသည်။ အတတ်ပညာနှင့် နည်းပညာတို့၏ ခြားနားချက်များအကြောင်း၊ သုတေသနလုပ်ငန်း၏ အရေးပါမှုအကြောင်း၊ သီအိုရီတစ်ခုထုတ်နိုင်ဖို့အတွက် ဖြတ်ကျော်ရသော အဆင့်များအကြောင်းကို သူကပြောနေသည်။ အများအားဖြင့် သူပြောပြသော အကြောင်းအရာများကို ညဏ်

မမီဘဲဖြစ်နေပါသည်။ ထို့နောက် သူက သိပ္ပံဆိုင်ရာပြဿနာတို့၏ လေးနက် ခက်ခဲမှုအကြောင်းနှင့် ပြဿနာတစ်ခုကို ဖြေရှင်းနိုင်ရေး အတွက် လက်တွေ့စမ်းသပ်မှု Experiment လုပ်ရာ၌ မည်မျှအချိန်ကုန် လူပန်းဖြစ်ရကြောင်းများကို ပြောပြန်ပါသည်။ သူပြောပြသည်များ အနက် မှတ်ရလွယ်သောအကြောင်းများကတော့-သောမတ်အယ်ဒီဆင် သည် လက်တွေ့စမ်းသပ်မှုတစ်ရပ်ကို အကြိမ်ပေါင်းတစ်သောင်း လောက်ပြုလုပ်ခဲ့ရကြောင်းနှင့်လျှပ်စစ်မီးသီးအတွင်းက မီးလင်းနေ သော'တန်စတင်ကြိုး'ကို ရလာရန်အတွက် ပစ္စည်းတစ်မျိုးပြီး တစ်မျိုး စမ်းသပ်ခဲ့ရာ အမျိုးပေါင်းတစ်ထောင်ခန့်ပင် ပြောင်းလဲ စမ်းသပ်ခဲ့ရ ကြောင်းတို့ ဖြစ်ပါသည်။

အခြားမိတ်ဆွေတစ်ဦးက 'အခြေအနေတစ်ရပ်အတွင်းမှာ ကျ ရောက်ဖြစ်ပေါ်လာတဲ့ လူမှုပြဿနာတွေကို ဖြေရှင်းတဲ့အခါမှာတော့ လက်တွေ့စမ်းသပ်မှုလုပ်ဖို့က မလွယ်ဘူး၊ ခက်တယ်' ဟု ညည်းညူသံ နှင့် ဝင်၍ပြောပါသည်။ ထို့နောက် သူက 'အခုကျွန်တော်ပြောပြမယ့် အဖြစ်အပျက်က နည်းနည်းရှိုင်းမလားတော့ မသိဘူး၊ ရှိုင်းရင်လဲ သည်းခံကြဗျာ' ဟု ဆိုကာ အောက်ပါကဲ့သို့ ပြောပါသည်။

'ဟို-မန္တလေးရတနာပုံခေတ်ကတဲ့ဗျာ၊ တစ်နေ့မှာ ဒကာမ တစ်ဦးက ကျောင်းထိုင်ဘုန်းတော်ကြီးအတွက် အမွန်အမြတ်ခဲဖွယ် ဘောဇဉ်တွေကို ဆွမ်းအုပ်နီနီကြီးထဲမှာ ထည့်ပိတ်ပြီးတော့ ဆွမ်းလာပို့ တယ်၊ ကျောင်းဝင်းဝင်ပေါက်က ဝင်လာလို့မကြာခင်မှာ စင်္ကြံလမ်း အတိုင်း စင်္ကြံလျှောက်လာတဲ့ ကျောင်းထိုင်ဘုန်းတော်ကြီးနဲ့တွေ့တယ်၊

ဆွမ်းအုပ်ကြီး ရွက်ထားရတော့ထိုင်ပြီးမရှိခိုးနိုင်တော့ဘဲနဲ့ 'အရှင်ဘုရား အတွက် ဆွမ်းလာပို့တာပါဘုရား' လို့ ဒကာမကလျှောက်တယ်၊ ဒီလို လျှောက်ထားနေတုံး ခွေးတစ်ကောင်ရောက်လာပြီးတော့ ဒကာမရဲ့ ထဘီကို ဆွဲဟပ်လိုက်တယ်။ အဲဒီခေတ်က ထဘီက ဒီခေတ်လို လုံကွင်း မဟုတ်တော့ ခွေးရဲ့သွားနဲ့ငြိပြီး ထဘီကပြုတ်ပါသွားတယ်။ ဒကာမလဲ လန့်ပြီးအော်၊ ဘုန်းတော်ကြီးကလဲ ခွေးကိုကြိမ်းမောင်းလုပ်တော့- ဆိုးတာက အဝေးကိုထွက်ပြေးသွားတဲ့ ခွေးနောက်ကို ထဘီကလဲ အဝေး ကြီးပါသွားတဲ့အဖြစ်ပေါ့ဗျာ၊ ထဘီမရှိဘဲမတင့်မတယ် မဖွယ်မရာဖြစ်နေ တော့ ဘုန်းတော်ကြီးက 'ဟဲ့ဒကာမ ထိုင်လိုက်၊ ထိုင်လိုက်'လို့မိန့်တယ်၊ ဘုန်းတော်ကြီးရဲ့အတွေးက ရပ်လျက်သားအနေအထားထက် ထိုင်နေတဲ့ အနေအထားက မဖွယ်မရာအဖြစ်မှ သက်သာလေမလားဆိုတဲ့ အတွေး ဖြစ်ပါလိမ့်မယ်။ ထိုင်ခိုင်းနေတော့ ဒကာမ ကလဲ ဆွမ်းအုပ်ရွက်နဲ့ပဲ ထိုင်လိုက်တာပေါ့၊ ထိုင်လိုက်တော့မှ ပိုဆိုးသွားတယ်။


'ဒါနဲ့ဘုန်းတော်ကြီးက 'ဟဲ့ဒကာမပြန်ရပ်၊ ပြန်ရပ်'လို့ အမိန့်ရှိ တယ်၊ ဒကာမကလဲ ရှက်ရှက်ရွံ့ရွံ့နဲ့ ပြန်ရပ်ပြန်တယ်၊ ပြန်ရပ်တော့လဲ ဘာထူးမှာလဲ၊ မူလကအခြေအနေအတိုင်း ပြန်ဖြစ်နေတာပဲ၊ ဒီအခါမှာ ဘုန်းတော်ကြီးက၊ 'ဟဲ့ဒကာမ၊ ဆွမ်းအုပ်နဲ့ကွယ်ထား'လို့ အမိန့်ရှိပြန် တယ်၊ ဒကာမကလဲ ခေါင်းပေါ်ကဆွမ်းအုပ်ကိုယူပြီး ကွယ်ရတာပေါ့၊ ကွယ်ထားရုံရှိသေး-အတွေးတစ်ခုထပ်ရလာတဲ့ ဘုန်းတော်ကြီးက၊ 'ဟဲ့ ဒကာမ ဆွမ်းအုပ်ကိုပြန်ရွက်၊ ပြန်ရွက်'လို့ စိုးရိမ်သံနဲ့အမိန့်ရှိပြန်တယ်၊ ဘုန်းတော်ကြီး ရလာတဲ့အတွေးက ရဟန်းသူမြတ်တို့ ဘုဉ်းပေး

သုံးဆောင်ရမယ့်ဆွမ်းအုပ်ကို ဒီလို မတော်တလျော် ကပ်ထားကွယ်ထား လုပ်ရင် ဒကာမမှာ အပြစ်ရှိမယ်'ဆိုတဲ့အတွေးမျိုးလားတော့မသိဘူး၊ ပြန်စွက်ဆိုတော့၊ ဒကာမလဲ ဆွမ်းအုပ်ကို ခေါင်းပေါ်ပြန်စွက်ရတာပေါ့၊ ပြန်စွက်တော့လဲ ပြဿနာကမပြေလည်ပါဘူး၊ မူလအတိုင်းပဲပြန်ဖြစ်နေတယ်၊ မတင့်မတယ် မဖွယ်မရာဖြစ်နေတဲ့ ပြဿနာကို တင့်တယ်ဖွယ်ရာအောင် ရှင်းတော့ရှင်းတာပဲ၊ ဒါပေမယ့် ရှင်းရင်းရှင်းရင်း အစကလိုပဲ ပြန်ရှုပ်နေတာ၊ ပြဿနာသမိုင်း တစ်ပတ်လည်တာဖြစ်မှာပေါ့-

'ဒီအဖြစ်အပျက်အကြောင်းကို တခြားသူတွေကိုလဲ ကျွန်တော်ပြောပြဖူးတယ်၊ ပြဿနာကို ဘယ်လိုရှင်းမလဲလို့လဲ သူတို့ကိုမေးဖူးတယ်၊ တချို့ကတော့ ဒကာမ ဆွမ်းဒါနမြောက်ဖို့ကိုသာ ဦးစားပေးပြီး ဘုန်းတော်ကြီးက ရှင်းရမယ်တဲ့ဗျ၊ ဆွမ်းအလှူ မြောက်အောင် ဆွမ်းကပ်ခိုင်းပြီးမှ ဝတ်စရာကိုရှာခိုင်းရမယ်တဲ့၊ တချို့ကတော့လဲ ဘုန်းတော်ကြီးဟာ တစ်နေ့တာ ဆွမ်းကိစ္စကိုခြိုးခြံမယ်လို့ ဆုံးဖြတ်ပြီးတော့ ဆွမ်းအုပ်ကို ရှေ့ဘက်ကကွယ်၊ ဆွမ်းအုပ်အဖုံးကို လက်တစ်ဖက်နဲ့ ဖွင့်ယူပြီး နောက်ဘက်ကိုပါ ကာထားလို့ခိုင်းရမယ်တဲ့ဗျ၊ ရှေ့ကကာ၊ နောက်ကကွယ်လုပ်နေရုံနဲ့လဲ ပြဿနာက ရှင်းမယ်မထင်ပါဘူးဗျာ၊ ဘေးဘက်တွေက မလုံတဲ့ပြဿနာတွေကလဲ ရှိသေးတယ်မဟုတ်လား၊ သိပ္ပံကပြဿနာကိုရှင်းတဲ့နည်းနဲ့ လူတွေထဲက လူမှုပြဿနာကို ရှင်းတဲ့နည်းဟာ မတူကြဘူးလို့ထင်တာပဲ၊ လုပ်စမ်းပါဦး၊ ခင်ဗျားတို့ကတော့ ဒီပြဿနာကို ဘယ်လိုရှင်းမလဲဆိုတာ---'

▲▲

ကျွန်တော်တို့က ဖြေရှင်းချက်မပေးဘဲ လျင်လျင်မြန်မြန် ရပ်လိုက်ကြပြီး စကားဝိုင်းကို သိမ်းလိုက်ပါသည်။ အဘယ်ကြောင့်ဆိုသော် မိုးသက်လေနှင့်အတူ တလိမ့်လိမ့်တက်လာသော မိုးတိမ်မည်းများ ကျွန်တော်တို့နေထိုင်ရာ သမိန်ဗရမ်း ဆရာများအဆောင်ပေါ်သို့ မရောက်မီထီးမပါကြသော ကျွန်တော်တို့က အလျင်အဦးရောက်ဖို့ရန် သုတ်ခြေတင်ရေးပြဿနာကို ဦးစားပေးဖြေရှင်းရမည် ဖြစ်သော ကြောင့်ပါတည်း။



အရုဏ်မတက်မီ

## အရဏ်မတက်မီ

▲

ထိုနေ့ညက

'ပြဿနာ'ကို ပြဿနာလုပ်၍ သူတို့ကဆွေးနွေးကြသည်။ ထို့နောက် အပြုအမူတို့၏ မှန်ခြင်း၊ မှားခြင်း၊ ကောင်းခြင်း၊ ဆိုးခြင်း အကြောင်းကိုလည်း ဆွေးနွေးကြသည်။ တစ်ဦးသောသူက အောက်ပါ အဖြစ်အပျက်ကို ပြောပြပါသည်။

▲▲

'ရွာတစ်ရွာရဲ့အလယ်မှာ အသီးတွေမှည့်ဝင်းနေတဲ့ တည်ပင်ကြီးတစ်ပင်ရှိတယ်၊ အဲဒီတည်ပင်ကြီးက တည်သီးမှည့်တွေကိုမျောက်တွေကသိပ်စားချင်နေကြတယ်။ ဒါနဲ့မျောက်တွေက သူတို့ရဲ့ မျောက်

ခေါင်းဆောင်ကို တည်သီးသွားစားချင်တဲ့အကြောင်း ပြောကြတယ်။ ဒီလို ပြောတော့ ခေါင်းဆောင်က---

'လူတွေဟာ သိပ်မာယာများတဲ့သူတွေ ဖြစ်တယ်။ လူတွေဟာ သူတို့ကို အန္တရာယ်တွေ အများကြီးပေးနိုင်တယ်။ ဒါကြောင့် မသွားစေချင်ဘူးလို့ပြောတယ်၊' ဒီအခါမှာ မျောက်တွေက 'ဒါဆိုရင်လူတွေကို အိပ်ပျော်သည့်အထိစောင့်ပြီး တစ်ရွာလုံးအိပ်မောကျမှ တည်သီးသွားစားမယ်'လို့ ပြောကြတယ်---

မျောက်တွေရဲ့ခေါင်းဆောင်ဟာ မျောက်အများအစုရဲ့ဆန္ဒကို မလွန်ဆန်နိုင်တာနဲ့ သဘောတူလိုက်ရတယ်။ မျောက်တွေဟာ ရွာနဲ့ မနီးမဝေးကနေပြီး ရွာသားတွေအိပ်သည်အထိ စောင့်နေကြတယ်။ လူတွေအိပ်မောကျပြီလို့ သိရတဲ့အခါမှာ မျောက်တွေဟာ ရွာလည်က တည်ပင်ကြီးဆီသွားတယ်။ ရောက်တော့ တည်ပင်ကြီးပေါ်တက်ကြပြီး တည်သီးတွေကို စားနေကြတယ်။

အဲဒီအချိန်မှာ ရွာသားတစ်ယောက်က အပေါ့အပါးကိစ္စအတွက်အိပ်ရာကနိုးလာပြီး အိမ်ပြင်ကိုထွက်တယ်။ ဒီရွာသားဟာ တည်ပင်ပေါ်မှာ မျောက်တွေအမြောက်အမြား တက်ရောက်စားသောက်နေကြတာကိုသိသွားတယ်။ ဒါနဲ့ဒီရွာသားက တခြားရွာသားတွေကိုနှိုးပြီး ပြောပြတယ်။

ရွာသားတွေဟာ ရသမျှ တုတ်၊ ဓား၊ လက်နက်တွေကို ကိုင်ဆောင်လာပြီးတော့ အရုဏ်တက်လို့ အလင်းရောင်ရတာနဲ့

တစ်ပြိုင်နက်၊ မျောက်တွေကို ဖမ်းဆီးသတ်ဖြတ်ကြမယ်ဆိုတဲ့ ဆုံးဖြတ်ချက်နဲ့ တည်ပင်ကြီးကို ဝိုင်းထားကြတယ်။

ဒီလို လူတွေတည်ပင်အောက်မှာ သူတို့ကိုဖမ်းဆီးသတ်ဖြတ်ဖို့ ရောက်နေကြတာကိုလဲသိရော မျောက်တွေဟာ ထိတ်ထိတ်ပျာပျာတွေ ဖြစ်ပြီး တည်သီးဆက်မစားနိုင်ကြတော့ဘူး၊ တည်ပင်အောက်မှာ လူတွေစောင့်နေကြတဲ့အကြောင်းကို မျောက်တွေက သူတို့ရဲ့ခေါင်းဆောင်မျောက်ကို ပြောကြတယ်။

မျောက်တွေရဲ့ ခေါင်းဆောင်ကတော့ အေးဆေးတည်ငြိမ်စွာနဲ့ လူတွေကို ကြောက်ရွံ့ထိတ်လန့်ဖို့မလိုကြောင်း၊ စားမှာကို ဆက်ပြီး စားကြဖို့အကြောင်း နှစ်သိမ့်စကားပြောတယ်၊ ခေါင်းဆောင်ဖြစ်သူမှာ မျောက်တွေလွတ်မြောက်ရေးအတွက် အကြံကောင်း၊ ဉာဏ်ကောင်း ရှိနေလို့ ဖြစ်ပါလိမ့်မယ်၊

မျောက်တွေရဲ့ခေါင်းဆောင်က ဒီလိုနှစ်သိမ့်အားပေးစကား ပြောပြီးတဲ့နောက် မျောက်တွေကို စုဝေးစေပြီးတော့ ပျောက်နေသူ ရှိမရှိစစ်ဆေးတယ်၊ ဒီလိုစစ်ဆေးတဲ့အခါမှာ မျောက်ခေါင်းဆောင်ရဲ့ တူဖြစ်သူ မျောက်တစ်ကောင်ပါမလာကြောင်း သိတယ်၊ အဲဒီအခါမှာ- မျောက်တွေရဲ့ခေါင်းဆောင်က မျောက်တွေကို သူ့ရဲ့တူဖြစ်သူ ပါမလာခြင်းဟာ မျောက်အားလုံး လွတ်မြောက်ဖို့ပင်ဖြစ်ကြောင်း၊ သူ့ရဲ့တူဟာ မျောက်အားလုံးချမ်းသာအောင် ကယ်တင်လိမ့်မှာဖြစ်ကြောင်း အားပေးစကားထပ်ပြောတယ်။

ပါမလာခဲ့တဲ့မျောက်ဟာ ထက်မြက်တဲ့ အကြံဉာဏ်ရှိသူဖြစ်တယ်၊ တခြားမျောက်တွေလို အာသာငမ်းငမ်း တည်သီးစားချင်စိတ်ရှိဟန်မတူဘူး၊ ဒါကြောင့် ရွာအပြင်မှာ နောက်ကျကျန်ရစ်တာ ဖြစ်ပါလိမ့်မယ်။ ဆိုခဲ့တဲ့အတိုင်း မျောက်ခေါင်းဆောင်ဟာ မျောက်တွေကို စစ်ဆေးနေချိန်လောက်မှာ သူကရွာထဲကိုဝင်လာတယ်။

ရွာလည် တည်ပင်နားလဲရောက်ရော တည်ပင်ပေါ်က မျောက်တွေကိုဝိုင်းထားတဲ့ လူတွေကို သူလှမ်းမြင်ရတယ်၊ မျောက်တွေရဲ့သေရေး၊ ရှင်ရေးဟာ သူ့အပေါ်မှာမူတည်နေတယ်ဆိုတာ သူသိပါလိမ့်မယ်၊ သူအခုရင်ဆိုင်နေရတဲ့ပြဿနာဟာ မျောက်တွေကို လူတွေရဲ့လက်က ဘယ်လိုလွတ်အောင် လုပ်မလဲဆိုတဲ့ ပြဿနာပဲ၊

အကြံဉာဏ်ထက်မြက်သူဆိုတော့ သူကရွာစွန်မှာရှိတဲ့ အိမ်တစ်အိမ်ဆီကိုသွားတယ်၊ ဟိုဟိုဒီဒီကြည့်လိုက်တော့ မီးဖိုတစ်ခုကိုတွေ့တယ်၊ သူက အဲဒီမီးဖိုကမီးစကိုယူ၊ ဒီလိုယူပြီးတော့ လေညာအရပ်ကနေရွာကိုမီးတိုက်တော့တာပဲ။

ရွာကိုမီးလောင်တာလဲမြင်ရော တည်ပင်ကိုဝိုင်းထားတဲ့လူတွေအားလုံးဟာ မီးငြိမ်းဖို့မီးလောင်ရာဆီကို ပြေးကြတယ်၊ ဒီလိုလူတွေလည်းပြေးကြရော. . . .

မျောက်တွေဟာ တည်ပင်ပေါ်ကဆင်းပြီး ပြေးခွင့်ရတဲ့အတွက် အသက်ချမ်းသာရာရသွားကြတယ်၊ သူတို့ကိုကယ်တင်ခဲ့တဲ့ မျောက်ခေါင်းဆောင်ရဲ့တူဖြစ်သူအတွက် မျောက်တစ်ကောင်စီမှာ တည်သီးတစ်လုံးစီ သယ်လာကြတယ်တဲ့ဗျာ၊

မျောက်တွေဟာ သူတို့ရဲ့ကယ်တင်ရှင်ကို ကျေးဇူးသိတတ်ကြပါပေတယ်။

▲▲▲


အထက်ပါအဖြစ်အပျက်ကို ပြောပြီးနောက် သူက---

'မျောက်တွေကို ဖမ်းဆီးသတ်ဖြတ်ဖို့ တည်ပင်ကြီးအောက်မှာ စောင့်နေကြတဲ့လူတွေရဲ့ အနီးအပါးကို ရောက်လာတဲ့ မျောက်ခေါင်းဆောင်ရဲ့တူဖြစ်သူ ရင်ဆိုင်ရတဲ့ပြဿနာက ပြဿနာအတုမဟုတ်ဘူးဗျ၊ ပြဿနာအစစ်၊ ပြီးတော့ ခင်ဗျားတို့စဉ်းစားကြည့်၊ သူဖြေရှင်းရမယ့် ပြဿနာက အချိန်ရွှေ့ဆိုင်းပြီး နောင်ကျမှဖြေရှင်းရမယ့် ပြဿနာမျိုး မဟုတ်ဘူး၊ အရုဏ်မတက်ခင် ဖြေရှင်းပေးရမယ့် ပြဿနာ၊ အရုဏ်မတက်ခင်ပြေလည်အောင် ဖြေရှင်းပစ်ရမယ့် ပြဿနာဖြစ်တယ်၊ ပြဿနာရှင်းတဲ့အခါမှာ အချိန်ကိုချိန်ဆနိုင်ခြင်းဟာ အရေးကြီးတဲ့စွမ်းရည် ဖြစ်တယ်။ ချိန်ဆမှုမှားရင် ပြဿနာဟာ မပြေလည်နိုင်တော့ဘူး၊ ဒီမှာတွေးစရာတော့ရှိတယ်ပေါ့၊ ဘာလဲဆိုတော့ ပြဿနာဖြေရှင်းတဲ့အခါမှာ ရွာကိုမီးတိုက်ခြင်းအားဖြင့် ဖြေရှင်းတယ်ဆိုတော့ ရွာသားတွေဘက်ကကြည့်ရင်တော့ မျောက်တွေရဲ့လုပ်ရပ်ဟာ မကောင်းဘူး၊ ဆိုးတယ်ပေါ့ဗျာ၊ ဒါပေမယ့် မျောက်တွေဘက်ကကြည့်ရင်တော့လဲ ဒီလိုမှ မလုပ်ရင် မျောက်တွေအစုလိုက်အပြုံလိုက်သေကြရမှာဆိုတော့--

ရွာကိုမီးတိုက်ပြီး ရွာသားတွေရဲ့အာရုံကို ပြောင်းအောင်လုပ်တာဟာ၊ အစုလိုက်အပြုံလိုက် မျောက်တွေကိုသတ်ဖြတ်တဲ့ ပါဏာတိပါတကံကို ရွာသားတွေမကျူးလွန်ရအောင် ဟန့်တားပေး

လိုက်ရာရောက်သွားပါတယ်၊ ဒါကြောင့် သူ့လုပ်ရပ်ဟာ လုပ်သင့်တဲ့ လုပ်ရပ်လို့ ကျုပ်ကတော့ထင်တယ်' ဟု သူကဆိုပါသည်။

ထိုသို့ဆိုသောအခါ အခြားသူများက ဘာမျှဆင်ခြေမတက်ဘဲ ဆိတ်ငြိမ်နေကြပါသည်။ သူတို့ရင်ထဲ၌ ပြဿနာကိုယ်စီရှိ၍ ဖြေရှင်းရန် နည်းလမ်းကို ကြံဆနေကြသောကြောင့်ပင်လား၊ သို့မဟုတ် စကားစ ပြတ်လျှင် မြန်မြန်အိပ်ရမည်ဟု တွေးနေ၍ မတုံ့ပြန်ဘဲ ငြိမ်နေကြခြင်း ပင်လားဆိုသည်ကိုတော့မသိပါ။



စကား

# စကား

▲

ပေါင်းတည်မြို့သို့ ရောက်ခိုက် ငယ်စဉ်က ပညာသင်ကြား ပေးသည့် ဆရာထံသွားရောက်၍ ကန်တော့ပါသည်။ ဆရာက ဝမ်းမြောက်ခြင်းများစွာဖြင့် ဆုပေးရင်း၊ ဆုံးမစကားတွေဆိုပါသည်။ ဆရာက--

'ဆရာဆိုတော့ ဆရာလုပ်တတ်တဲ့အကျင့်ကို မဖျောက်နိုင်ဘူး ပေါ့တပည့်ရေ-ဒါပေမယ့် ကိုယ့်ကိုယ်ကိုလည်း ဆရာပြန်လုပ်ဖို့ ဆုံးမဖို့တော့ မမေ့ပါဘူး 'အဖိုးအို'မဖြစ်စေဖို့ တန်ဖိုးရှိစွာနဲ့အသက်ရှင်တဲ့ 'အဖိုးကြီး' ဖြစ်ဖို့ ဆုံးမနေပါတယ်' ဟု ဆိုပါသည်။

ထို့နောက် ဆရာက ကျွန်တော့်ကို 'စကားပြောဆိုသည့်အခါ ဆင်ဆင်ခြင်ခြင် ချင့်ချင့်ချိန်ချိန်နှင့် သတိရှိစွာပြောဖို့ရန်' ဆုံးမပါသည်။ လွန်ခဲ့သည့် နှစ်အတော်ကြာက ရေဒီယိုမှနေ၍ အသံလွှင့်

ဟောကြားသည်ဆိုသော သုဓမ္မဝတီဦးပန်းမောင်၏ 'မဖြစ်စလောက် တရား' အကြောင်းကို ဆရာကပြောပြပါသည်။

ရင်းရင်းနှီးနှီးအတူနေကြသော ဦးပဥ္ဇင်းနှစ်ပါးရှိသည်။ တစ်နေ့ ဦးပဥ္ဇင်းတစ်ပါးက ရေချိုးနေခိုက် ကျန်ဦးပဥ္ဇင်းတစ်ပါးက ရေချိုးနေသည့် ဦးပဥ္ဇင်း၏ဖိနပ်ကို နောက်ပြောင်ကျီစယ်လိုသော သဘောဖြင့် တစ်နေရာတွင် ဝှက်ထားလိုက်သည်။ ရေချိုးနေသည့် ဦးပဥ္ဇင်းက ရေချိုးပြီး၍ ဖိနပ်စီးမည်ဟုကြည့်တော့ ဖိနပ်ကမရှိတော့၊ သူရေချိုးနေခိုက် ကျန်ဦးပဥ္ဇင်းက ဖိနပ်ကိုဝှက်ထားမှန်းသိသည်။ ထိုသို့သိသောကြောင့် ပင် ရယ်စရာအနေနှင့် 'ဟေ့ ငါ့ဖိနပ်ကို ဘယ်ခွေးများ ချီသွားမှန်း မသိဘူး' ဟု ပြောလိုက်သည်။ မည်သည့် စေတနာဆိုးမျှ မပါဘဲ ခပ်ပေါ့ပေါ့ ရယ်စရာအနေဖြင့် ပြောလိုက်ခြင်းမျှသာဖြစ်သည်။ သို့ရာတွင် ဖိနပ်ဝှက်ထားသော ဦးပဥ္ဇင်းက အလွန်စိတ်ဆိုးသွားသည်။ ငါ့ကိုခွေးဖြစ်အောင်ဆိုတယ် ဟု အတွေးခေါင်ပြီး ဒေါသကြီးစွာဖြင့် အုတ်ခဲတစ်ခုကိုယူကာ ဖိနပ်ပိုင်ရှင်ဦးပဥ္ဇင်း၏ ဦးခေါင်းကို ထုလိုက်မိသောကြောင့် ဖိနပ်ရှင်ဦးပဥ္ဇင်း ပျံလွန်တော်မူသွားရရှာသည်။ ပြောလိုက်သည့်စကားက မဖြစ်စလောက်။ သို့ရာတွင် ပြောမိသည့် ဖိနပ်ရှင်ဦးပဥ္ဇင်းခမျာ ပျံလွန်တော်မူသွားရရှာသည်။ အုတ်ခဲနှင့်ထုသည့် ပုဂ္ဂိုလ်မှာလည်း ရာဇဝတ်ပြစ်မှုကြီး ဖြစ်သွားရသည်။ မဖြစ်စလောက် အပြောအဆိုလေးက အကြီးအကျယ် ဒုက္ခပေးနိုင်သောကြောင့်အပြော အဆိုကို ဆင်ခြင်ကြပါဟု သုဓမ္မဝတီ ဦးပန်းမောင်က သတိပေးသွားကြောင်း ဆရာကပြောပြပါသည်။

မဖြစ်စလောက်တရားကို ဟောပြောသူနှင့် ထိုမဖြစ်စလောက် တရားကို တစ်ဆင့်ပြောပြသောဆရာကို ကျွန်တော့်စိတ်တွင်း၌ ကျေးဇူး တင်စကားများ အထပ်ထပ်ပြောနေမိပါသည်။

▲▲

ပေါင်းတည်မှ ရန်ကုန်သို့အပြန်ခရီးတွင် ရထားပေါ်၌ ငယ်စဉ် က ကျောင်းနေဖက်သူငယ်ချင်းတစ်ဦးနှင့် မမျှော်လင့်ဘဲ ဆုံကြပါသည်။

သူက---

'ဘာမဟုတ်တဲ့စကားတစ်ခုကြောင့် ငါ့အဘိုး လိမ္မာသွားတဲ့ အဖြစ်ကို ပြောပြမယ်' ဟု သူကနိဒါန်းချီပြီးနောက်---

"မိုက်တယ်-ဆိုတဲ့စကားကို လူငယ်တွေသုံးလာခါစ အချိန်က ပေါ့ကွာ။ ရပ်ကွက်ထဲကလူငယ်တွေက ငါ့အဘိုးကို သက်ကြီးပူဇော်ပွဲမှာ အပူဇော်ခံလာဖို့ဖိတ်ကြတယ်၊ အဘိုးက သိပ်သွားချင်တာမဟုတ်ဘူး၊ အသက်(၇၀)ကျော်နေပေမယ့် ငါ့အဘိုးက သူ့ကိုယ်သူ ကြီးတယ်ရယ် လို့ထင်တာမဟုတ်ဘူး၊ အိမ်ကလူတွေတိုက်တွန်းတာနဲ့ နောက်ဆုံးတော့ အဘိုးက သက်ကြီးပူဇော်ပွဲတက်ဖို့သွားတယ်၊ ငါမှတ်မိနေတယ်၊ အပူဇော်ခံဖို့သွားတဲ့ ငါ့အဘိုးဝတ်ဆင်ထားတာကို ပြောဦးမယ်၊ ရွှေ ဖလားရောင်လုံချည်၊ နို့သာရောင်တိုက်ပုံ၊ ခေါင်းပေါင်း၊ နောက်ပိတ် ဖိနပ်၊ ညာဘက်လက်မှာ ဂေါက်ရိုက်တံကို လမ်းလျှောက်တုတ်အဖြစ် ကိုင်ပြီး သက်ကြီးပူဇော်ပွဲကိုသွားတယ်၊ အဘိုးကခါးမကိုင်းသေးဘူး၊ ဒီတော့လမ်းလျှောက်ပုံက စတိုင်အပြည့်နဲ့ဆိုတော့ လူငယ်တွေရဲ့အမြင်

မှာအဘိုးဟာ တမူထူးခြားနေတယ်၊ လူငယ်တွေဟာ သိပ်ကိုသဘောကျနေကြတယ်၊ အခြားအဘိုးကြီးတွေနဲ့ ခြားနားနေတာကိုး၊ ပူဇော်ခံရမယ့်စင်ပေါ်မှာ အဘိုးလဲထိုင်ရော အဘိုးကိုသဘောကျနေတဲ့ လူငယ်တစ်ဦးက 'အဘိုးကသိပ်မိုက်တယ်'လို့ ပြောတယ်၊ အဲဒါကို အဘိုးကကြားသွားတယ်၊ အဘိုးက ကျန်းမာသလို စိတ်လည်းမြန်တယ်၊ ဒေါသလည်းကြီးတတ်တယ်၊ အဲဒီမိုက်တယ်ဆိုတဲ့ စကားလဲကြားရော အဘိုးက ထိုင်ရာကနေ ဝုန်းဆိုထပြီး စင်ပေါ်ကဆင်းတယ်၊ မိုက်တယ်ဆိုတဲ့စကားဟာသူ့ကိုစော်ကားတာ၊ သရော်တာပဲလို့ တွေးမိတာဖြစ်မှာပဲ၊ အပူဇော်မခံတော့ဘူး၊ ပြန်မယ်ဆိုတဲ့သဘောနဲ့ စင်ပေါ်ကအဆင်းမှာ အဘိုးကခြေချော်ပြီးကျသွားတယ်၊ လူကဘာမှမဖြစ်ပေမယ့် အဖိုးရဲ့ ဘန်ကောက်လုံချည်က သံနဲ့ငြိပြီးကွဲ၊ ခေါင်းပေါင်းကလည်းပြုတ်ကျဆိုတော့အဘိုးဟာသိပ်ကိုရှက်သွားပုံပေါ်တယ်။ သိပ်မိုက်တယ်ဆိုတဲ့ စကားဟာအဘိုးကသိပ်ကြည့်လို့ကောင်းတယ်၊ သိပ်ကိုသားနားတယ်လို့ ချီးမွမ်းတဲ့စကားဖြစ်တဲ့အကြောင်း ငါကအကြာကြီးရှင်းပြရတယ်၊ မိုက်တယ်လို့ပြောခဲ့တဲ့ လူငယ်ကလဲ အဘိုးဆီလာပြီး သူဟာအဘိုးကို သဘောကျလွန်းလို့ ဒီစကားကိုသုံးခဲ့တာဖြစ်ပါကြောင်း ပြောပြပါတယ်၊ အဘိုးလဲကျေနပ်တော့သွားပါတယ်။ ဒါပေမယ့် ဒီအဖြစ်အပျက်ဖြစ်ပြီးတဲ့ နေ့ကစပြီး အဘိုးဟာအပြင်ကိုမထွက်တော့ဘူး၊ ဟိုတုန်းကဆို အဘိုးဟာအိမ်မှာ သိပ်နေတာမဟုတ်ဘူး၊ အပြင်ထွက်လည်ပတ်၊ ပိုကာဆွဲနဲ့ပျော်ပျော်နေခဲ့တာ၊ အဲဒီအဖြစ်အပျက်လဲ ဖြစ်ပျက်ပြီးရော အဘိုးကပုတီးစိပ်တယ်၊ ဥပုသ်ရက်ရှည်တွေ စောင့်တယ်၊ ခြံထဲမှာ စကြံ့လျှောက်


ရင်းတရားမှတ်တယ်၊ သူအမြတ်တနိုးသိမ်းထားတဲ့ ဝီစကီပုလင်းတွေလဲ မရှိတော့ဘူး၊ အိမ်က လူတွေကိုဆူဆူပူပူ ကြိမ်းလားမောင်းလားလုပ်တာမျိုးလဲမရှိတော့ဘူး၊ အခုအဘိုး အသက် (၉၀)ကျော်ပြီ။ တရားမှတ်နေနိုင်တုံးပဲ။

လွန်ခဲ့တဲ့နေ့က ငါကအဘိုးကို 'အဘိုးတော့ ခုမှတကယ်အပြတ်မိုက်သွားပြီ' လို့ပြောတော့ အဘိုးက ပြုံးပြုံးကြီးလုပ်နေတယ်"

▲▲▲

သူငယ်ချင်းဖြစ်သူက သူ့အဘိုးအကြောင်းပြောရင်း သဘောကျသည့်အနေဖြင့် ရယ်မောနေပါသည်။ ထို့နောက်သူနှင့်ကျွန်တော်က 'စကားမိုက်' နှင့် 'စကားမလိမ္မာ' တို့အကြောင်း၊ 'စကားမိုက်'နှင့် 'စကားမလိမ္မာ' တို့၏ ရည်ညွှန်းအဓိပ္ပါယ်များ Referencial Meanings အကြောင်းကို ဆက်၍ပြောလာမိကြပါသည်။

အလွဲမာန၏ လားရာကိုဖန်ဆင်းသူ



## အလှမာန၏လားရာကို ဖန်ဆင်းသူ

▲

လွန်ခဲ့သည့် ဆယ်နှစ်ကျော်ကာလ၊ ၁၉၈၀-၈၁-ခုနှစ်ခန့်က အနုပညာဒဿန (Philosophy of art) အကြောင်းပြောကြ၊ ဆိုကြ၊ လေ့လာဆွေးနွေးကြရင်း သူနှင့်ကျွန်တော် ရင်းနှီးခဲ့ကြသည်။

▲▲

မကြာခဏ ကျွန်တော့်ထံ သူရောက်လာတတ်သည်။ ကဗျာအကြောင်း၊ စာပေဝေဖန်ရေးများအကြောင်း၊ ဝတ္ထုနှင့် ရုပ်ရှင်ဇာတ်ညွှန်းများအကြောင်း၊ ပန်းချီပန်းပုအကြောင်းများကိုပြောရန် စကားတွေတစ်ထွေးတစ်ပွေ့ သူ့၌ပါလာတတ်သည်။

▲▲▲

နယ်သို့ ပြောင်းရွှေ့တာဝန်ထမ်းဆောင်ရန် ကျွန်တော်ထွက်ခွာသွားပြီးနောက်ပိုင်း၌ သူနှင့်ကျွန်တော် မတွေ့ဖြစ်ကြတော့ပါ။ သို့ရာတွင်သူ့ကိုကျွန်တော် ခဏခဏသတိရနေတတ်သည်။ မကြာခဏ သူ့ရုပ်ပုံကို မြင်ယောင်နေတတ်ပါသည်။ သူ့ကို ခဏခဏသတိတရဖြင့် မြင်ယောင်နေရခြင်းမှာ တစ်ထွေးတစ်ပွေ့ သူ့စကားတို့ထဲတွင်ပါလာသော 'အုန်းဆံကြိုး၏ဘဝဇာတ်ကြောင်း' ကြောင့် ဖြစ်ပါသည်။

▲▲▲▲

'လမ်းထောင့်က ဆေးလိပ်၊ ကွမ်းယာဆိုင်ဘေးမှာ ဆေးလိပ်ညှိဖို့ မီးရှို့ထားတဲ့ အုန်းဆံကြိုးကို သတိထားမိလား၊ အဲဒီအုန်းဆံကြိုးက မာနတက်နေတယ်၊ တက်နေတဲ့မာနက အကြီးအကျယ်ပဲ၊ ဘယ်အရပ်ကလိပ်တဲ့ ဆေးပေါ့လိပ်မျိုးပဲဖြစ်ဖြစ် သူ့ကိုလာညှိရင် သူကလောင်ကျွမ်းပစ်နိုင်တယ်လို့ ဘဝင်မြင့်တယ်။ အကောင်းဆုံး၊ နာမည်အကြီးဆုံးဆိုတဲ့ စီးကရက်ဟာလဲ သူ့ကိုညှိလိုက်ရင် သူကလောင်ကျွမ်းပစ်နိုင်တယ်ဆိုပြီး စိတ်ထားဝတီ ဖြစ်နေတယ်။ ဘယ်လောက် ဂုဏ်သရေရှိတဲ့ ဘယ်လောက် ခမ်းနားထယ်ဝါတဲ့၊ ဘယ်လောက်ကောင်းတဲ့ တံဆိပ်မျိုးကပ်ထားတဲ့ ဆေးပြင်းလိပ်ပဲဖြစ်ဖြစ်၊ သူ့ကိုလာပြီးညှိကြည့်စမ်းပါလား၊ လောင်ကျွမ်းသွားစေရမယ်လို့ ကြိမ်းဝါးတယ်-ငါ့ကို ဂရုမစိုက်ဘဲပစ်ထားရင် အားလုံး အိုးမဲ့အိမ်မဲ့ ဘဝပျက်သွားအောင် ဖန်တီးနိုင်စွမ်းရှိတယ်လို့လဲ ကြိမ်းခြောက်နေသေးတယ်- ဒါပေမယ့် ဒီထောင်လွှား

မာနတွေနဲ့ ခြိမ်းခြောက်နေတဲ့ အုန်းဆံကြိုးဟာ သူ့ဟာသူလောင်ကျွမ်းရင်း-လောင်ကျွမ်းရင်းနဲ့ နောက်ဆုံး ပြာဖြစ်သွားတယ်'

သူက အထက်ပါအတိုင်း ပြောပြပြီးနောက် မီးရှို့ထားသော အုန်းဆံကြိုး၏ ဘ၀ဖြစ်စဉ်ကို ကဗျာတစ်ပုဒ်ရေးမည်ဟု ဆိုပါသည်။

အိန္ဒိယ အနုပညာလက်ရာများအကြောင်း သုတေသနပြု၍ ရေးသော Heinrich Zimmer ၏--ဤမာယာလောကလူ့ဘ၀ကို Like a burnt string which would disappear at the breath of a breeze လေတစ်ချက်ဝှေ့ကာမျှဖြင့် ကြေမွပျက်ပြုန်း ကြွလွင့်သွားနိုင်သော မီးကျွမ်းလောင်ထားသည့် ကြိုးစနှင့် ခိုင်းနှိုင်းခဲ့ခြင်းကို သူဖတ်ဖူးထားလေသလား-ဟု ကျွန်တော်က တွေးခဲ့မိပါသေးသည်။

ကဗျာရေးပြီးသောအခါ သူကကျွန်တော့်ကို ဖတ်ရန်ပေးပါသည်။

သူ၏ ကဗျာကို ကျွန်တော်အလွတ်မရတော့ပါ။

▲▲▲▲▲

ဘာမဟုတ်သည့် အခြေအနေအကြောင်းတရားကို အမှီပြု၍ မာနအမျိုးမျိုးတက်နေသူများကို ခဏခဏ တွေ့ရ၊ ကြုံရသည်။ ထိုသူများကိုတွေ့တိုင်း ဆေးလိပ်ညှိရန်မီးရှို့ထားသော အုန်းဆံကြိုးကို မြင်ယောင်မိပါသည်။ မီးကျွမ်းလောင်ပြီးသား ကြိုးစတစ်စကိုလည်း ပူးတွဲ မြင်ယောင်မိပါသည်။ ဤသို့မြင်ယောင်မိတိုင်း သူ့ကိုလည်း အမှတ်တရ ဖြစ်ပါသည်။

လူတွေမှာ မာနတစ်မျိုးမျိုး ရှိနေကြမည်၊ ထိုသို့ရှိနေသူများကို ကြုံတွေ့တိုင်း အလွဲမာန၏လားရာကိုဖန်ဆင်းသောသူကို သတိရနေဦးမည် ဖြစ်ပါသည်။ အမှတ်တရဖြစ်နေဦးမည်သာ ဖြစ်ပါသည်။

(ကဗျာဆရာ၊ ရုပ်ရှင်သရုပ်ဆောင် 'ဇော်ထက်' သို့ အမှတ်တရ )


အသက်မွေးမြူရမှု
K.MYOE.98

## အသက်မွေးမြူရမှု

▲

ဒဿနဆရာက စံပြပုဂ္ဂိုလ် Ideal Man အယူအဆနှင့် စပ်လျဉ်း ၍ ပြောနေရာမှ ဂရိတွေးခေါ်ပညာရှင် အာရစ္စတိုတယ်၏ စံပြပုဂ္ဂိုလ် အကြောင်းကိုရှင်းပြသည်။ ထို့နောက် Will Durant ရေးသည့် The Story of Philosophy စာအုပ်၌ပါရှိသော အာရစ္စတိုတယ် နှစ်လိုသဘောကျသည့် စံပြပုဂ္ဂိုလ် အရည်အချင်းအချို့ကို ဘာသာပြန်ဆို၍ ပြပါသည်။

အာရစ္စတိုတယ် နှစ်သက်သော စံပြပုဂ္ဂိုလ်သည် လိုလားတပ်မက်မှုနည်းပါးသူဖြစ်သည်။ ထိုသို့ လိုလားတပ်မက်မှုနည်းပါးခြင်းကြောင့် ထိုလိုလားမှုအတွက် စွန့်စားလုပ်ဆောင် ရှာဖွေခြင်းမရှိ၊ ထို့ကြောင့် ဘေးရန်အန္တရာယ်တို့နှင့် တွေ့ကြုံရင်ဆိုင်ရန် အခြေအနေမရှိသူမျိုး ဖြစ်သည်။

သို့ရာတွင် လိုအပ်ပါက သူသည်အသက်ကိုပင် စွန့်လွှတ်ရန် ဝန်လေးသူမျိုးမဟုတ်။

သူသည် အခြားသူများအကျိုးအတွက် လုပ်ကိုင်ဆောင်ရွက် ကူညီပေးတတ်သူဖြစ်သည်။ သူ့အတွက် လုပ်ကိုင်ဆောင်ရွက် ပေးလျှင်၊ ရှက်နိုးတတ်သူ ဖြစ်သည်။

သူ့အမြင်၌ တစ်ပါးသူတို့အား ကြင်နာခြင်းသည် မြင့်မြတ်သူတို့၏ စိတ်ထားဖြစ်၍ ကြင်နာမှုကိုရယူလိုသော စိတ်ထားမှာမူ နှိမ့်ကျသူတို့၏ အမူအကျင့်ဖြစ်သည်။

သူသည် ပေါ်ပေါ်ထင်ထင်နေတတ်သူမျိုးမဟုတ်၊ လူအများ စုဝေးရာ အခမ်းအနားများသို့လည်း လူလုံးပြရန် သွားလေ့ရှိသူမဟုတ်။

သူသည် နှစ်သက်လျှင်နှစ်သက်ကြောင်း၊ မနှစ်သက်လျှင် မနှစ်သက်ကြောင်း ပွင့်လင်းစွာဖော်ပြတတ်သည်။ သူသည် ဖြောင့်ဖြောင့်ပြောတတ်သကဲ့သို့၊ ဖြောင့်ဖြောင့်ပင်ပြုတတ်သူဖြစ်သည်။

သူ့အမြင်၌ လောကတွင် ကြီးကြယ်သောအရာဟူ၍ ဘာမှ မရှိသောကြောင့် ဂုဏ်ပြုချီးမြှောက်ခံရခြင်းများနှင့် ကြုံလာလျှင်လည်း စိတ်လှုပ်ရှားတတ်သူမျိုးမဟုတ်၊ သူသည် တစ်ဘက်သားတို့အား ဆက်ဆံရာ၌ အောက်ကျို့ခြင်း၊ အကြိုက်လိုက်၍ လုပ်ဆောင်ပေးခြင်းမျိုးမရှိ၊ သူ့အမြင်၌ အောက်ကျို့ခြင်း၊

အကြိုက်လိုက်၍ လုပ်ဆောင်ပေးခြင်းများသည် ကျွန်စိတ်ရှိသူတို့၏ အပြုအမူများသာဖြစ်သည်။

သူသည်လူတဘက်သားအပေါ် မနာလို၊ ဝန်တိုဖြစ်တတ်ခြင်းမရှိ၊ စိတ်ထိခိုက်စရာများကိုလည်း မေ့ပျောက်ဖယ်ရှားပစ်နိုင်သူမျိုးဖြစ်သည်။

သူသည် အချည်းအနှီးစကားတို့ကိုပြောရင်း အချိန်ကုန်ရခြင်းကို နှစ်သက်သူမဟုတ်။

ချီးမွမ်းကဲ့ရဲ့ခြင်းတို့ကို သူကသူနှင့်မဆိုင်သလို နေတတ်သည်။ သူသည် အခြားသူများ၏ မကောင်းကြောင်းကိုပြောလေ့မရှိ၊ သူနှင့်ရန်ဘက်ဖြစ်နေသူများ၏ မကောင်းကြောင်းကိုပင် ပြောလေ့မရှိ---

သူ့ဟန်ပန်သည် တည်ငြိမ်အေးဆေးသည်။

သူ့အသံသည် လေးနက်သည်။

သူပြောသောစကားသည် ချင့်ချိန်ပြောသောစကား ဖြစ်သည်။

သူ့၌ ပြာယာခတ် အမူအရာမျိုးမရှိ၊ အဘယ်ကြောင့် ဆိုသော် သူ့၌လိုလားမက်မောစရာ၊ ရယူပိုင်ဆိုင်စရာ များများမရှိသောကြောင့်ပင်ဖြစ်သည်။ သူသည် အလျင်စလိုလုပ်လေ့မရှိ၊ အဘယ်ကြောင့်ဆိုသော် သူ့အတွက် လောက၌အရေးကြီးသောအရာဟူ၍ မရှိသောကြောင့်ဖြစ်သည်။ အသံသေး အသံကြောင်များ၊ အလျင်စလိုခြေလှမ်းများသည် စိုးရိမ်ပူပန်တတ်သူ၊

ကြောင့်ကြတောင့်တရှိသူထံမှသာ ဖြစ်ပေါ်လေ့ရှိသည်ဟု သူက မြင်သည်။

သူသည်ကြုံတွေ့လာသော လောကဒုက္ခတို့ကို ရင်ဆိုင်ရာ၌ စစ်မြေပြင်တွင် ကျွမ်းကျင်သော စစ်ရေးမဟာဗျူဟာကို တတ်သိသော စစ်ဗိုလ်ချုပ်ကြီးသည် ၎င်း၏စစ်သည်တော်များကို လိမ်မာစွာအုပ်ချုပ်ကွပ်ကဲလျက် ရန်သူတို့ကိုရင်ဆိုင်သကဲ့သို့ သူသည်လည်း ဣန္ဒြေရစွာဖြင့် တည်တည်ငြိမ်ငြိမ် ရင်ဆိုင်တတ်သူဖြစ်သည်။

သူသည် မိမိကိုယ်ကိုသာလျှင် အားကိုးနိုင်သောမိတ်ဆွေကောင်းအဖြစ် မှတ်ယူသူဖြစ်သည်။

သူသည် တစ်ကိုယ်တည်းနေရခြင်းကို နှစ်သက်သူဖြစ်သည်။ ကိုယ့်ဘဝသည်ပင် ကိုယ့်ရန်သူဖြစ်နေသောလူ ဆိုသည်မှာ ကောင်းမြတ်သောစိတ်ထားမရှိသူ၊ သို့မဟုတ် လူစွမ်းလူစမရှိသူမျိုးကိုဆိုလိုသည်၊ ထိုသို့ ကိုယ့်ဘဝသည်ပင် ကိုယ့်ရန်သူဖြစ်နေသော ထိုသူမျိုးသည် တစ်ကိုယ်တည်းနေရမည်ကိုကြောက်ရွံ့သောသူဖြစ်သည်ဟု သူကမြင်သည်။

အထက်ပါပြန်ဆိုချက်ကို ကျွန်တော်တို့ မှတ်သားပြီးကြသော အခါ ဒဿနဆရာက 'အဲဒီအရည်အချင်းတွေရှိတဲ့ စံပြပုဂ္ဂိုလ်တွေ လူ့လောကမှာ ရှိမရှိရှာဖွေတာ ခဏထားပြီး အဲဒီစံပြပုဂ္ဂိုလ်ရဲ့ အရည်အချင်းကို ကြိုက်နှစ်သက်သူရှိမရှိကို ရှာဖွေတာ ပိုပြီးမကောင်းဘူးလား'


ဟု ဆိုပါသည်။ ကျွန်တော်တို့ဆီမှ တုံ့ပြန်စကားကို သူမစောင့်တော့ဘဲ စာသင်စရာရှိသည်ဟုဆိုကာ ထွက်ခွာသွားပါသည်။

ဒဿနဆရာ ထွက်ခွာသွားသောအခါ ကျွန်တော်တို့ဘေးတွင် တချိန်လုံး ဘာမှမပြောဘဲ၊ မရေးဘဲထိုင်နေသူက 'အာရစ္စတိုတယ်ရဲ့ စံပြပုဂ္ဂိုလ်မှာရှိတဲ့ အရည်အချင်းတွေ ကျွန်တော်တို့မှာရှိနေရင် စီးပွား ဥစ္စာရှာဖွေဖို့ အခက်တွေ့မလားဘဲ' ဟု ကြောင့်ကြသံဖြင့်ဆိုပါသည်။ ထို့နောက် သူကပါဠိစာကြောင်းများကို ရွတ်ဆို၍ မြန်မာဘာသာသို့ ပြန်ပါသည်။

' လူသည် တကယ်တမ်း လွယ်ကူစွာအသက်မွေးမြူလိုပါက အရှက်မရှိရ။ ကျိုးကန်းလိုရဲရင့်ရ၏။ သူတစ်ပါး၏သိက္ခာကို လည်း ချရဲရ၏။ သာယာဘက်သို့လည်း ပြေးကပ်ရဲရ၏။ ညစ်ပတ်သောစိတ်လည်းရှိရ၏။ ဤသို့ပြုလျှင် လောက၌ အသက်မွေးလွယ်၏။ '

အထက်ပါပြန်ဆိုမှုကို ပြုပြီးနောက် သူက 'အာရစ္စတိုတယ် ပြောတဲ့ စံပြပုဂ္ဂိုလ်ရဲ့ အရည်အချင်းတွေ လူမှာရှိနေရင် အဲဒီလူဟာ လွယ်လွယ်နဲ့ စီးပွားရှာဖို့ ချမ်းသာအောင်လုပ်ဖို့ ခက်နေတော့မယ်လို့ ထင်တယ်' ဟု ဆိုပါသည်။

ထိုသို့ဆိုပြီးနောက် ကျွန်တော်တို့ထံမှ တုန့်ပြန်ချက်၊ ထင်မြင်ချက်ကို သူကလည်း မစောင့်တော့ဘဲ သင်တန်းတက်ရန်ရှိသည်ဟုဆို ကာ ထွက်ခွာသွားပါသည်။




ကွန်ဖြူးစီးယပ်၏
ကောင်းမြတ်သောအပြုအမူနှင့်သက်ဆိုင်သောအမြင်

## ကွန်ဖြူးစီးယပ်၏
## ကောင်းမြတ်သောအပြုအမူနှင့်သက်ဆိုင်သောအမြင်

▲

ဘီစီ၆-ရာစုနှင့် ၃-ရာစုကာလအတွင်း တရုတ်ပြည်၌ တွေးခေါ်ပညာရှင် အမြောက်အမြားထွက်ပေါ်လာသောကြောင့် ထိုကာလကို အယူဝါဒ-၁၀၀ ထွန်းကားသောခေတ်ဟူ၍လည်းကောင်း၊ ဂိုဏ်းပေါင်း-၁၀၀၊ ယှဉ်ပြိုင်ထွန်းကားသောခေတ် ဟူ၍လည်းကောင်း၊ တရုတ်အတွေးအခေါ်သမိုင်းတွင် ဖော်ပြလေ့ရှိသည်။ ထိုဂိုဏ်းများကို စုကြည့်ပါက အရေးပါသောဝါဒ(၆)မျိုး(သို့မဟုတ်)ဂိုဏ်း(၆)မျိုးဖြင့် စုစည်း၍ရနိုင်သည်။

ယင်း (၆)မျိုးမှာ-

၁။ တာအိုဂိုဏ်း Tao Chia, or Taoist School

(Taoism တာအိုဝါဒ)

၂။ ဂျူဂိုဏ်း Ju Chia, or School of Literati
(Confucianism ကွန်ဖြူးစီးယပ်ဝါဒ)
၃။ မိုဂိုဏ်း Mo Chia, or Mohist School (Mohism မိုဝါဒ)
၄။ ဖဂိုဏ်း Fa Chia, or Legalist School
(Legalism တရားဥပဒေဆိုင်ရာ ဝါဒ)
၅။ ယင်ယန်ဂိုဏ်း Yin-Yang Chia, or Yin Yang School
(Occultism စကြဝဠာနှင့်သဘာဝတရား
တို့ဖြစ်ပေါ်ပုံကိုလေ့လာသောတက္ကဝါဒ)
၆။ မင်းဂိုဏ်း Ming Chia, or School of Names
(Sophism ဆိုဖီဝါဒ)တို့ဖြစ်ကြသည်။

ကွန်ဖြူးစီးယပ်သည် အထက်ဖော်ပြပါဂိုဏ်းများအနက် နံပါတ်(၂)ဂိုဏ်းဖြစ်သည့် ဂျူဂိုဏ်းကိုဦးဆောင်သူဖြစ်သည်။ ကွန်ဖြူးစီးယပ်ကို ဘီစီ-၅၅၁တွင် လူ(LU)နယ်၌ မွေးဖွားသည်။ သူ၏အိမ်ထောင်စုအမည်မှာ ကွန်းဇု(Kung Tzu)ဖြစ်၍ သူ၏မိဘမျိုးရိုးမှာ ရှန်မင်းများလက်ထက်က နိုင်ငံရေးရာကိစ္စများ၌ ကျွမ်းကျင်သူများ ဖြစ်ကြသည်။ စာပေပညာတတ်ကျွမ်းသူများ ဖြစ်ကြသည်။

ကွန်ဖြူးစီးယပ်၏ ခေတ်ကာလသည် တရုတ်ပြည်၌ ချိုမင်းဆက်ပျက်သုန်းပြီး မြေရှင်ပဒေသရာဇ်ခေတ် ကျဆုံးချိန်ဖြစ်သည်။ နိုင်ငံတစ်ခုလုံး ဗဟိုဦးစီးအုပ်ချုပ်ရေးစနစ် မရှိတော့ဘဲ သူတစ်လူငါတစ်မင်းအုပ်ချုပ်နေချိန်ဖြစ်သည်။ တစ်ဘက်နှင့်တစ်ဘက်၊ တစ်ဖွဲ့နှင့်တစ်ဖွဲ့ အနိုင်ယူ၊ ညှဉ်းဆဲ၊ နှိပ်စက်၊ တိုက်ခိုက်ခြင်းများဖြင့် နိုင်ငံအဝှမ်း ဗရမ်း

ဗတာဖြစ်နေချိန်ဖြစ်သည်။ ဤသို့ ဗရမ်းဗတာနှင့် ကစဉ့်ကလျားဖြစ်နေသော လူ့အဖွဲ့အစည်းကို ကောင်းမွန်တည်ငြိမ်စေရန် ပြုပြင်ပေးဖို့အတွက်ကွန်ဖြူးစီးယပ်က ကြိုးစားခဲ့သည်။

လူ့အဖွဲ့အစည်း ဗရမ်းဗတာဖြစ်လျက် လူနေမှုဘဝဆိုးနေခြင်းသည် လူ့အဖွဲ့အစည်း၌ ပါဝင်နေသော လူတစ်ဦးချင်းစီ၏ကိုယ်ကျင့် တရားပျက်ပြားခြင်းနှင့် ထိုလူ့အဖွဲ့အစည်းကို စည်းလုံးညီညွတ်အောင် ထိန်းကွပ်အုပ်ချုပ်နိုင်သော ကောင်းမွန်သော အုပ်ချုပ်ရေးစနစ်မရှိခြင်းတို့ကြောင့် ဖြစ်သည်ဟု ကွန်ဖြူးစီးယပ်ကမြင်သည်။ ဤသို့မြင်သော ကွန်ဖြူးစီးယပ်သည် လူ့အဖွဲ့အစည်းကြီး ကောင်းမွန်လာအောင် ပြုပြင်နိုင်ရေးအတွက် လူငယ်လူရွယ်များကို နိုင်ငံရေး၊ လူမှုရေး၊ ကိုယ်ကျင့်တရားဆိုင်ရာ အယူအဆတို့ကို သင်ပြပို့ချပေးခဲ့သည်။

ကွန်ဖြူးစီးယပ်က လူတစ်ဦးချင်းစီအနေနှင့် ကိုယ်ကျင့်တရားကောင်းပါမှ ထိုလူတစ်ဦးချင်းစီ ပါဝင်ဖွဲ့စည်းထားသော လူ့အဖွဲ့အစည်းကြီးသည်လည်း ကောင်းမွန်လာနိုင်မည်။ လူ့အဖွဲ့အစည်းကောင်းဖြစ်လာမည်ဟုယုံကြည်သည်။ ကွန်ဖြူးစီးယပ်ကလူတစ်ဦးချင်းစီသည် လူ့နှလုံးသားကောင်းမြတ်ခြင်းရှိသောလူ Man of Jen ဖြစ်ရန် အရေးကြီးသည်ဟုဆိုသည်။ Jen ဟူသောစကားကို အင်္ဂလိပ်ဘာသာဖြင့် Human Heartedness ဟုပြန်ဆိုကြသည်။ လူ့နှလုံးသားပြည့်ဝမှု(သို့မဟုတ်)ကောင်းမြတ်သောစိတ်ထားရှိမှု ဟုဆိုလိုသည်။ ထိုသို့ပြန်ဆိုရုံမျှဖြင့် ကွန်ဖြူးစီးယပ်ဆိုသော Jen သဘောကို အတိအကျဖော်ပြနိုင်မည်မဟုတ်ချေ။ စင်စစ် Jen သည် မြင့်မြတ်သော စိတ်ထားရှိမှု၊ သူတစ်ပါး

အပေါ် မေတ္တာထားခြင်း၊ သူတစ်ပါးအကျိုးကို ရှေ့ရှုခြင်း၊ သနားညှာတာခြင်း၊ ကိုယ်ချင်းစာနာတတ်ခြင်း၊ သဒ္ဓါတရားရှိခြင်း၊ ရက်ရောခြင်းစသည့် အနက်အဓိပ္ပါယ်များကိုလည်း ဆောင်ယူပေသေးသည်။

Jen တွင်သဘောနှစ်မျိုး ပါဝင်နေကြောင်းကို ကွန်ဖြူးစီးယပ်က ဖော်ပြတတ်သည်။ ပထမ သဘောတရားက ချွန်(chung)ဖြစ်၍ ဒုတိယသဘောမှာ ရှူ(Shu)ဖြစ်သည်။ 'ချွန်'သည် ပြုလုပ်အပ်ခြင်းကို ညွှန်းဆိုသည်။ 'မိမိကို ဖြစ်စေလို၊ ပြုစေလိုသော အရာများကိုသာ သူတစ်ပါးအားလည်း ဖြစ်ပါစေ၊ ပြုပါလေ'ဟု ဆိုလိုသည်။ 'ရှူ' သည် မပြုလုပ်အပ်ခြင်းကို ညွှန်းဆိုသည်။ မိမိကိုမဖြစ်စေလို မပြုစေလိုသော အရာများကို သူတပါးအားလည်း မဖြစ်ပါစေနှင့်၊ မပြုပါလေနှင့်ဟု ဆိုလိုသည်။

အထက်ပါ သဘောနှစ်မျိုးအပြင် 'ယိ'စည်းမျဉ်း Principle of Yi နှင့် 'လိ'စည်းမျဉ်း Principle of Li အကြောင်းကိုလည်း ကွန်ဖြူးစီးယပ်က ဖော်ပြတတ်သေးသည်။

'ယိ'စည်းမျဉ်းဆိုသည်မှာ မှန်ကန်ခြင်း Righteousness ပြုလုပ်သင့် ပြုလုပ်ထိုက်ခြင်း ဟု အဓိပ္ပါယ်ရသည်။ 'လိ'စည်းမျဉ်းဆိုသည်မှာ အကျိုးရလဒ်ကို မျှော်ကိုး၍(ဝါ)အကျိုးသက်ရောက်မှုကိုကြည့်၍ လုပ်ဆောင်ခြင်းဟု ဆိုလိုသည်။ ထိုစည်းမျဉ်းနှစ်မျိုးတွင် ယိစည်းမျဉ်းကို ကွန်ဖြူးစီးယပ်က နှစ်သက်သူဖြစ်သည်။ လူများစွာသည် မိမိကိုယ်ကျိုးစီးပွားအတွက်သာကြည့်၍ အပြုအမူများကိုပြုမူနေကြသည်။ လူအချင်းချင်းဆက်ဆံရာ၌လည်း၊ မိမိအကျိုးစီးပွားအတွက် မျှော်ကိုး၍ဆက်ဆံကြသည်။ မိမိအကျိုးရလာဒ်အတွက် လူအချင်းချင်း အသုံးချကြ

သည်။ မိမိအကျိုးအတွက်ရှေ့ရှုသော စိတ်ထားကိုယ်စီဖြင့် တစ်ဦးက တစ်ဦးကိုပြောဆိုနေကြသည်။ ထိုမှတစ်ဆင့် တစ်ဦးက တစ်ဦးအပေါ် လှည့်ပတ်ခြင်းများကို ပြုလုပ်သည်။ ဤသို့ အကျိုးရလာဒ်မျှော်စည်းမျဉ်းဖြစ်သော 'လိ'သဘောကို အသုံးပြုနေခြင်းကို မှားသည်ဟုကွန်ဖြူးစီးယပ်က ယူဆသည်။

ကွန်ဖြူးစီးယပ်က 'ယိ'စည်းမျဉ်းကို အသုံးပြုနေခြင်းသာ မှန်သည်ဟု ယူဆသူဖြစ်သည်။ မည်သည့်အကျိုးရလာဒ်ကိုမျှ မမျှော်ကိုးဘဲ 'ယိ'စည်းမျဉ်းအတိုင်း ပြုလုပ်ခြင်း၊ ပြောဆိုခြင်းသည်သာ မှန်သော အပြုအမူဖြစ်သည်ဟု ယူဆသူဖြစ်သည်။ ကွန်ဖြူးစီးယပ်က လူတစ်ဦးသည် အပြုအမူတစ်ခုခုကို ပြုလုပ်ရာတွင် အကျိုးရလာဒ်ကို ရှေ့ရှုမျှော်ကိုး၍မပြုလုပ်ရ၊ ထိုသို့ အကျိုးမျှော်၍ပြုလုပ်လျှင် မှားသည်။ အပြုအမူတစ်ခုကို ပြုလုပ်သင့် ပြုလုပ်ထိုက်သည့် အနေဖြင့် ပြုလုပ်မှ မှန်သည်ဟု ဆိုသည်။

ဖော်ပြခဲ့သော 'ချွန်' နှင့် 'ရှု' သဘောများနှင့် 'ယိ' သဘောတို့သည် ကွန်ဖြူးစီးယပ်လိုလားသော လူ့နှလုံးသားပြည့်ဝသူ (သို့မဟုတ်) မြင့်မြတ်သော စိတ်သဘောထားရှိသူ၏ အပြုအမူများပင် ဖြစ်ပေလိမ့်မည်။



ကွန်ဖြူးစီးယပ်၏

လူနှင့်လူမှုရေးဆိုင်ရာအတွေးအဆများ

## ကွန်ဖြူးစီးယပ်၏
## လူနှင့်လူမှုရေးဆိုင်ရာအတွေးအဆများ

▲

ကွန်ဖြူးစီးယပ်၏ ကိုယ်ကျင့်တရားအမြင် နိုင်ငံရေးအမြင်တို့သည် သူ၏လူ့သဘာဝ Human nature ကို လေ့လာသုံးသပ်ထားသော အမြင်အပေါ်၌ အခြေခံသည်ဟု သုတေသီတို့က ဖော်ပြတတ်ကြသည်။ ကွန်ဖြူးစီးယပ်၏ ဟောပြောချက်များကို ကြည့်ပါက 'လူသည် လူမှုရေးသတ္တဝါဖြစ်သည်' Man is a Social animal ဟူသော ယူဆချက်များကို တွေ့နိုင်သည်။ လူတစ်ဦးစီသည် အရေးပါသကဲ့သို့ ထိုလူ၏ အသက်ရှင်နေထိုင်ရာ လူ့အဖွဲ့အစည်းကလည်း အရေးပါသည်။ လူနှင့်လူ့အဖွဲ့အစည်းသည် တစ်ခုကတစ်ခုကို အပြန်အလှန်ဆက်စပ်နေသည်ဟူသော ယူဆချက်များကို သူ၏ဟောပြောချက်များ၌ တွေ့နိုင်သည်။

တရုတ်တွေးခေါ်ပညာရှင်များသည် လူ့သဘာဝနှင့် ပတ်သက်၍ အယူအဆအမျိုးမျိုး တင်ပြတတ်ကြသည်။ အချို့က လူသည် ပင်ကိုယ်သဘာဝအားဖြင့် ကောင်းသည်ဟု ဖော်ပြကြ၍ အချို့က လူသည် ပင်ကိုယ်သဘာဝအားဖြင့် ဆိုးသည်ဟု ဖော်ပြတတ်ကြသည်။ ကွန်ဖြူးစီးယပ် ကတော့ 'လူတို့သည် တစ်ဦးနှင့်တစ်ဦး သဘာဝအားဖြင့် ဆင်တူကြသည်။ By nature men are pretty much alike'ဟု ဆိုသည်။ လူတစ်ဦးနှင့်တစ်ဦး ခြားနားသွားခြင်းမှာ ၎င်းတို့၏ အသိဉာဏ်ပညာနှင့် လုပ်ကိုင်ဆောင်ရွက်မှုတို့ မတူကြသောကြောင့်ပင် ဖြစ်သည်ဟု ဆိုသည်။ အချို့နေရာများ၌ လူနှင့် လူချင်းမတူရခြင်းမှာ ၎င်းတို့၏ ကိုယ်ကျင့်တရားနှင့် အသိဉာဏ်ပညာတို့ခြားနားမှုကြောင့်ဟု ဖော်ပြခြင်းများလည်းရှိသည်။

အချို့နေရာများ၌ 'ကွန်ဖြူးစီးယပ်'က 'လူသည်ပင်ကိုယ်သဘာဝအားဖြင့် ချမ်းသာမှုသုခကို လိုလားသောသဘောရှိသည်။'ဟု ဆိုသည်။

ထိုသို့ ချမ်းသာမှုသုခကို လိုလားသော လူ့သဘောအပေါ် အခြေခံ၍ ကွန်ဖြူးစီးယပ်က အစိုးရကောင်းဟူသည် တိုင်းသူပြည်သားလူအများ၏ ချမ်းသာရေးအတွက်၊ ဆောင်ရွက်ပေးနိုင်မှသာလျှင်အစိုးရကောင်းဖြစ်သည်ဟု ဖေါ်ပြခဲ့၏။

လူ၏အရည်အချင်းနှင့် အဆင့်အတန်းကို မျိုးရိုးဇာတိအရ သတ်မှတ်ပေး၍မရနိုင်ဟု ကွန်ဖြူးစီးယပ်ကဆိုသည်။ 'အထက်တန်းစားမျိုးရိုးမှ မွေးဖွားလာသောသူသည်သာလျှင် မြင့်မြတ်သောသူ

(သို့မဟုတ်)လူတော်လူကောင်းဖြစ်နိုင်သည်။' ဟု ဆိုသော ရှေးအစဉ်အလာအယူအဆကို ကွန်ဖြူးစီးယပ်က ဆန့်ကျင်သည်။ ဆင်းရဲချမ်းသာ မည်သူမဆို ဆိုခဲ့ပြီးဖြစ်သည့် လူ့နှလုံးသားပြည့်ဝမှုစိတ်ထား၊ တရားမျှတသော စိတ်ထား၊ အများအကျိုးသယ်ပိုးလိုသော စိတ်ထားများရှိလျှင် လူတော်လူကောင်းဖြစ်နိုင်သည်။ ဘုရင်ကမွေး၍ ဘုရင်ဖြစ်ရမည်ဟူသောအမြင်သည် မမှန်၊ သားစဉ်မြေးဆက် ထီးနန်းကို အမွေဆက်ခံရသည့်စနစ်သည်လည်း မမှန်၊ မည်သူမဆို 'အုပ်ချုပ်သူ' ဟူသော အမည်နှင့်ညီသော ဂုဏ်အင်္ဂါဖြင့် အုပ်ချုပ်နိုင်လျှင် ထိုသူကို အုပ်ချုပ်သူအဖြစ် တင်မြှောက်သင့်သည်ဟု ကွန်ဖြူးစီးယပ်ကဆိုသည်။

တိုင်းပြည်ဆုတ်ယုတ်ခြင်းသည် ထိပ်ဆုံးကရှိသော အုပ်ချုပ်သူမှနေ၍ အောက်ဘက်ရှိမှုးမတ်စသည်တို့ အဆင့်ဆင့်ပျက်စီးမှုကြောင့် ဖြစ်သည်ဟုမြင်သည်။ ထိုအမြင်မှတစ်ဆင့် ကွန်ဖြူးစီးယပ်က အမည်နှင့်လိုက်အောင် ကျင့်သုံးနေထိုင်မှုအယူအဆ The Rectification of names ကို ဖော်ပြခဲ့သည်။

ကွန်ဖြူးစီးယပ်သည် အမည်တိုင်း၊ အမည်တိုင်း၌ ယင်း အမည်နှင့်လျော်ညီသော ယူသင့်ယူအပ်သည့် တာဝန်ဝတ္တရားများ၊ အရည်အချင်းများရှိသည်။ 'အုပ်ချုပ်သူ' ဟူသောအမည်၌လည်း သက်ဆိုင်ရာ ယူသင့်ယူအပ်၊ ရှိသင့်ရှိအပ်သော တာဝန်ဝတ္တရားများ၊ အရည်အချင်းများရှိသည်။ သို့ဖြစ်၍ လူတစ်ဦးသည် အုပ်ချုပ်သူဖြစ်လာလျှင် အုပ်ချုပ်သူနှင့် လျော်ညီသော ယူသင့်ယူထိုက်သည့် တာဝန်ဝတ္တရားများကို ယူရမည်။ လုပ်ဆောင်ရမည်၊ ရှိအပ်သောအရည်အချင်းလည်း ရှိနေစေ

ရမည်။ ထိုသူသည် အုပ်ချုပ်သူဟူသော အမည်၌ ရှိအပ်သည့် အရည်အချင်းများလည်း မရှိ၊ ယူသင့်ယူအပ်သည့် တာဝန်ဝတ္တရားများကိုလည်းမယူပါက ထိုသူသည် အုပ်ချုပ်သူမဟုတ်၊ 'အုပ်ချုပ်သူ' ဟူသော အမည်နှင့် မကိုက်ညီသောသူ ဖြစ်သည်။

လူအဖွဲ့အစည်းတစ်ရပ်လုံး ကောင်းမွန်ရန်အတွက် ဦးစွာလိုအပ်သည်မှာ အမည်အမျိုးမျိုးကို စစ်ဆေး၊ စိစစ်၊ စိတ်ဖြာ၍ ထိုအမည်အမျိုးမျိုး၌ ရှိသင့်ရှိအပ်သော တာဝန်ဝတ္တရားများ၊ အရည်အချင်းများကို ခွဲခြားနားလည်ရန် လိုအပ်သည်။ လူ့အဖွဲ့အစည်း၌ ပါဝင်သော ပုဂ္ဂိုလ်အသီးသီးသည် မိမိတို့ကိုယ်စားပြုထားသောအမည်များ(ဥပမာ-အုပ်ချုပ်သူ၊ မှူးမတ်၊ မိခင်၊ ဖခင်၊ သား)နှင့် ကိုက်ညီသောအရည်အချင်းများရှိဖို့၊ တာဝန်ဝတ္တရားကျေပွန်ဖို့ လိုအပ်သည်ဟု ကွန်ဖြူးစီးယပ်က မြင်သည်။ 'မင်းသည်-မင်းပီသပါစေ၊ မှူးမတ်သည်-မှူးမတ်ပီသပါစေ၊ ဖခင်သည်-ဖခင်ပီသပါစေ၊ သားသည်-သားပီသပါစေ' ဟု ကွန်ဖြူးစီးယပ်က ဆိုသည်။

လူ့အဖွဲ့အစည်းတွင် -

၁။ အုပ်ချုပ်သူနှင့် တိုင်းသူပြည်သား

၂။ လင်ယောက်ျားနှင့် ဇနီးမယား

၃။ ညီနှင့် အစ်ကို

၄။ သားနှင့် ဖခင်

၅။ မိတ်ဆွေနှင့် မိတ်ဆွေဟူသော

လူမှုဆက်ဆံရေး (၅)မျိုးကို ကွန်ဖြူးစီးယပ်က ဖော်ပြ၍

အုပ်ချုပ်သူသည် အုပ်ချုပ်သူ၏ တာဝန်ဝတ္တရားများကို ကျေပွန်လျှင် တိုင်းသူပြည်သားများကလည်း တိုင်းသူပြည်သားတို့၏ တာဝန်ဝတ္တရားကိုကျေပွန်လျှင် အုပ်ချုပ်သူနှင့် တိုင်းသူပြည်သားတို့ကြား၌ မည်သည့် ပဋိပက္ခမျှ ရှိမလာနိုင်၊ ထိုသို့မဟုတ်ဘဲ အုပ်ချုပ်သူသည် အုပ်ချုပ်သူဟူသောအမည်နှင့်ကိုက်ညီသော တာဝန်ကျေပွန်မှုမရှိလျှင် ပြည်သူပြည်သားတို့ကလည်း၊ ပြည်သူပြည်သားဟူသောအမည်နှင့်ကိုက်ညီသည့် တာဝန်ဝတ္တရားကို မကျေပွန်လျှင် အုပ်ချုပ်သူနှင့် တိုင်းသူပြည်သားတို့ကြား ပဋိပက္ခမှုများ ပေါ်ပေါက်လာနိုင်သည်။ လင်ယောကျ်ားနှင့် ဇနီးမယားအစရှိသည့် အခြားလူမှုဆက်ဆံရေးများသည်လည်း အထက်ပါနည်းတူပင် ဖြစ်လိမ့်မည်ဟုကွန်ဖြူးစီးယပ်ကဆိုသည်။

ထိုသို့ဆိုသော်လည်း ဝေဖန်သူများက ကွန်ဖြူးစီးယပ်သည် အုပ်ချုပ်သူလူတန်းစားဘက်မှ ရပ်တည်သောအမြင်ကို တင်ပြလေ့ရှိသူဖြစ်သည်။ ထိုသို့တင်ပြလေ့ရှိခြင်းမှာ သူကိုယ်တိုင် အထက်တန်းလူတန်းစားမှ ဆင်းသက်လာသူဖြစ်သောကြောင့် ဖြစ်သည်ဟုဝေဖန်ကြသည်။

ကွန်ဖြူးစီးယပ်က-


အုပ်ချုပ်သူကောင်း၌ ရှိသင့်ရှိအပ်သောအချက်သုံးချက်မှာ-

(၁) ပြည်သူပြည်သားတို့၏ စားဝတ်နေရေးလိုအပ်ချက်ပြည့်စုံအောင် ဆောင်ရွက်ပေးနိုင်ခြင်း၊

(၂) လက်နက်အင်အားပြည့်စုံစေခြင်း၊

(၃) ပြည်သူတို့၏ယုံကြည်ကိုးစားမှုကို ရရှိစေခြင်း တို့ဖြစ်သည်

နိုင်ငံ၌တရားမျှတစွာအုပ်ချုပ်ရေးသည် အုပ်ချုပ်သူ၏ တာဝန်ဖြစ်သည်။ အုပ်ချုပ်သူ၏အမိန့်အာဏာကို တသွေမတိမ်းလိုက်နာခြင်းသည် ပြည်သူပြည်သားတို့၏တာဝန်ဖြစ်သည်။ အုပ်ချုပ်သူမှူးမတ်၊ ပြည်သူအစရှိသည့်သူတို့သည် မိမိတို့၏တာဝန်ကို ကျေပွန်ကြလျှင် တိုင်းပြည်သာယာနိုင်မည်ဟုသော ကွန်ဖြူးစီးယပ်၏စကားကို ကိုးကား၍ ကွန်ဖြူးစီးယပ်သည် ပြည်သူတို့ဘက်မှရပ်တည်သောအတွေးအခေါ်ရှိသူဖြစ်သည်ဟု ဝေဖန်သူများလည်းရှိနေသည်။




နှစ်ခါမိုက်ဖို့ကြိုးစားသူ

## နှစ်ခါမိုက်ဖို့ကြိုးစားသူ

▲

'ကိုယ့်ယောက္ခမ ကောင်းကြောင်းကို ပြောသူရှားတယ်၊ ဒါပေမယ့် ပေါ်ဦးတစ်ယောက်ကတော့ သူ့ယောက္ခမ ဆရာမြို့မငြိမ်းအကြောင်း အကောင်းပြောရမယ်ဆိုရင်တော့ မစားတမ်း၊ မအိပ်တမ်းပြောတတ်တဲ့သူ'ဟု ဆရာပေါ်ဦးသက်၏ မိတ်ဆွေများက မှတ်ချက်ချတတ်ကြပါသည်။

လွန်ခဲ့သည့်နေ့ကမှ အထက်ပါ မှတ်ချက်ချကြခြင်းကို မှန်ကြောင်း ကျွန်တော်အတည်ပြုလိုက်ပါသည်။ ထိုနေ့က ကျွန်တော်နှင့်ဆုံကြတော့ ကိုပေါ်ဦးက ဆရာမြို့မငြိမ်း၏ စိတ်နေသဘောထား မြင့်မြတ်ပုံအကြောင်းကို ချီးမွမ်းခန်းဖွင့်ပြပါသည်။ ဆရာမြို့မငြိမ်း၏ သီချင်းရေးဖွဲ့ပုံ ထူးခြားချက်များအကြောင်းကိုလည်း တခမ်းတနားပြောပြသည်။ သူကြိုက်သည့် သီချင်းစာသားကို ဆိုပြလိုက်၊ ထိုသီချင်း

စာသားထဲမှ စကားလုံးများ၏ အဓိပ္ပါယ်နက်ရှိုင်းပုံကို ရှင်းပြလိုက်နှင့် ဆရာမြို့မငြိမ်းကို ဂုဏ်ပြုမဆုံးအောင် ဖြစ်နေပါသည်။

ထို့နောက် ပြက်လုံး Joke နှင့်ဟာသ Humour တို့၏ခြားနားပုံကို ကိုပေါ်ဦးကရှင်းပါသည်။ တဝါးဝါး တဟားဟား ရယ်မောရသော ပြက်လုံးထက် တစိမ့်စိမ့်တွေးရင်း အသိပညာတစ်ခုခုရသွား၍ နှစ်သက်စွာဖြင့် ပြုံးရွှင်ရသောဟာသက မည်ကဲ့သို့ အဆင့်မြင့်ပုံကိုလည်း ရှင်းပြနေသည်။ ဆရာမြို့မငြိမ်းသည် ပြောခဲ့သည့်အတိုင်း တစိမ့်စိမ့်တွေးရင်း ပြုံးရွှင်ရသည့် ဟာသရှိသူဖြစ်သည်။ ထို့ကြောင့် သူ၏ သီချင်းအတော်များများ၌ တစိမ့်စိမ့်တွေးရင်းပြုံးရသည့် Humour သဘောများ မည်ကဲ့သို့ပါဝင်နေသည်ကိုလည်း ကိုပေါ်ဦးက ဆိုပြ ပြောပြပြန်သည်။

တစ်နေ့ ဆရာမြို့မငြိမ်းကို အထူးခင်မင်ကြသော မိတ်ဆွေများသည် ဆရာမြို့မငြိမ်းနှင့် အတူဆိုကြ၊ တီးကြသည်။ တစ်နေ့လုံး ဆရာမြို့မငြိမ်း၏သီချင်းများထဲမှ သူတို့စိတ်ကြိုက်သီချင်းများကိုရွေး၍ သီဆို တီးမှုတ်နေကြသည်။ ထိုသို့ သီဆိုတီးမှုတ်နေသူ မိတ်ဆွေများထဲမှ တစ်ဦးသောမိတ်ဆွေက (ထိုသို့သီဆိုတီးမှုတ်နေရခြင်းကို) အလွန်နှစ်သက်ပီတိဖြစ်လွန်းမက ဖြစ်နေသောကြောင့် အသက်အရွယ်ငယ်ငယ်နှင့် ထိုကဲ့သို့ သီဆိုတီးမှုတ်နေကြရလျှင် လောကကြီးမှာ တခြားဘာမှမလိုတော့ဘဲ ပြီးပြည့်စုံနေမှာပဲ ဟူသော အတွေးပေါ်လာသည် ထင်ပါ၏။ ထိုအတွေးဖြင့် ထိုမိတ်ဆွေက 'ကျုပ်ဖြင့်ပြန်ငယ်ချင်လိုက်တာဗျာ'ဟု တမ်းတမ်းတတဖြင့်ဆိုသည်၊ ထိုသို့ဆိုသောအခါ ဆရာမြို့မငြိမ်းက 'ပြန်ငယ်ချင်ရင်လွယ်ပါတယ်ဗျာ' ဟု လှမ်းပြောပြီးနောက်

တယောကိုအသံစမ်းနေသည်ဟု ဆိုပါသည်။ ဆရာမြို့မငြိမ်း၏ အမူအယာကို အားမလိုအားမရဖြစ်ပုံရသော အထက်ပါမိတ်ဆွေက-

'ဘယ်လိုလွယ်တာလဲဗျ၊ ကိုငြိမ်းရ၊ ပြောပါဦး၊ ပြန်ငယ်တဲ့နည်းရှိလို့လား' ဟု မေးသည်ဟုဆိုပါသည်။ 'ရှိပါတယ်၊ လွယ်လွယ်လေးပါ'ဟု ဆရာမြို့မငြိမ်းကပြန်ပြောပြီး တယောကို အသံစမ်းမြဲစမ်းနေသည်။ ထိုအခါ မေးသူက ပို၍အားမလိုအားမရဖြစ်လာပြီး ဆရာငြိမ်းလက်ကိုဆွဲကာ 'ပြောဗျာ၊ ဘယ်လိုလွယ်တာလဲ'ဟုမေးသည်။ ထိုအခါ ဆရာမြို့မငြိမ်းက တယောကိုအသံပြန်စမ်းရင်းကပင် လှမ်း၍-

'ပြန်ငယ်ချင်ရင် မြန်မြန်သေလိုက်' ဟု ပြောလိုက်သည်ဟု ဆိုပါသည်။

အထက်ပါအကြောင်းကို ပြောပြပြီးနောက် ကိုပေါ်ဦးက 'ဆရာငြိမ်းရဲ့စကားက တစိမ့်စိမ့်တွေးပြီးမှ ပြုံးရတဲ့ဟာသမျိုးဗျ၊ ဟုတ်တယ်၊ ပြန်ငယ်ဖို့ဆိုတာ နောက်ဘဝရောက်လို့ ပြန်မွေးဖွားမှ ပြန်ငယ်မှာဆိုတော့ ပြန်ငယ်ချင်ရင် ယခုဘဝမှာ သေပစ်လိုက်ဖို့ပဲရှိတော့တာပဲ။ မြန်မြန်ငယ်ချင်ရင် မြန်မြန်သေပစ်လိုက်ရမယ်ဆိုတဲ့သဘောပေါ့ဗျာ၊ သေပြီးသည်၏နောင်ဘဝမှာ လူပြန်ဖြစ်မဖြစ်တော့ မသိဘူး၊ နောင်ဘဝမှာ ပြန်မွေးဖွားလာရင် ငယ်မှာတော့အမှန်ပဲ။

ကိုပေါ်ဦးက ပြုံးရင်းပြောပြနေသည့် ဆရာမြို့မငြိမ်း၏ စကားကို ကျွန်တော်ကလည်း တစိမ့်စိမ့်တွေး၍ပြုံးမိပါ၏။ ပြုံးနေရင်းမှ ကိုပေါ်ဦး ဆက်ပြောလိုက်သောစကားကြောင့် ဆက်၍ဆက်၍ တစိမ့်စိမ့်တွေးစရာတွေက တန်းစီ၍ပေါ်သွားပြန်ပါသည်။ ကိုပေါ်ဦးက-

'ဆရာငြိမ်းက ပြောတယ်ဗျ၊ ပြန်ငယ်ချင်သူဟာ နှစ်ခါပြန်မိုက်ဖို့ ကြိုးစားသူ၊ ထပ်ထပ်မှားဖို့ကြိုးစားသူ ဖြစ်တယ်' တဲ့၊ ဟုတ်တယ်၊ ပြန်ငယ်ရင် အမိအဖ၊ အဘိုးအဘွား၊ ဆရာသမားတွေကို ပြုမှားပြောမှားတွေ ဖြစ်ဦးမယ်၊ အသိနဲ့အတွေ့အကြုံနည်းတော့ အဆိုးကိုအကောင်းထင်၊ အမှားကိုအမှန်ထင်ပြီး ထောင်လွှားမာနတွေနဲ့ ဖေါက်ဖေါက်ပြန်ပြန် လုပ်မိတာတွေလဲ ရှိချင်ရှိမယ်၊ ပြီးတော့ ကျွန်တော်တွေးကြည့်တယ်။ ဘုရားလောင်းမင်းကုသဟာ ပြန်ငယ်မယ်ဆိုရင် ကျောက်ပေါက်မာတွေ ဗရပြစ် ဖြစ်နေဦးမှာပဲ၊ ပပဝတီအတွက် စောင်းတစ်လက်နဲ့ သီချင်းတွေ ဆိုပြီး အချိန်တွေဖြုန်းရဦးမှာပဲ၊ ပပထူမှထမယ် ထမယ်နဲ့ ရွှံ့တွေထဲ လှဲအိပ်ပြီး အချစ်ရူးကြီးဖြစ်နေဦးမှာပဲ--သီဝိမင်းကြီးလဲပြန်ငယ်ရင် ဥမ္မာဒန္တီနဲ့ပြန်တွေ့ပြီး ပြည်ထဲရေးနဲ့ဝမ်းရေးတို့ထက် လွမ်းရေးခက်ပြီး အလွမ်းတွေထဲမှာ ကိုယ်ရောစိတ်ရော နွမ်းကြေနေဦးမှာ'

'ဟုတ်တယ်ထင်ပြီးပြုခဲ့တဲ့ အိမ်ထောင်မှုကိစ္စမှာ အဆင်မပြေတာတွေနဲ့ကြုံလို့ နောင်တတွေရပြီး မယားဖြစ်တဲ့သူက လင်ယောက်ျားကို 'ရှင့်ကို အဲဒီတုန်းက ကျွန်မရူးနေလို့ ယူခဲ့မိတာ' လို့ပြောတော့ သူ့ ယောက်ျားကလဲ 'အေးဟေ့ ငါကလဲ အဲဒီတုန်းက အရူးအမူး နင့်ကို ချစ်နေမိတော့ နင်ရူးနေမှန်းမသိလို့ ယူဖြစ်ခဲ့တာဟဲ့' လို့ ပြန်ပြောသတဲ့ဗျာ။ အမှားတွေနဲ့ ရူးတာတွေပြိုင်တဲ့အဖြစ် ရောက်တော့တာပေါ့ဗျာ။ 'တဏှာဖမ်းတဲ့အကန်းတွေမှာ အပန်းမပြေ ဟိုက်မောရှာကြလေး၊ တဏှာပူးတဲ့ အရူးတွေမှာ အမူးမပြေ မိုက်မောရှာကြလေး' ဆိုတာ

လို ပြန်ငယ်ရင် ဘယ်လောက်ပင်ပန်းလိုက်ကြအုန်းမလဲ၊ ဘယ်လောက်များ ထပ်ထပ် မှားလိုက်ကြအုန်းမလဲဗျာ'

ထို့နောက် လူကြီးဖြစ်ရခြင်း၊ အိုရခြင်းကို ကြံဖန်ချီးမွမ်းထားသည့် ဂရိဒဿနပညာရှင်ကြီး ပလေတို၏ ဒိုင်ယာလော့ထဲမှ အဘိုးအိုတစ်ဦးနှင့် ဆော့ခရတ္တိတို့ ဆွေးနွေးကြသော စကားများအကြောင်းကို ကိုပေါ်ဦးနှင့် ကျွန်တော်ကပြောဖြစ်နေကြသည်။ ဆော့ခရတ္တိကအဘိုးအိုကို အိုမင်းရမှုကြောင့် မည်ကဲ့သို့သော စိတ်သဘောထားမျိုး ဖြစ်ပါသနည်းဟုမေးသည်။ အဘိုးအိုက 'လူအိုလူမင်း အချင်းချင်း အလွန်တွေ့ချင်ကြောင်း၊ တွေ့ကြသောအခါ လူအိုလူကြီးများက မိမိတို့သည်ရှေးကလိုမစားနိုင်၊ မသောက်နိုင်တော့ပါ၊ ပျိုရွယ်စဉ်ကကဲ့သို့ မပျော်ပါးနိုင်တော့ပါ၊ ချစ်ချင်စိတ်၊ ကြိုက်ချင်စိတ်တွေမရှိတော့ပါ၊ လူ့ဘဝမှာမနေပျော်တော့ပါ'ဟုညည်းညူသည်ကိုသာကြားရသည်၊ သို့ရာတွင် မိမိကတော့ သူတို့ကဲ့သို့ မညည်းညူလိုပါကြောင်း၊ စာဆိုကဝိဆိုဖိုကလိစ်ကို အချို့က အိုမင်းသည့်လူကြီးအရွယ်၌ မိန်းမတို့အပေါ်တပ်မက်သော ရာဂစိတ်များ ငယ်စဉ်ကလိုရှိပါသေးသလားဟု မေးသောအခါ စာဆိုကဝိ ဆိုဖိုကလိစ်က တဏှာကျွန်အမျိုးမျိုးမှ တဏှာရာဂ၏ လှည့်စားခြင်းကြောင့် အမျိုးမျိုးရူးရသူအဖြစ်မှ လွတ်မြောက်သည့် အရွယ်သို့ မိမိရောက်ခဲ့ပြီဖြစ်ကြောင်း၊ ဤသို့အမျိုးမျိုးရူးမိုက်ရခြင်းမှ လွတ်လာသောလူကြီးအဖြစ်-လူအိုအဖြစ်နေရခြင်းကို မိမိအနေနှင့်ဝမ်းသာလှပါပြီဟု ဖြေဆိုခဲ့ကြောင်း ပြောပြသည်။ ဆော့ခရတ္တိနှင့် ထိုအဘိုးအိုတို့ ဆွေးနွေးပြောဆိုချက်ကိုအမှီပြု၍ ပလေတို က အိုမင်းရခြင်း၏

ကောင်းမြတ်ပုံကို ရှာရှာဖွေဖွေ ဖော်ပြထားခြင်းဖြစ်ဟန်တူပါသည်။ ကိုပေါ်ဦးက-

'တွေ့ဖူးတဲ့ လူကြီးတယောက်ကတော့ ပြောဖူးတယ်၊ ကြီးရင့်အိုမင်းလာတော့ လောကကြီးမှာ-ကျုပ်ဘာမှ မလိုချင် မတပ်မက်တော့ဘူး၊ ဒီတော့ ကျုပ်အဖို့ အသက်ရှူခြင်းအလုပ်ကိုပဲ အလေးပေးဖို့ဖြစ်လာခဲ့တယ်။ အသက်ရှူခြင်းအလုပ်ဆိုတာ အာနာပါနခေါ်တဲ့ တရားရှုမှတ်ခြင်းကို ပြောတာတဲ့၊ ဒီလိုရှူခြင်းကိုပဲ လုပ်နေခြင်းဖြင့် သစ္စာတရားကို သိမြင်သွားမှာပဲတဲ့- ကျွန်တော်က သာဓုခေါ်ခဲ့ပါတယ်။

'အဲဒီပုဂ္ဂိုလ်ကြီးက ကျွန်တော့်ကိုပြောပြတယ်ဗျ၊ သူတွေ့ရဖူးတဲ့ လူကြီးတွေ လူအိုတွေဟာ မပေးရက်၊ မလှူရက်တွေဖြစ်တယ်၊ ဂုဏ်သိက္ခာတွေ အဆောင်အယောင်တွေကို အင်မတန်တပ်မက်တယ်။ သူတို့ကိုမလေးစားရင်၊ နေရာမပေးရင် နည်းနည်းမှမကျေနပ်ဘူး၊ သိပ်ကိုတွင်ကျယ်ချင်တယ်၊ အရိုအသေတွေ ကြိုက်တယ်။ အလေးစားတွေခံချင်တယ်။ အိုလာတော့ စိတ်သွားတိုင်း ကိုယ်မပါဖြစ်တယ်၊ ဒီအခါအိုလေ စိတ်တွေတိုလေ၊ ဒေါသတွေပိုလေပါပဲ-တဲ့။ အိုလာလေ သားမယား မြေးမြစ်တွေကို တွယ်တာကြောင့်ကြလေ-ဟိုသားဟိုမြေးတွေအတွက် ကြောင့်ကြ၊ ကိုယ့်မရှိသေရင် ဒေါသဖြစ်၊ ကိုယ့်ကို လူရာမသွင်းလုပ်ရင် မကျေနပ်၊ ဘုရားတရားကိစ္စကျတော့လည်း ရုပ်ပြ၊ ဟန်ပြပါပဲတဲ့ဗျာ-ပြောများတောင်ပြောလိုက်သေး၊ ငါတို့လိုအိုမှ တရားအားထုတ်မနေနဲ့၊ ဝီရိယတွေမစိုက်နိုင်တော့ဘူး-အပင်ပန်းတွေမခံနိုင်တော့ဘူး-ငယ်တုန်း အားထုတ်တဲ့။ သူကိုယ်တိုင်ကတော့ ငယ်ငယ်ကလဲ အား

ထုတ်ခဲ့တာ မဟုတ်ဘူးတဲ့ဗျ၊ ပျို့ရွယ်တုန်း ငယ်စဉ်ကတော့လည်း မာန်မာနအမျိုးမျိုး၊ အစွဲတဏှာအမျိုးမျိုးနဲ့ မယဉ်ကျေး၊ မလိမ္မာတဲ့ စိတ်တွေနဲ့ မိုက်မဲယုတ်မာမှုတွေကိုလုပ်တယ်၊ အိုမင်းလာတော့ကော- အိုလာတော့လဲ ဆိုးဝါးတာပါပဲ-တဲ့၊ လူကြီးဖြစ်လာ၊ အိုမင်းလာတော့လဲ လူကြီးမာန၊ လူကြီးစွဲတွေနဲ့ မိုက်တာတွေပဲများတယ်တဲ့၊ ဒါကြောင့် မန်လည်ဆရာတော်ကြီးက 'တရားသဘော၊ ဘယ်လိုပြောလည်း လိပ် ကျောကြောင်ကော်၊ ပြောင်ချော်ချော်နှင့် ပျော်တပြုံးပြုံးမော်မဆုံးဘဲ နှလုံးမယဉ် ပုထုဇဉ်တို့ ပျို့စဉ်ယုတ်မာ အိုကာဆိုးဝါး၊ လူအများတို့ တရားမရပါတကား' လို့ စပ်ဆိုထားတယ်တဲ့ဗျ-ပျို့နုငယ်ရွယ်ချိန်မှာလဲ စိတ်ထားတွေမလေးနက်၊ မသိမ်မွေ့နဲ့ မိုက်မဲယုတ်မာမှုဖြစ်တယ်။ အိုတော့ကော-အိုတော့လဲ ဆိုးတာပါပဲ၊ မိုက်မဲတာပါပဲတဲ့၊ ပျို့ရွယ်စဉ် မှာလဲ ယုတ်မာ၊ အိုလာကြီးလာတော့လဲ ဆိုးဝါးတယ်ဆိုတော့ ဘဝတစ်ခု ထပ်ဖြစ်ရင် ဆရာငြိမ်းပြောသလို ငယ်သူရောကြီးသူပါ ထပ်ထပ်မှား မိုက်ဖို့ ဖြစ်နိုင်တယ်ပေါ့ဗျာ---

ကိုပေါ်ဦးက 'မိုက်တယ်'ဆိုသောစကားကို ရှေးခေတ်က သုံးပုံ နှင့် ယခုခေတ်သုံးနေသည့် 'မိုက်တယ်'ဆိုတဲ့စကားတို့ အဓိပ္ပါယ်မတူ ကြောင်းကိုပါ ဆက်ပြောပြရင်း ပြုံးပါသည်။

ကျွန်တော်ကလည်း ရောယောင်၍ ပြုံးပါသည်။

'လိပ်ကျောကြောင်ကော်၊ ပြောင်ချော်ချော်နှင့် ပျော်တပြုံးပြုံး မော်မဆုံးဘဲ၊ နှလုံးမယဉ် ပုထုဇဉ်တို့ ပျို့စဉ်ယုတ်မာ၊ အိုကာဆိုးဝါး၊ လူအများတို့ တရားမရပါတကား' ဟူသော လင်္ကာကို စိတ်ထဲမှ

ထပ်ရွတ်ကြည့်ရင်းလည်း ကျွန်တော်ကပြုံးပါသည်။ သို့ရာတွင် ကျွန်တော့်အပြုံးများသည် မချို၍ပြုံးသော မချိုပြုံးများ ဖြစ်နေသည်ကို ကိုပေါ်ဦး သတိထားမိခဲ့လေမည်လားတော့မသိ။




ညီညွတ်ခြင်းနှင့်ငြိမ်းချမ်းခြင်းကိုဖော်ကျူးသူ

## ညီညွတ်ခြင်းနှင့်ငြိမ်းချမ်းခြင်းကို ဖော်ကျူးသူ

▲

ထိုနေ့ညက ပန်းချီပေါ်ဦးသက်နှင့်ကျွန်တော် စကားတွေအများကြီး ပြောဖြစ်နေကြပါသည်။ ပြောဆိုကြရင်းမှ သူရေးဆွဲခဲ့သည့် (မိသားစု)အမည်တပ် ပန်းချီကားများအကြောင်း စကားစပ်မိကြပြန်သည်။ ဆရာပေါ်ဦးသက်က ပြောပါသည်။

ပထမရေးဆွဲတဲ့ (မိသားစု)ပန်းချီကားက ခပ်ရိုးရိုး ရေးဆွဲထားတာပါ၊ မိခင်၊ ဖခင်နှင့်သားငယ်၊ ဒီလူသုံးဦးပါတဲ့ မိသားစုပုံကို ရေးဆွဲထားတာ၊ အဲဒီမိသားစုသုံးဦးရဲ့ ပုံသဏ္ဍာန် အချိုးအစားကိုတော့ နည်းနည်းပြောင်းထားတယ်၊ အချိုးအစား အသစ်ယူထားတယ်ဆိုရင် ပိုပြီးမှန်မယ်ထင်တယ်၊ ပြီးတော့ အဲဒီ မိသားစုသုံးဦးစလုံးကို အဝတ်ဆင်ပေးမထားဘူး။ ဒီလိုအဝတ်ဆင်ပေးမထားတာရယ်၊ ပုံပန်းသဏ္ဍာန် အချိုးသစ်ယူထားတာရယ်ကြောင့် ဒီမိသားစုသုံးဦးဟာ ဘယ်လိုလူမျိုးလဲ

ဆိုတာမသိနိုင်ဘူး။ ဒီလိုမသိနိုင်ခြင်းဟာပဲ ကမ္ဘာပေါ်မှာရှိသမျှမိသားစု တွေကိုကိုယ်စားပြုထားတဲ့ လူသုံးဦးအဖြစ် ရောက်သွားစေတဲ့ သဘော ပါပဲ’ မိသားစုဆိုတာ အစုအဝေးသဘော မဟုတ်လားဗျာ၊ စုစည်းခြင်း သဘောရှိတယ်။ ဒီသဘောကို ကျွန်တော်က အလေးအနက် ခံစားပြ ချင်နေခဲ့တယ်- တချို့တချို့မိသားစုတွေဟာ စုစည်းမှု၊ စည်းလုံးမှုမရှိ ကြဘူးမဟုတ်လား-သူကတစ်မျိုး ငါကတစ်ဖုံနဲ့ ချစ်ချစ်ခင်ခင် ကြင် ကြင်နာနာ စုစုစည်းစည်းမရှိကြဘူး၊ ဒါမျိုးတွေကို ကျွန်တော်က မဖြစ်စေချင်ဘူး၊ (မိသားစု)ဆိုကတည်းကိုက ကျစ်လျစ်စုစည်းမှု၊ စည်း လုံးမှုသဘော ရှိစေချင်တယ်။ ဖြစ်စေချင်ပါယ်၊ မိသားစုဆိုတာ ဘာနဲ့ စုစည်းထားတာလဲဆိုတော့ သိပ်ကိုခိုင်ခံ့တဲ့ သံယောဇဉ်တွေနဲ့ စုစည်း ထားတာ၊ အဲဒီသံယောဇဉ်တွေကြောင့် တစ်ဦးနှင့်တစ်ဦး အနစ်နာခံ ခြင်း၊ ခွင့်လွှတ်ခြင်း၊ စောင့်ရှောက်ခြင်း၊ ကူညီခြင်း၊ တစ်ဦးမှာ ဒုက္ခ ကျရောက်လာရင် တစ်ဦးက အသက်ပါစွန့်ပြီး ကယ်တင်ခြင်းဆိုတာ တွေလဲ ရှိလာတာပဲ၊ ဒီသဘောတွေနဲ့ စုစည်းထားတဲ့ စည်းလုံးနေတဲ မိသားစုဟာ ပြင်ပကလာသမျှ အန္တရာယ်တွေကို တွန်းလှန်မယ်ဆိုတဲ့ အင်အားရှိနေတဲ့ အစုအစည်းဖြစ်တယ်လို့ ကျွန်တော်ကခံစားတယ်၊ အဲဒီခံစားချက်နဲ့ (မိသားစု)ပန်းချီကားတွေကို ရေးဖြစ်တယ်လို့ဆိုရင်လဲ မမှားဘူး၊ နောက်တစ်ချက်က-လူ့လောကကြီးဟာ၊ ကာမတဏှာ၊ ဘဝ တဏှာဆိုတဲ့ တဏှာကိလေသာတရားတွေပေါ်မှာ အခြေခံပြီး ဖြစ်ပေါ် နေတယ်ဆိုတာကို ဆင်ခြင်မိတယ်။ မိသားစုမှာပါဝင်တဲ့ မိခင်နဲ့ဖခင် ဟာ အဲဒီတဏှာရာဂကိလေသာတွေနဲ့ အစပြုခဲ့တာပဲ၊ သူတို့မှာဖြူစင်

တဲ့မေတ္တာသဘော နည်းနည်းပါးပါးတော့ ပါချင်လဲ ပါမှာပေါ့ဗျာ၊ မေတ္တာနည်းနည်းပါးပါးနဲ့ တဏှာကိလေသာကို အများဆုံးအခြေခံပြီး ယောက်ျားနဲ့မိန်းမ စုစည်းကြတဲ့သဘောကို ကျွန်တော် နောက်တစ်ခါဆွဲတဲ့ မိသားစုပန်းချီကားမှာ- Abstract ရေးနည်းနဲ့ ရေးဆွဲထားတယ်။ ကာမတဏှာ အစရှိတဲ့ ကိလေသာရာဂတွေကို အနက်ရောင်၊ မေတ္တာဆိုတဲ့ဖြူစင်တဲ့သဘော နည်းနည်းသာပါပြီး ကိလေသာရာဂသဘောကတော့ အများဆုံးပါနေတဲ့ ယောက်ျားနဲ့ မိန်းမကို (အဖြူ)ပါရုံမျှပါတဲ့ အမည်းနှစ်ခုအဖြစ် သင်္ကေတပြုထားတယ်၊ သား(သို့မဟုတ်)သမီး မွေးဖွားတဲ့အခါမှာတော့ အဲဒီ ယောက်ျားနဲ့ မိန်းမဟာ မိခင်ဖခင်တွေ အဖြစ်ရောက်လာတယ်၊ သူတို့ရဲ့သား (သို့မဟုတ်)သမီးပေါ်မှာ ချစ်တဲ့၊ ချစ်စိတ်ကတော့ ကြမ်းတမ်းတဲ့ တဏှာရာဂမပါတော့ဘူး၊ ဖြူစင်တဲ့ မေတ္တာသဘောတွေ သက်ဝင်လာတယ် မဟုတ်လား၊ သားသမီးအပေါ်မှာထားတဲ့ မိဘရဲ့စိတ်ထားဟာ စင်ကြယ်တဲ့စိတ်ထားဖြစ်လို့ 'မိသားစု' ထဲက သား(သို့မဟုတ်)သမီးကို အဖြူရောင်အဖြစ် ကျွန်တော်ကဖော်ပြထားတယ်။ ဒါပေမယ့်-

Abstract ပန်းချီကားဖြစ်နေတဲ့အတွက် အဲဒီ 'မိသားစု' ပန်းချီကားကို လူအတော်များများကတော့ ခံစားနိုင်လိမ့်မယ် မထင်ဘူး။

'ကြာ' ဟာ မနှစ်မြို့ဖွယ် နုန်းညွန်နဲ့ရေမှာ အခြေခံပေမယ့် အဲဒီ နုန်းညွန်တွေနဲ့ ရေတွေကိုကျော်လွှားနိုင်လို့ 'ကြာ'ဟာ လေထဲမှာ စင်စင် ကြယ်ကြယ် ပွင့်နေနိုင်တယ်တဲ့ဗျာ၊ နုန်းညွန် အညစ်အကြေး

တွေနဲ့ မရောယှက်ဘဲ စင်ကြယ်စွာ ပွင့်နိုင်တယ်ပေါ့ဗျာ၊ အဲဒီ 'ကြာ' လိုပေါ့၊ အသိလေးနဲ့ ကြိုးစားယူရင် မိသားစုဆိုတဲ့ စုစည်းခြင်းထဲမှာ တကယ့်ကိုစင်ကြယ်တဲ့မေတ္တာဟာ ဖွားမြောက်သန့်စင်လာနိုင်သေးတယ်လို့ ကျွန်တော်ကယုံတယ်။ မိသားစုဆိုတဲ့ စုစည်းခြင်းထဲမှာ မေတ္တာဆိုတဲ့သဘောကို ရရှိလာရင် ညီညွတ်ခြင်း၊ စည်းလုံးခြင်းအပြင် ငြိမ်းချမ်းခြင်းဆိုတာလဲ တိုးလာမှာပေါ့ဗျာ၊ ညီညွတ်ခြင်းတွေ၊ စည်းလုံးခြင်းတွေ၊ ငြိမ်းချမ်းခြင်းတွေရှိတဲ့ (မိသားစု)တွေ များလေလေ၊ လူ့လောကကြီးဟာလဲ နေချင်စဖွယ် လောကကြီးအဖြစ်သို့ ရောက်လာလေလေဖြစ်မှာပဲဆိုတဲ့ ခံစားချက်တွေနဲ့ (မိသားစု)ပန်းချီကားတွေကို ရေးဆွဲခဲ့မိတာပဲ '

▲▲

အထက်ပါစကားများကို မှတ်တမ်းတင်ရင်း ပေါ်ဦးသက်၏ ငြိမ်းချမ်းသောရုပ်ပုံလွှာကို မြင်ယောင်လျက်ရှိပါသည်။




ခေါင်းလောင်းထိုးသူများ

## ခေါင်းလောင်းထိုးသူများ

▲

စစ်ကိုင်း ကောင်းမှုတော်စေတီကြီးကို တစ်ပတ်ပြည့်အောင် လှည့်လည်ခဲ့ပြီးနောက် ရင်ပြင်တော်ပေါ်ရှိ ခေါင်းလောင်းတစ်လုံးကို ထိုးခတ်မိပါသည်။ ပေါ်ထွက်လာသည့် ခေါင်းလောင်းသံသာယာပုံကို သတိထားနားထောင်ရင်းမှ ကိုပေါ်ဦး(ဆရာပေါ်ဦးသက်)ကို သတိရ မြင်ယောင်နေပါသည်။

'ခေါင်းလောင်းထိုးခြင်းမှာ ကျွန်တော်တို့ မြန်မာလူမျိုးတွေ အတွက် လေးနက်တဲ့အဓိပ္ပါယ်တွေ အများကြီးရှိတယ်လို့ထင်တယ်' ဟု ကိုပေါ်ဦးကဆိုပါသည်။ ဆက်မပြောဘဲ အတန်ကြာ ရပ်ဆိုင်းနေပြီးမှ သူက 'မှောင်ထဲမှာအဖြူအမည်းမသဲကွဲဘူးဆိုတဲ့စကားကို ခင်ဗျား ကြားဖူးတယ်မဟုတ်လား'ဟု ဆိုပြန်ပါသည်။ ကျွန်တော်က- ခေါင်းညိတ်

ပြရင်း သူ၏ရှေ့စကားနှင့် နောက်စကားတို့ မည်ကဲ့သို့ဆက်စပ်မည်ကို စောင့်မျှော်နေပါသည်။

'လောဘ၊ ဒေါသတွေ၊ မသိတဲ့မောဟတွေ တကယ်တမ်းဖုံးလွှမ်းလာပြီဆိုရင် လူ့စိတ်ဟာ မှောင်အတိကျသွားတာပဲဗျာ၊ ဘယ်ဟာကမှားတယ်၊ ဘယ်ဟာကမှန်တယ် ဆိုတာကို ခွဲခြားမမြင်နိုင်တော့ဘူး၊ မှောင်အတိဖုံးနေတဲ့အခါမှာ အဖြူအမည်း သဲသဲကွဲကွဲ မမြင်ရတော့သလိုပေါ့ဗျာ---

'အလိုလောဘတွေနဲ့ မှောင်နေတဲ့လူတွေဟာ ဘယ်သူသေသေ ငတေမာပြီးရောဆိုတာလို ချမ်းသာ-ပြည့်စုံဖို့ကိုပဲ ရှေ့ရှုပြီး မဟုတ်တဲ့နည်းလမ်းတွေနဲ့ စီးပွားရှာတယ်၊ ပြည့်စုံသည့်ထက် ပြည့်စုံအောင်လုပ်တဲ့နေရာမှာ ဒေါသတွေနဲ့ တခြားသူတွေကို ဖျက်ဆီးပစ်တာမျိုးတွေ၊ ဖယ်ရှားပစ်တာမျိုးတွေကိုလည်း လုပ်မှာပဲ-အကျင့်သီလတွေဖောက်ဖျက်ဖို့လည်း ဝန်မလေးဘူးဖြစ်လာတယ်၊ လိမ်ညာဖြီးဖြန်းပြောဖို့ ဝန်မလေးတော့ဘူး ဖြစ်လာတယ်။ ကိုယ့်အကျိုးရလာဒ်အတွက် ပိပိရိရိ သေသေသပ်သပ်နဲ့ ပြုမူဆက်ဆံတတ်၊ လှည့်စားတတ်တာကိုပဲ ဂုဏ်သိက္ခာလို့ မှတ်ယူရဲလာသေးတယ်၊ ဒီလို-လုပ်ကိုင်နေတဲ့ သူတို့ နယ်ပယ်မှာ 'အကျင့်သိက္ခာ' ဆိုတာရဲ့ မူလအနက်အဓိပ္ပါယ်တွေ ပြောင်းလဲနေပြီ၊ လူနှင့်ပတ်သက်တဲ့ တန်ဖိုးတွေဟာလဲ သူတို့လိုလူတွေကြားမှာ အဓိပ္ပါယ်ပြောင်းပြန်တွေ ဖြစ်ကုန်ပြီဗျ'

'အကျင့်သီလစင်ကြယ်တဲ့သူ ရရှိနိုင်တဲ့အကျိုးတရား၊ ငါးမျိုး

ရှိတယ်လို့ ကျွန်တော်တို့လူမျိုးတွေက ပြောလေ့ရှိကြတယ်၊ ဘာလဲ ဆိုတော့ အကျင့်သီလစင်ကြယ်သူဟာ---

'မမေ့မလျော့ စောင့်ထိန်းနိုင်တဲ့အသိ၊ သတိရှိလို့ စည်းစိမ်ဥစ္စာကိုရတယ်-

ကောင်းတဲ့ ကျော်စောခြင်းဂုဏ်ကိုရတယ်၊ ဘယ်ပရိသတ်မျိုးထဲကိုမဆို ရဲရဲဝံ့ဝံ့ဝင်နိုင်တယ်-

မတွေမဝေဘဲ သေရတယ်-

'သေပြီးနောက်မှာလည်း ကောင်းရာဘဝမျိုးကို ရောက်နိုင်တယ်တဲ့ '

'အဲဒီ အကျိုးငါးမျိုးဟာ သူတို့လိုသူတွေအတွက် ပြောင်လှောင်စရာတွေ ဖြစ်ကုန်တယ်၊ သီလစင်ကြယ်သူဟာ စည်းစိမ်ဥစ္စာရတယ်ဆိုတာ မဟုတ်ဘူးတဲ့ဗျ၊ သီလရှိရင် မချမ်းသာဘူးပေါ့ဗျာ၊ ဘာကြောင့်လဲဆိုတော့ သမ္မာအာဇီဝဖြစ်အောင် စီပွားရှာနေရင် မချမ်းသာနိုင်တဲ့အပြင် ငတ်တောင်ငတ်သွားနိုင်တယ်တဲ့ဗျာ'

'အကျင့်သီလရှိသူဟာ ကျော်စောခြင်းဆိုတဲ့ဂုဏ်ကို ရတယ်ဆိုတာလဲမဟုတ်ဘူး၊ လူဖျင်းလူအပါကွာ--ဆိုတဲ့ဂုဏ်ကိုပဲရလိမ့်မယ်တဲ့-အကျင့်သီလရှိတဲ့သူဟာ လူဖျင်းလူအလည်းဖြစ်၊ စီးပွားဖြစ်ထွန်းမှု၊ ကြီးပွားမှုလဲမဖြစ်၊ လူတစ်လုံးသူတစ်လုံးလဲ မဖြစ်တော့ အထက်တန်းကျတဲ့ ဂုဏ်သရေရှိတဲ့လူတွေထဲ ပရိသတ်တွေထဲကို ရဲရဲဝံ့ဝံ့ ဦးထောင်ထောင် လည်တမော့မော့နဲ့ တိုးနိုင်သူမဟုတ်ဘူးတဲ့၊ သူတို့လို

ချမ်းသာပြီးပြည့်စုံသူတွေသာပဲ ဘယ်ပရိသတ်မျိုးထဲကိုမဆို တိုးနိုင်ဝင်နိုင်တယ်တဲ့ဗျာ'

'ပြီးတော့ သီလရှိသူဟာ မတွေမဝေဘဲ သေရတယ်ဆိုတာကလည်း မဟုတ်ဘူးတဲ့၊ ငွေကြေးမရှိ၊ ဆင်းရဲလို့ဆေးကောင်းဝါးကောင်း၊ သမားတော်ကောင်းတွေနဲ့ မကုစားနိုင်လို့ ပင်ပင်ပန်းပန်း ညှိုးညှိုးငယ်ငယ်ဖြစ်ပြီး သေနိုင်တဲ့လူဖြစ်တယ်။ သူတို့လိုလူတွေကတော့ ဆေးကောင်းဝါးကောင်း သမားတော်ကောင်းတွေကို သုံးနိုင်လို့ ငြင်ငြင်သာသာသေနိုင်တဲ့ သူတွေဖြစ်တယ်တဲ့ဗျ'

'ပြီးတော့ဗျာ-သူတို့က ပြောသေးတယ်၊ အကျင့်သီလရှိသူဟာ ဆင်းရဲသူဆိုတော့ အမြောက်အမြား၊ အလှူဒါနပြုနိုင်သူ မဟုတ်ဘူးတဲ့ဗျ၊ ဒါကြောင့် သေပြီးရင် ချမ်းချမ်းသာသာနဲ့ ကောင်းကောင်းမွန်မွန်နဲ့ နေရတဲ့ဘဝမျိုးကို ရမှာမဟုတ်ဘူးတဲ့။ သူတို့လို ချမ်းသာပြည့်စုံသူတွေသာ စိတ်ကြိုက်လှူနိုင်လို့ ဒီဘဝမှာရော၊ သေပြီးနောက်ဘဝမှာပါ ကောင်းမွန်တဲ့ဘဝမျိုးကို ရမယ်တဲ့ဗျာ--'


'ကျွန်တော်တို့လူမျိုးတွေဟာ သမ္မာအာဇီဝဖြစ်အောင် ရှေးရှုပြီး စီးပွားရှာကြတယ်- ဒီလိုရှာဖွေလို့ရလာတဲ့ ငွေကြေးဥစ္စာနေဟာ စင်ကြယ်ပါပေတယ်ဗျာ- ဒီလိုစင်ကြယ်တဲ့ဥစ္စာနေနဲ့ ဘုရားတည်ကြကျောင်းဆောက်ကြ၊ ဇရပ်ဆောက်ကြတယ်၊ ကျွန်တော်တို့လူမျိုးတွေဟာ အဲဒီလိုရလာတဲ့ ပစ္စည်းဥစ္စာကို တပ်မက်တဲ့တွယ်တာမှု သိပ်မများပါဘူး၊ ဘာကြောင့်လဲဆိုတော့ ရက်ရောစွာနဲ့ အလှူဒါနပြုပစ်တယ်၊ သူတပါးတွေကို ပေးကမ်းစွန့်ကြတယ်၊ စင်ကြယ်တဲ့ပစ္စည်းဥစ္စာနဲ့

ဝယ်ယူရရှိတဲ့ လှူဖွယ်ဝတ္ထုတွေနဲ့ ဘုရားသွားကျောင်းတက်လုပ်တယ်၊ သီလစောင့်တယ်၊ လှူဒါန်းတယ်၊ အဲဒီသူတို့ပြုခဲ့တဲ့ သီလကုသိုလ်၊ ဒါနကုသိုလ်တွေကို ခံယူနိုင်တဲ့ မြင်အပ်မမြင်အပ်သတ္တဝါတွေ ရကြပါစေဆိုတဲ့စေတနာနဲ့ ခေါင်းလောင်းထိုးပြီး အမျှဝေတတ်ကြသေးတယ်- ခေါင်းလောင်းထိုးခြင်းဟာ မိမိတို့ရဲ့ပစ္စည်းဥစ္စာ စင်ကြယ်ခြင်း၊ အမှန်တကယ် ရက်ရောတဲ့စေတနာနဲ့ အလှူဒါနပြုခြင်း၊ သူတို့စောင့်သိတဲ့ သီလရဲ့ သန့်ရှင်းစင်ကြယ်ခြင်းကို ကြော်ငြာခြင်းဖြစ်တယ်လို့လဲ ကျွန်တော်က ခံစားမိနေတယ်ဗျာ၊ သီလစင်စင်ကြယ်ကြယ်နဲ့ ရက်ရောဖြောင့်စင်းတဲ့စိတ်နဲ့ ခေါင်းလောင်းထိုးသူတွေဟာ စောစောကပြောခဲ့တဲ့ လောဘဒေါသတွေနဲ့ 'မှောင်နေသူမျိုး'တွေမဟုတ်ဘဲ အလင်းရောင်မှာ အဖြူအမည်း ခွဲခြားသိမြင်နိုင်သူတွေဖြစ်တယ်လို့ ခံစားနေမိတယ်၊ တကယ်တော့ သီလစင်ကြယ်သူ၊ ရက်ရောဖြူစင်သူဟာ လောကပြစ်ဒဏ်တွေကိုလည်းကြောက်စရာမလိုဘူး၊ သံသရာအတွက်လည်း စိုးရိမ်စရာမလိုဘူးလို့လဲ ခံစားနေမိတယ်။ အဲဒီ ခံစားမှုတွေနဲ့ပေါ့ဗျာ၊ သိမ်မွေ့ကြည်သာစွာနဲ့ ခေါင်းလောင်းထိုးနေသူနှစ်ဦးရဲ့ပုံကို ကျွန်တော် ခဏခဏဆွဲကြည့်တယ်၊ သူတို့နှစ်ဦးရဲ့ပုံကို ပုံပေါင်းများစွာပဲ ဆွဲဖြစ်ခဲ့တယ် ' ဟု သူကပြောပြခဲ့သည်များကို အမှတ်ရနေပါသည်။

စစ်ကိုင်း ကောင်းမှုတော်မှအပြန် ကိုပေါ်ဦး၏ဇနီးထံ ဝင်ရောက် နှုတ်ဆက်ပါသည်။ ကိုပေါ်ဦးကိုကား မတွေ့ရ။

အဝိဇ္ဇာမှောင်တို့ ကင်းလွတ်ရာတွင် ကိုပေါ်ဦးတစ်ယောက် ရောက်ရှိနေပါလိမ့်မည်။

အကောင်းမြင်ဝါဒီ



## အကောင်းမြင်ဝါဒီ

▲

အကောင်းမြင်သမား၏ စိတ်ထားထားတတ်ပုံ အကြောင်းကို ထိုနေ့က စကားဝိုင်းတွင် တစ်ယောက်တစ်မျိုးပြောနေကြသည်။

တစ်ဦးက-

'သူဌေးကြီးဇနီးမောင်နှံဟာ ဂေါတမမြတ်စွာဘုရားနဲ့ သံဃာတော်တွေကိုရည်မှန်းပြီး ကျောင်းတစ်ဆောင်ဆောက်ပြီး လှူဒါန်းတယ်၊ လှူပြီးလို့မကြာခင်မှာ ကျောင်းကိုမီးလောင်တယ်၊ ကျောင်းကိုမီးလောင်တယ်ဆိုတဲ့ သတင်းကိုလဲကြားရော သူဌေးကတော်ကြီးက ချုံးပွဲချပြီး ငိုတော့တာပဲ၊ သူဆောက်လုပ်လှူဒါန်းခဲ့တဲ့ ကျောင်းပျက်စီးပါပြီ၊ ဆုံးပါပြီဆိုတဲ့အတွေးနဲ့ ဝမ်းနည်းပြီး ငိုတာပေါ့ဗျာ၊ ဒါပေမယ့် ကျောင်းဒကာ သူဌေးကြီးကတော့ ကျောင်းမီးလောင်တယ်ဆိုတဲ့ သတင်းကိုကြားကတည်းက ပျော်တပြုံးပြုံးဖြစ်နေတယ်တဲ့ဗျ၊ အနီးအနားကလူတွေက

ကျောင်းဒကာသူဌေးကြီးဟာ စိတ်များ ဖောက်ပြန်သွားပြီလားဆိုတဲ့ အထင်နဲ့မေးကြတယ်၊ ဘာပြုလို့ပျော်တပြုံးပြုံးဖြစ်နေတာလဲလို့၊ ဒီလို မေးတော့ ကျောင်းဒကာသူဌေးကြီးက ကျောင်းကိုမီးမလောင်ရင် တစ်ခါပဲလှူရလို့ တစ်ခါပဲ ကုသိုလ်ရမှာ၊ ခုတော့ ကျောင်းမီးလောင်တယ် ဆိုတော့ နောက်တစ်ခါကျောင်းအသစ်ဆောက်ပြီး လှူရအုန်းမယ်၊ ကုသိုလ်တွေထပ်ရဦးမယ် ဆိုတာတွေးပြီး ဝမ်းသာလို့ပြုံးပျော်တာပါ လို့ဖြေတယ်တဲ့၊ သာဓုခေါ်စရာပေါ့ဗျာ'

သူက အထက်ပါအကြောင်းအရာကိုပြော၍ အဆိုးထဲ၌ အကောင်းကို ရှာဖွေမြင်တတ်ဖို့လိုကြောင်း အကျယ်တဝင့်ပြောနေပါ သည်။

အခြားတစ်ယောက်ကဆက်၍ ပြင်သစ်စာရေးဆရာကြီး Anatole France ၏ A Good Lesson Well Learnt ဝတ္ထုတို အကြောင်း၊ ထိုဝတ္ထုတိုကို မြန်မာစာရေးဆရာကြီးတစ်ဦးက မှီငြမ်း၍ မြန်မာမှုပြုရာတွင် မူရင်းဝတ္ထုထက် ပို၍ရသစုံလင်သွားကြောင်း ပြောပြီးနောက်-

'ရုပ်ရည်လှပတင့်တယ်တဲ့ အထက်တန်းလွှာ လူကုံတံ အမျိုး သမီးကြီးတစ်ဦးက သူ့ယောကျ်ားကိုကျော်ပြီး တစ်ခြားယောကျ်ား တစ်ယောက်နဲ့ ဖေါက်ပြန်တော့မယ့် အခြေအနေတွေရှိနေတယ်၊ ဒါကို အဲဒီအမျိုးသမီးကြီး လေးစားရိုသေနေသူတစ်ဦးက သိနေတယ်။ တစ်နေ့မှာ အဲဒီပုဂ္ဂိုလ်က အမျိုးသမီးကြီးထံကို လက်ဆောင်ပစ္စည်း ထုပ်ကြီးတစ်ထုပ်ပို့လိုက်တယ်၊ အထုပ်ကြီးကို အမျိုးသမီးကြီးက

ဖွင့်ကြည့်လိုက်တဲ့အခါမှာ လူ့ဦးခေါင်းခွံအရိုးကြီးဖြစ်နေတာကို တွေ့ရတယ်၊ ပို့လိုက်သူရဲ့ ရည်ရွယ်ချက်ကတော့ အရိုးခေါင်းခွံကိုကြည့်ပြီး အမျိုးသမီးကြီးဟာ သေခြင်းတရားကိုတွေးမိမယ်၊ ဒီအခါ အလှမာန၊ ဥစ္စာမာန၊ ဇာတိမာနတွေကျမယ်၊ သို့မဟုတ်ရင်လဲ ဦးခေါင်းခွံကို ကြည့်ပြီး မတင့်တယ်တဲ့ အသုဘသဘောကို ဆင်ခြင်တရားကျပြီး တဏှာရာဂစိတ်တွေ လျော့ပါးမယ်၊ ဒီအခါအခြားတစ်ပါးယောက်ျားနဲ့ ကာမဂုဏ်ဖေါက်ပြန်မှုမျိုးတွေ ကင်းဝေးသွားမယ်ဆိုတဲ့ ရည်ရွယ်ချက်နဲ့ အရိုးခေါင်းခွံကြီးကို ပေးလိုက်တာဖြစ်ပါလိမ့်မယ်၊

ဒါပေမယ့် အရိုးခေါင်းခွံကိုကြည့်ရင်း အမျိုးသမီးကြီးတရားကျပုံက 'သြော်-ကာမဂုဏ်ခံစားတယ်ဆိုတာ မအိုခင်၊ မနာခင်၊ မသေခင်သာခံစားလို့ ဖြစ်တာကလား၊ ဒီတော့ ငါလဲမအို၊ မနာ၊ မသေခင်မြန်မြန်ကာမဂုဏ်ခံစားလေမှပဲလို့ ဆုံးဖြတ်ချက်ကျသွားပြီး မြန်မြန်ပဲ သူတွေနေတဲ့ အမျိုးသားနဲ့ ကာမဂုဏ်မှုတွေပြုဖြစ်သွားတယ်တဲ့ဗျာ' ဟုပြောပြသည်။ 'ဒီအမျိုးသမီးကြီးကို အကောင်းမြင်ဝါဒီဖြစ်တယ်လို့ ပြောရင်ရတယ်မဟုတ်လား' ဟုလည်း ခနဲ့သံနှင့် ကျွန်တော့်ဆီလှမ်း၍ မေးနေပါသည်။

ဤတွင် အခြားတစ်ယောက်ကကြားဝင်၍ အောက်ပါဖြစ်ရပ်တစ်ခုကို ပြောပါသည်။

လူဟာအိုမင်းလာလေ ဒီလူအိုရဲ့ဘဝဟာ ကျဉ်းမြောင်းလာလေပဲ သူ့နဲ့ရွယ်တူတွေဟာ သူ့လိုပဲအိုကုန်ကြတော့ တစ်ယောက်နဲ့တစ်ယောက် မတွေ့မဆုံနိုင်ကြတော့ဘူး၊ တစ်ယောက်ဆီတစ်ယောက်

သွားသွားလာလာနဲ့ မတွေ့ဆုံနိုင် စကားဝိုင်းမဖွဲ့နိုင် ဖြစ်သွားတဲ့အခါမှာ လူအိုဟာ အင်မတန်အထီးကျန်တယ်၊ သားမြေးမြစ်တွေနဲ့ကလဲ အရွယ်အသိချင်းမတူတော့ စကားသိပ်ပြောလို့မရဘူး၊ လောကကိစ္စတွေမှာလဲ ဘာမှမစွမ်းဆောင်နိုင်တော့ အများက ဒီလူအိုကို ဝိုင်းပယ်လာကြတယ်၊ ဘေးဖယ်လာကြတယ်၊ ဒီအခါမှာ လူအို့ရဲ့အရေးပါမှု အခန်းကဏ္ဍဟာ ပျောက်ကွယ်သွားတယ်၊ လူအိုဟာ မိမိကိုယ်မိမိ လူပိုတစ်ယောက်လို့ ခံစားလာရတဲ့အခါမှာ အင်မတန်စိတ်ဓါတ်တွေ ကျဆင်းသွားတယ်လို့ သိရတယ်၊ ဒီလိုလူအိုလူကြီးတစ်ယောက်ရဲ့ ခံစားမှုတွေကို ကျွန်တော့် အဘိုးက ခဏခဏပြောပြတတ်တယ်၊ ဒီလိုပြောပြချက်တွေနဲ့ အတူ အဘိုးဟာ ခဏ၊ ခဏ အိမ်ပြင်ကိုထွက်လမ်းလျှောက်တယ်၊ အဘိုးကို ဂိုဟ်မချလို့၊ အပြင်မထွက်ပါနဲ့လို့ သားတွေမြေးတွေကတားကြတဲ့အခါ မှာ အဘိုးက၊ ငါ့ကိုမတားကြပါနဲ့ကွယ်၊ ငါတတ်နိုင်သလောက် လူတွေ ကို ကောင်းကျိုးပြုနေတာပါတဲ့၊ တုန်ချိစွာနဲ့ လျှောက်နေသူ အဘိုးက ဘယ်လိုများ လူတွေအတွက် ကောင်းကျိုးပြုနေပါလိမ့်ဆိုတဲ့ အတွေးနဲ့ အဘိုးကိုမေးမလို့ လုပ်လိုက်ချိန်မှာပဲ အဘိုးက 'အခုလို တုန်ချိစွာနဲ့ လျှောက်ပြနေတာကို တခြားသူတွေမြင်ရင် လူတွေမှာ-ဩော် အိုခြင်း၊ နာခြင်း တရားတွေ လူမှာဖြစ်လာမှာအမှန်ပဲ၊ ဒီတော့ မအိုခင်၊ မနာခင် မှာကြိုကြိုတင်တင် ကောင်းတာတွေကို လုပ်သင့်တယ်၊ တရားရအောင် အားထုတ်သင့်တယ်ဆိုတဲ့ အတွေးမျိုးတွေ ရသွားစေချင်လို့ပါ၊ ဒီလို အတွေးမျိုးတွေ ယူတတ်ရင်ရသွားအောင်လို့ အဘိုးက အခုလိုကြိုးစား လမ်းလျှောက်ပြရင်း အများအကျိုးအတွက် ဆောင်ရွက်နေတာပါကွယ်'

တဲ့၊ 'အိုခြင်း၊ နာခြင်းတရားရဲ့ မှန်ကန်မှုကို အခုလို အဘိုးက အိုလာမှ နာလာမှ တကယ်ပြနိုင်တာပဲမဟုတ်လား' လို့လဲ ပြောလိုက်သေးတယ်၊

သူက သူ့အဘိုးအကြောင်းပြောရင်း အကောင်းမြင်သမား (သို့မဟုတ်)အကောင်းမြင်ဝါဒီ၏ စိတ်ထား ထားတတ်ပုံနှင့် အကောင်းမြင်ဝါဒီ၏ လောကကောင်းကျိုးပြုနိုင်ပုံများကို နှစ်သက်စဖွယ် ပြောပြပါသည်။

အခြားတစ်ယောက်ကလည်း ဆက်၍ ဗုဒ္ဓလက်ထက်အခါက ရှင်ပုဏ္ဏဟုခေါ်သော အကောင်းမြင်ဝါဒီတစ်ဦးရှိခဲ့ဖူးကြောင်း အောက်ပါကဲ့သို့ပြောပြပါသည်။

ရှင်ပုဏ္ဏ က ဂေါတမမြတ်စွာဘုရားထံ သွားရောက်၍ ကမ္မဋ္ဌာန်း တရားကိုတောင်းသည်၊ တောင်းသောကြောင့် ဂေါတမမြတ်စွာဘုရားက အကျဉ်းအားဖြင့် ကမ္မဋ္ဌာန်းတရားတစ်ခုကို ဟောကြားသည်။ ထိုသို့ ဟောကြားပြီးနောက် ဂေါတမမြတ်စွာဘုရားက ရှင်ပုဏ္ဏကို 'ဤ ကမ္မဋ္ဌာန်းတရားကိုယူ၍ သင်သည် အဘယ်ဇနပုဒ်၌ နေမည်နည်း၊ အဘယ်ဇနပုဒ်၌နေ၍ ဤကမ္မဋ္ဌာန်းတရားကို အားထုတ်မည်နည်း' ဟု မေးသည်။ ထိုအခါ ရှင်ပုဏ္ဏ က သုနာပရန္တမည်သော ဇနပုဒ်သို့ သွားရောက်နေထိုင်ပြီး ကမ္မဋ္ဌာန်းတရားကို အားထုတ်ပါမည်ဟု လျှောက်ထားသည်။ ထိုအခါ ဂေါတမဗုဒ္ဓက ရှင်ပုဏ္ဏကို-

'ပုဏ္ဏ-သုနာပရန္တတိုင်းသား ဖြစ်ကုန်သော လူတို့သည် ကြမ်းကြုတ်ကုန်၏။ ခက်ထန်ကုန်၏။ သုနာပရန္တတိုင်းသားဖြစ်သော လူတို့

သည် သင့်ကိုအကယ်၍ ဆဲရေးကုန်အံ့၊ ခြိမ်းခြောက်ကုန်အံ့၊ ပုဏ္ဏ-ထိုသို့ပြုရာ၌ သင့်အားအဘယ်သို့ဖြစ်မည်နည်း’

‘မြတ်စွာဘုရား၊ သုနာပရန္တတိုင်းသားဖြစ်ကုန်သော လူတို့သည် အကျွန်ုပ်ကို အကယ်၍ ဆဲရေးကုန်အံ့၊ ခြိမ်းခြောက်ကုန်အံ့။ ထိုသို့ ဆဲရေး ခြိမ်းခြောက်ရာ၌ အကျွန်ုပ်အား ဤသို့ဖြစ်ပါလတ္တံ့၊ ဤ သုနာပရန္တတိုင်းသားဖြစ်သော လူတို့သည် ငါ့ကိုလက်ဖြင့် မပုတ်ခတ်ကြသေးပေ၊ သုနာပရန္တတိုင်းသားတို့သည် အလွန်တော်ကြပေစွ ဟု အကျွန်ုပ်အား ဤသို့(သဘောထားမှု)ဖြစ်ပါလိမ့်မည်’ဟု လျှောက်သည်။

ထိုအခါ ဂေါတမမြတ်စွာဘုရားကဆက်၍

‘ပုဏ္ဏ-သုနာပရန္တတိုင်းသားဖြစ်ကုန်သော လူတို့သည် သင့်အားအကယ်၍ လက်ဖြင့်ပုတ်ခတ်ကုန်အံ့၊ ထိုသို့ပုတ်ခတ်လာသောအခါ သင်မည်သို့ဖြစ်မည်နည်း’

‘မြတ်စွာဘုရား-သုနာပရန္တတိုင်းသားဖြစ်ကုန်သောလူတို့သည် အကျွန်ုပ်ကို အကယ်၍လက်ဖြင့်ပုတ်ခတ်ကုန်အံ့၊ ထိုသို့ပုတ်ခတ်လာပါက၊ ဤသုနာပရန္တတိုင်းသားဖြစ်သော လူတို့သည် ငါ့အား ခဲဖြင့် မပေါက်ကြကုန်သေး၊ ဤသုနာပရန္တတိုင်းသားဖြစ်သောလူတို့သည် တော်ကြလေစွ၊ အလွန်တော်ကြပေစွ ဟု အကျွန်ုပ်အား ဤသို့ (သဘောထားမှု) ဖြစ်ပါလိမ့်မည်’ဟု လျှောက်သည်။

‘ပုဏ္ဏ-အကယ်၍ သုနာပရန္တတိုင်းသားဖြစ်ကုန်သော လူတို့သည် ခဲဖြင့်ပေါက်သည်ဆိုအံ့၊ သင့်အား အဘယ်သို့ဖြစ်မည်နည်း’

'မြတ်စွာဘုရား-အကျွန်ုပ်အား ခဲဖြင့်ပေါက်ပါက ဤသုနာပရန္တ တိုင်းသားလူများသည် ငါ့ကို တုတ်ဖြင့်မရိုက်ကြသေး၊ ဤသုနာပရန္တ တိုင်းသားဖြစ်ကုန်သောလူတို့သည် တော်ကြပေစွ၊ အလွန်တော်ကြပေစွ' ဟု အကျွန်ုပ်အား ဤသို့(သဘောထားမှု) ဖြစ်ပါလိမ့်မည် '

'ပုဏ္ဏ-သုနာပရန္တတိုင်းသားဖြစ်ကုန်သော လူတို့က အကယ်၍ သင့်ကို တုတ်ဖြင့်ရိုက်ကြလျှင်ကော-'

'မြတ်စွာဘုရား-သုနာပရန္တတိုင်းသားဖြစ်ကုန်သော လူများသည် ငါ့အား ဓားဖြင့်မခုတ်ကြသေးတကား၊ သို့ဖြစ်၍ သုနာပရန္တတိုင်းသား ဖြစ်ကုန်သော လူတို့သည် တော်ကြပေစွ၊ အလွန်တော်ကြပေစွ ဟု အကျွန်ုပ်အား ဤသို့(သဘောထားမှု) ဖြစ်ပါလိမ့်မည်'။

'ပုဏ္ဏ-သုနာပရန္တတိုင်းသားဖြစ်ကုန်သော လူတို့က သင့်အား အကယ်၍ ဓားဖြင့်ခုတ်ကြလျှင်ကော-'

'မြတ်စွာဘုရား သုနာပရန္တတိုင်းသားဖြစ်ကုန်သော လူတို့သည် ငါ့ကို ထက်စွာသောဓားဖြင့် အသေမသတ်ကြသေးပေတကား၊ သို့ဖြစ်၍ သုနာပရန္တတိုင်းသားဖြစ်ကုန်သော လူတို့သည် တော်ကြပေစွ၊ အလွန်တော်ကြပေစွဟု အကျွန်ုပ်အား ဤသို့(သဘောထားမှု)ဖြစ်ပါလိမ့်မည်'

'ပုဏ္ဏ-သုနာပရန္တတိုင်းသားဖြစ်ကုန်သော လူတို့သည် သင့်အား ထက်စွာသောဓားဖြင့် အသေသတ်လျှင်ကော သင်အဘယ်သို့ ဖြစ်မည်နည်း'

'မြတ်စွာဘုရား-သုနာပရန္တတိုင်းသားဖြစ်ကုန်သော လူတို့က အကျွန်ုပ်အား ထက်စွာသောဓားဖြင့်အသေသတ်ကြပါက-'ကိုယ်၌

လည်းကောင်း၊ အသက်၌လည်းကောင်း၊ ငြီးငွေ့ရွံရှာစက်ဆုပ်သည် ဖြစ်၍ သေစေနိုင်မည့်လက်နက်ကို ရှာဖွေနေကြကုန်သော မြတ်စွာဘုရား၏တပည့်များ ရှိကြသေး၏။ ထိုသေစေနိုင်မည့် လက်နက်ကို ငါမရှာဖွေရဘဲ ရပေပြီ'ဟု အကျွန်ုပ်အား ဤသို့(သဘောထားမှု) ဖြစ်ပါလိမ့်မည်' ဟု လျှောက်သည်။ ထိုအခါ ဂေါတမမြတ်စွာဘုရားက-

'ပုဏ္ဏ-ကောင်းပေစွ၊ ကောင်းပေစွ၊ သင်သည် ဤသည်းခံခြင်းဟူသော ယဉ်ကျေးငြင်သာခြင်းနှင့် ပြည့်စုံသည်ဖြစ်၍ သုနာပရန္တဇနပုဒ်၌ နေခြင်းငှာ စွမ်းနိုင်ပါလိမ့်မည်၊ ပုဏ္ဏ-ယခုအခါ၌ သွားရန်အချိန်ကို သင်သိ၏။ သွားရန်မှာ သင့်အလိုအတိုင်းပင်ဖြစ်၏' ဟု မိန့်တော်မူသည်။

ထိုအခါ ရှင်ပုဏ္ဏသည် မြတ်စွာဘုရား၏ တရားဒေသနာတော်ကို အလွန်နှစ်သက်ဝမ်းမြောက်၍ နေရာမှထလျက် မြတ်စွာဘုရားကို ရှိခိုးအရိုသေပြုကာ ကျောင်းအိပ်ရာနေရာကို သိမ်းဆည်းပြီးလျှင် သပိတ်သင်္ကန်းကိုယူ၍ သုနာပရန္တဇနပုဒ်ဆီသို့ ဒေသစာရီလှည့်လည်သည်။ အစဉ်အတိုင်း ဒေသစာရီလှည့်လည်သော် သုနာပရန္တဇနပုဒ်သို့ဆိုက်ရောက်၍ ထိုဇနပုဒ်၌နေ၏။ ရှင်ပုဏ္ဏသည် ထိုဝါတွင်းမှာပင် ငါးရာအတိုင်းအရှည်ရှိသော ဥပါသကာယောကျ်ားတို့ကို သစ္စာလေးပါးတရားကို သိစေ၏။ ရှင်ပုဏ္ဏသည်လည်း ထိုဝါတွင်းမှာပင် ဝိဇ္ဇာသုံးပါးတို့ကို မျက်မှောက်ပြုသော ရဟန္တာအဖြစ်ကို ရောက်တော်မူလေသည်။

အထက်ပါ ရှင်ပုဏ္ဏ၏သဘောထားကို ခမ်းနားစွာဖြင့် သူက

ပြောပြီးနောက် အကောင်းမြင်ဝါဒီတွေထဲမှာ ရှင်ပုဏ္ဏကတော့ ထိပ်တန်း အကျဆုံး အကောင်းမြင်ဝါဒီဖြစ်သည် ဟု မှတ်ချက်ပေးနေပါသည်။

ဤတွင် အခြားသူတစ်ဦးက အကောင်းမြင်ဝါဒီဆိုသည်မှာ အဆိုးကို အကောင်းဘက်မှ လှည့်မြင်တတ်သူကိုသာ အကောင်းမြင် ဝါဒီဟုခေါ်မလား၊ 'ထို့ထက်ကောင်းသောအရာသည်ရှေ့တွင်ရှိသေး၏' ဟု ဆိုသောစကားအတိုင်း အကောင်းတွေထဲမှ ပို၍ ပို၍ကောင်းသည်ကို ထိုးထွင်းရှုမြင်တတ်သူကိုကော အကောင်းမြင်ဝါဒီဟူ၍ မခေါ်နိုင်ပေဘူး လားဟု မေးခွန်းထုတ်၍ ပြဿနာတင်ပါသည်။

ထိုပြဿနာကို အကြာကြီး ဆွေးနွေးငြင်းခုံကြပြီးနောက် အဆိုး ကို အကောင်းဘက်မှလှည့်၍ပင်မြင်မြင်၊ အကောင်းတွေထဲ၌ ပို၍ ကောင်းသည်များကိုပင် မြင်မြင်၊ အကောင်းကိုမြင်လျှင်တော့ ထိုသို့မြင်သူကို အကောင်းမြင်ဝါဒီဟု ခေါ်နိုင်သည်ဟု ဆုံးဖြတ်ကာ စကားဝိုင်းကို သိမ်းခဲ့ကြပါသည်။

# လွတ်



# လွှတ်

▲

ထိုနေ့က သထုံမြသပိတ်စေတီရင်ပြင်မှရပ်၍ သထုံမြို့ ရှုခင်းကိုကြည့်နေမိသည်။ ကျွန်တော့်ဘေးကမိတ်ဆွေက ကေလာသတောင်ရှိရာသို့ ညွှန်ပြပြီးနောက် မူလသထုံမြို့သည် ထိုကေလာသတောင်ခြေအနီး၌ တည်ရှိကြောင်း၊ ထိုမြို့သည် ပင်လယ်ဆိပ်ကမ်းမြို့ ဖြစ်ကြောင်းကို သမိုင်းပညာရှင်တို့၏ အဆိုအမိန့်များကို ကိုးကား၍ ရှင်းပြနေသည်။ ကျွန်တော်က သူပြောသည်များကို နားထောင်ရင်းမှအခြားအခြားအပင်များထက် အုန်းပင်တို့က သထုံမြို့ကို စိုးမိုးနေသည်ကို သတိပြုမိနေပါသည်။ ထိုသို့ သတိပြုမိနေရာမှ စိတ်က ငယ်ငယ်က ကြားဖူးသည့် ပုံပြင်ထဲမှ ဖေါင်ဖြင့်မျောလာသူများအကြောင်းကို မြင်ယောင်နေသည်။

မျောလာသောဖေါင်က ကျွန်တော့်မိတ်ဆွေပြောနေသည့် ကေလာသတောင်ခြေအနီးက သထုံမြို့ဆိပ်ကမ်းသို့ရောက်လာသည်ဟု မဆီမဆိုင် မြင်ယောင်နေပါသည်။

ရောက်လာသော ဖေါင်ပေါ်တွင် လူ(၃)ဦးပါလာသည်။ တစ်ဦးမှာ အမျိုးသမီးဖြစ်၍ ကျန်(၂)ဦးမှာ အမျိုးသား ယောကျာ်းများ ဖြစ်ကြသည်။ တာဝန်ရှိသောပုဂ္ဂိုလ်များက ဖေါင်ပေါ်၌ပါလာသူများကို ဘုရင့်ထံခေါ်ဆောင်သွားကြသည်။ ဘုရင့်ထံရောက်၍ ထိုသူ(၃)ဦးကို စစ်မေးသောအခါ (၃)ဦးစလုံးသည် ရာဇဝတ်မှုများ ကျူးလွန်သူများဖြစ်၍ ၎င်းတို့နေထိုင်ရာ တိုင်းပြည်မှ ပြည်နှင်ဒဏ်အပေးခံရသူများ ဖြစ်ကြောင်းသိရှိရသည်။ ထိုသုံးဦးအနက် တစ်ဦးမှာ ခိုးမှုကျူးလွန်သူဖြစ်သည်။ ဘုရင်က ခိုးမှုကျူးလွန်ခြင်းသည် မရှိဆင်းရဲသောကြောင့် ဖြစ်သည်။ ငွေကြေးပြည့်စုံပါက ခိုးယူကျူးလွန်တော့မည်မဟုတ်ဘဲ လူကောင်းသူကောင်းအဖြစ် နေသွားလိမ့်မည်။ သို့ဖြစ်၍ထိုခိုးမှုကျူးလွန်သူကိုနေစရာအိမ်နှင့် ငွေဒင်္ဂါးတစ်ထောင်ပေးစေဟု အမိန့်ချမှတ်သည်။ နောက်တစ်ဦးမှာ စုန်းအတတ်ကိုတတ်သော အမျိုးသမီးဖြစ်သည်။ ထိုအမျိုးသမီးသည်လည်း မရှိဆင်းရဲဖြစ်ခဲ့မှုကြောင့် သူများချမ်းသာ၍ ပျော်ရွှင်နေသည်ကို မနာလိုမရှုစိမ့်ဖြစ်ကာ စုန်းအတတ်ဖြင့် ဖမ်းစားခြင်းသာဖြစ်သည်။ သူ့အားလည်း ချမ်းသာပြည့်စုံအောင် ဖန်တီးပေးလိုက်လျှင် ကောင်းမွန် စွာ နေထိုင်သွားလိမ့်မည်။ ထို့ကြောင့် ထိုအမျိုးသမီးအားလည်း နေစရာနှင့်ငွေများပေးရန် အမိန့်ချသည်။ နောက်ဆုံးရာဇဝတ်သားမှာ မဟုတ်မတရား ဂုံးတိုက်စကားပြော၍

လူတို့အားဒုက္ခပေးခဲ့သူဖြစ်ကြောင်း စစ်ဆေးတွေ့ရှိရသည်။ မဟုတ်မတရား ဂုံးတိုက်စကားဖြင့် အခြားသူများကို ဒုက္ခပေးသူသည် နောင်ကိုလည်း ဂုံးတိုက်စကားဖြင့် ဒုက္ခပေးနေမည့်သူသာဖြစ်သည်။ သို့ဖြစ်၍ ထိုသူကိုမူ ဘုရင်က 'ချက်ချင်း ခေါင်းဖြတ်သတ်စေ'ဟု အမိန့်ချမှတ်လိုက်သည်။ သို့နှင့် ထိုရာဇဝတ်သားအား ပြစ်ဒဏ်ပေးရာနေရာသို့ ထုတ်ယူသွားပြီးနောက် ခေါင်းဖြတ်၍သတ်လိုက်သည်။

နောက်တစ်နေ့၌ ဘုရင်၏အမှုတော်ထမ်း အရာရှိတစ်ဦးသည် ထိုရာဇဝတ်သားအား ခေါင်းဖြတ်သတ်သည့်နေရာသို့ ဖြတ်သန်းသွားရာ ဖြတ်ထားသောဦးခေါင်းက မြေပေါ်တွင် ဟိုသည် လိမ့်လျက်ရှိသည်ကို မြင်တွေ့ရသည်။ ထိုအရာရှိကို ဦးခေါင်းပြတ်က ပါးစပ်ပွင့်ဟလာပြီးနောက် 'သင်၏ဘုရင်ကို ငါ့ထံလာပြီး ဒူးထောက်တောင်းပန်ရမယ်လို့လျှောက်ချေ။ ငါ့ထံမလာရင် ငါကသူ့ထံသွားပြီး သူ့ခေါင်းကိုဖြတ်မယ်'ဟု ထပ်တလဲလဲပြောသည်။ ဤသို့ပြောသည်ကို အံ့သြခြင်းကြီးစွာဖြင့် အမှုတော်ထမ်းက နန်းတော်သို့ အလျင်အမြန် သွားရောက်ကာ မိမိကြားမြင်ခဲ့သည်များကို သတင်းပို့သည်၊ သို့ရာတွင် ခေါင်းပြတ်က စကားပြောသည်ဟုဆိုသော သူ့သတင်းပို့ချက်ကို ဘယ်သူကမျှမယုံ၊ ဘုရင်ကိုယ်တိုင်က သူ၏အမှုတော်ထမ်းသည် သူ့အားလှည့်စားနေသည်၊ မဟုတ်မတရားတွေ ပြောနေသည်ဟု ထင်သည်။ ထို့ကြောင့် ဘုရင်က ခေါင်းပြတ်က စကားပြောသည်ဟု သတင်းပို့လာသော ပထမအမှုတော်ထမ်းနှင့်အတူ အခြားအမှုတော်ထမ်းတစ်ဦးအား သက်သေအဖြစ် ထည့်ပေးလိုက်ပြီး ခေါင်းပြတ်ရှိရာနေရာသို့ လွှတ်လိုက်သည်။

သူတို့(၂)ဦး ခေါင်းပြတ်ရှိရာသို့ရောက်သည်။ သူတို့ရောက်တော့ ခေါင်းပြတ်က ပါးစပ်လည်းမဟ၊ ဘာမှလည်းမလှုပ်ရှားဘဲ၊ ငြိမ်လျက်ရှိသည်။ ဤအကြောင်းကို သက်သေအဖြစ် လိုက်သွားသော ဒုတိယအမှုတော်ထမ်းက ဘုရင့်ထံပြန်၍ သတင်းပို့သည်။ ထိုအခါ မဟုတ်မတရားပြောခြင်းကို ရွံမုန်းစက်ဆုပ်သောဘုရင်သည် အမျက်ထွက်ကာ ပထမအမှုတော်ထမ်းကို အခြားအမှုတော်ထမ်းအဖေါ်များ ရှေ့မှောက်၌ ခေါင်းဖြတ်သတ်ရန် အမိန့်ပေးလိုက်သည်။ ထို့ကြောင့် ဂုံးတိုက်သူအား ဦးခေါင်းဖြတ်သတ်သည့် နေရာ၌ပင် ထိုအမှုထမ်းအား ခေါင်းဖြတ်သတ်လိုက်သည်။ အမှုတော်ထမ်း၏ ခေါင်းကိုဖြတ်လိုက်ပြီးသည်နှင့်တစ်ပြိုင်နက် စောစောကငြိမ်နေသော ဂုံးတိုက်သူ၏ ခေါင်းပြတ်က ပါးစပ်ဟလာပြီး 'ငါသေပြီးပေမယ့် ဗလစ်ဗလစ်နှင့် မဟုတ်တာပြောပြီး ဂုံးတိုက်နိုင်သေးတယ်' ဟု ပြောကာ တဟားဟားရယ်လေသည်။ ဤဖြစ်ရပ်ကိုမြင်ရသော အမှုတော်ထမ်းများက ဘုရင်အား လျှောက်ထားသတင်းပို့ကြသည်။ ဘုရင်ကြီးမှာ အမှုတော်ထမ်းအား လွဲမှားစွာ ခေါင်းဖြတ်သတ်စေရန် အမိန့်ချမိခဲ့ခြင်းအတွက် ယူကျုံးမရဖြင့် နောင်တကြီးစွာ ရတော်မူသည်။ ဂုံးတိုက်သော ခေါင်းပြတ်ကို နောက်ထပ်တစ်ဖန် ဂုံးမတိုက်နိုင်အောင် တွင်းနက်နက်တူး၍ ထိုတွင်း၌ မြှုပ်ရန် အမိန့်ပေးလိုက်သည်။ ဘုရင်အမိန့်ပေးသည့် အတိုင်း ဦးခေါင်းပြတ်ကို သေချာစွာမြှုပ်လိုက်ကြသည်။ သို့ရာတွင် နောက်နေ့နံနက်၌ အပင်တစ်ပင်သည် ထိုဂုံးတိုက်စကားပြောသော ဦးခေါင်းမြှုပ်ရာနေရာမှထူးဆန်းစွာပေါက်လျက်ရှိသည်ကို တွေ့ရသည်။ ပို၍ထူးဆန်းသည်မှာ

ထိုအပင်၌ အသီးသီးလျက်ရှိပြီး ထိုအသီးသည် ဂုံးတိုက်စကားပြော သောသူ၏ ဦးခေါင်းနှင့်တူနေခြင်းပင် ဖြစ်သည်။

ခေါင်းပြတ်မြုပ်ရာနေရာ၌ ပေါက်နေသောအပင်မှာ အုန်းပင် ဖြစ်သည်။ သို့ရာတွင် ဂုံးတိုက်သောသူ၏ ခေါင်းမြုပ်ရာနေရာမှ ပေါက် လာသောအပင်ဖြစ်သောကြောင့် မူလက. . ဂုံးပင်ဟု ခေါ်ခဲ့သည်။ ကာလကြာညောင်းလာသောအခါ ဂုံးပင်ဟုခေါ်ရာမှ အုန်းပင်ဟု ခေါ်လာကြခြင်းဖြစ်သည်။ ထိုအပင်မှ သီးသည့်အသီးကိုလည်း မူလက ဂုံးသီးဟုခေါ်၍ နောင်အခါမှ အုန်းသီးဟုခေါ်လာခြင်းဖြစ်သည်။ ထိုအုန်းသီး (သို့မဟုတ်) ဂုံးသီးကို နားနားသို့ကပ်၍ လှုပ်ကြည့်လျှင် ထိုအသီးအတွင်းမှ (အုန်းရည်၏မြည်သံက) ဗလစ်ဗလစ်နှင့် မဟုတ် မတရားတွေ ပြောနေသံမျိုး (သို့မဟုတ်) ဂုံးတိုက်စကားပြောနေဟန် ကြားရမည်ဖြစ်သည်ဟုဆိုသည်။

ဟုတ်ပါလိမ့်မည်၊ မဟုတ်မတရားပြောခြင်း၊ ဂုံးတိုက်ခြင်းသည် လူမှုအနိဋ္ဌာရုံများ ဖြစ်ပေါ်ခြင်း၌ အရေးကြီးသော အကြောင်းတရား ဖြစ်နိုင်ပါသည်။ မဟုတ်တာတွေပြော၍ ဂုံးတိုက်မှုကြောင့် တစ်ဦးနှင့် တစ်ဦး၊ တစ်ဖွဲ့နှင့်တစ်ဖွဲ့ မေတ္တာစေတနာတွေ ခေါင်းပါးသွားနိုင်သည်၊ အယုံအကြည်တွေ ကင်းမဲ့သွားနိုင်သည်။

အလွန်တော်သော၊ ပညာထက်မြက်ကြသော၊ ဝေသာလီ မင်းသားတို့ကို အဇာတသတ်မင်း၏ အမတ်ကြီး ဝဿကာရက ဂုံးတိုက် စကားပြောခြင်းဖြင့် အချင်းချင်းသွေးခွဲခဲ့သည်။ ထိုအခါ ဝေသာလီ မင်းသားတွေ တစ်ယောက်ကိုတစ်ယောက် မယုံသင်္ကာတွေဖြစ်သည်။

စည်းလုံးညီညွတ်မှုတွေ ပျက်ကုန်သည်။ နောက်ဆုံး အဇာတသတ်နှင့် ဝဿကာရတို့၏ လက်အောက်သို့ ကျရောက်ကာ ဝေသာလီပြည်ကြီး ပျက်သုဉ်းသွားခဲ့ဖူးသည်။

အုန်းသီးနှင့် အုန်းပင်က ဂုံးတိုက်စကား၏ ကြောက်မက်ဖွယ် ရာဆိုးကျိုးများ သက်ရောက်လာပုံအကြောင်း၊ ပြောပြနေသကဲ့သို့ရှိ သည်။ စည်းလုံးညီညွတ်မှုကိုသာဖြစ်စေသော စကားမျိုးကိုပြောစေဖို့ သတိပေးနေသလိုလည်းရှိသည်။ စည်းလုံးညီညွတ်ကြပါဟု သတိပေး နေသလိုလည်းရှိသည်။ ယုံကြည်မှုကင်းမဲ့သွားလျှင် မည်သည့်ကိစ္စတွင်မျှ စည်းလုံးမှုမရှိနိုင်၊ စည်းလုံးမှုမရှိလျှင် မအောင်မြင်နိုင်တော့၊ ဤခံစား ချက်၊ ဤအတွေးစဉ်များဖြင့် ကျွန်တော့်နှုတ်မှ 'သထုံမြို့မှာ အုန်းပင်တွေ စိုးမိုးနေတာ သဘောကျတယ်ဗျ' ဟု ရုတ်တရက်ပြော လိုက်တော့မလို ဖြစ်သွားပြီးမှ တိတ်တဆိတ်နေလိုက်ပါသည်။ ကျွန်တော့် မိတ်ဆွေက ကေလာသတောင်အနီးက 'ကျိုက်ဒေးယုံ' အကြောင်း ပြောပြနေပါ သည်။

အထက်မြန်မာပြည်၌ ရှေးအခါက မိန်းကလေးနှင့် ယောက်ျား လေးကို လူကြီးမိဘတို့က ထိမ်းမြားပေး၍ လင်စုံမယားဖက်ဖြစ်လာ ကြသည့်အချိန်တွင် မိဘဆွေမျိုးများနှင့် မိကြီးဖကြီးများကို အုန်း ငှက်ပျောကန်တော့ပွဲနှင့် ထိုအသစ်စက်စက် ဇနီးမောင်နှံတို့က လိုက်ပြီး ကန်တော့ကြရသည်။ ထိုအခါ ကန်တော့ခံလူကြီးမိဘများက 'ဒီလင်စုံ မယားဖက် အသက်တစ်ရာ့နှစ်ဆယ်ရှည်လို့ အိုအောင်မင်းအောင် ပေါင်းကြရပါစေ၊ သားကောင်းသမီးကောင်း ထွန်းကားပါစေ၊ ချမ်းသာ

သုခအဝဝနှင့် ပြည့်စုံပါစေ’ ဟု ဆုပေးကြသည့်အကြောင်းကို တွေးမိနေပြန်သည်။

ငှက်ပျောသီးကဲ့သို့ပင် အုန်းသီးကို ရာသီမရွေးရနိုင်သည်။ အုန်းသီးမရသော အချိန်ရာသီဟူ၍ မရှိ၊ အုန်းသီးပြတ်လပ်နေသော အချိန်အခါဟူ၍မရှိ၊ အုန်းပင်၌ အုန်းသီးသည် မပြတ်တိုးပွားလျက်ရှိနေသည်။ သို့ဖြစ်၍ အုန်းသီးကို မည်သည့်အချိန်မဆို ရနေနိုင်သည်။ ငွေကြေး၊ ဥစ္စာ၊ ဓနနှင့် ဂုဏ်သိက္ခာ၊ ချမ်းသာသုခ ကျက်သရေမင်္ဂလာတို့ကိုလည်း ဘယ်အခါမှ မဆုတ်မယုတ် မပြတ်မလပ်ဘဲ အုန်းသီးကဲ့သို့ ရှိနေဖြစ်နေစေချင်သည်။ ဤသဘောကိုအမှီပြု၍ အုန်းသီးသည် ဥစ္စာ၊ ဓန၊ ချမ်းသာသုခတို့ အမြဲရှိနေတိုးပွားနေခြင်း၏ သင်္ကေတ၊ အုန်းသီးသည် ကျက်သရေမင်္ဂလာ ဂုဏ်သိက္ခာတို့ အမြဲရှိနေတိုးပွားနေခြင်း၏ သင်္ကေတဖြစ်လာသည်။

ထိုမျှမက အုန်းသီးသည် သတိပညာ၏ သင်္ကေတလည်း ဖြစ်သည်။ ရှေးအခါက စာပေသင်ကြား ကျက်မှတ်ကြသည့် ရဟန်းတော်များသည် အုန်းသီးကို ခေါင်းအုံးအဖြစ်အသုံးပြုကာ အိပ်ကြသည်။ အုန်းသီးကို ခေါင်းအုံးပြီးအိပ်သည့်အခါ လွန်စွာအိပ်မောကျ၍မရ၊ အိပ်မောကျတော့မည်ဆိုလျှင် အုန်းသီးပေါ်မှ ဦးခေါင်းကျပြီး နိုးကြားလာသည်။ နိုးကြားလာလျှင်လာခြင်း ကျက်လက်စ၊ သင်အံလက်စ စာတို့ကို ထ၍ကျက်မှတ်ကြရသည်။ သို့ဖြစ်၍ အုန်းသီးသည်၊ နိုးကြားခြင်း၊ သတိရှိခြင်း၏ သင်္ကေတလည်းဖြစ်လာသည်။

ဤအကြောင်းအရာများကို တွေးမိနေချိန်၌ မိတ်ဆွေဖြစ်သူက ဝိသုဒ္ဓိမဂ်အဋ္ဌကထာကို ရေးသားသူ ရှင်မဟာဗုဒ္ဓဃောသသည် မူလ သထုံဖြစ်သည့် သုဝဏ္ဏဘူမိမြို့သား မဖြစ်နိုင်ကြောင်းကို ပြောနေသည်။ သူပြောသမျှကို ခေါင်းညိတ်နားထောင်ရင်း စိတ်ကမျောက်ဖမ်းသမား တစ်ဦး မျောက်ဖမ်းဖို့ အကြံအဖန်လုပ်သည့် အဖြစ်အပျက်ကိုမြင် ယောင်နေပါသည်။ မျောက်ဖမ်းသမား(သို့မဟုတ်) မျောက်မုဆိုးက အညာဘက်မှနေ၍ အုန်းသီး(၂)လုံးကို လက်နှိုက်သာရုံ အပေါက်ဖောက် သည်။ အုန်းသီးထဲ၌ စားစရာ၊ ဝါးစရာအချို့ကိုထည့်၍ မျောက်တို့ မြင်နိုင်လောက်သော နေရာသို့ ယူလာသည်။ ထို့နောက် မျောက်တို့ ကြည့်နေစဉ်တွင် မျောက်ဖမ်းသမားက အုန်းသီးတစ်လုံး၏ အပေါက်ထဲ သို့ ညာလက်ကိုထိုးနှိုက်၍ အထဲမှ စားစရာဝါးစရာကိုထုတ်ယူပြီး မြိန် ယှက်စွာ စား၍ဝါး၍ပြသည်။ ဘယ်လက်ကိုလည်း နောက်အုန်းသီး ထဲသို့နှိုက်၍ အုန်းသီးထဲမှစားစရာဝါးစရာတွေကို ဆုပ်ယူကာ မြိန်ယှက် စွာစား၍ဝါး၍ပြသည်။ မျောက်ဆိုသည်မှာ လူလုပ်သမျှ အတုယူ၍လိုက် လုပ်တတ်သောသတ္တဝါဖြစ်သည်။ မျောက်ဖမ်းသမားသည် နောက်တစ် နေ့၌မျောက်၏ လက်ထိုးနှိုက်သာရုံမျှချိန်ဆ၍ အုန်းသီး(၂) လုံးကို အညာဘက်မှ အပေါက်ဖောက်သည်၊ အုန်းသီးများအတွင်း၌ မျောက် ကြိုက်တတ်သောအစာကိုထည့်၍ ယခင်နေ့က နေရာသို့ အုန်းသီး (၂)လုံးကို ယူလာသည်။ ယခင်နေ့ကကဲ့သို့ လက်နှိုက်ဟန်၊ မြိန်ယှက် စွာစားဟန်တွေလုပ်ပြီးနောက် မျောက်တို့ ကြည့်နေစဉ်တွင် မျောက် ဖမ်းသမားက အုန်းသီး(၂)လုံးကို ချထားခဲ့ကာ ခပ်လှမ်းလှမ်းမှ ချုံတစ်

ခုအတွင်း ဝင်ရောက်ပုန်းအောင်း၍ မျောက်တို့ မသိအောင် စောင့်ကြည့်နေသည်။

မကြာမီ သစ်ပင်ပေါ်မှ မျောက်တွေ အုန်းသီး(၂)လုံး ရှိရာသို့ ဆင်းလာကြသည်။ မျောက်တို့အထဲမှ ခွန်အားအကြီးဆုံး အထွားကြိုင်းဆုံးမျောက်က တခြားမျောက်များ အုန်းသီးထဲမှအစာကို မစားစေချင်သောစိတ်ဖြင့် ဟစ်အော်ကုတ်ဖွဲ့၍ အနိုင်ကျင့်ကာ ချောက်လှန့်လိုက်သည်။ တခြားမျောက်တွေ ပြေးကြသောအခါ ထိုအထွားကြိုင်းဆုံးမျောက်က ယမန်နေ့က မျောက်ဖမ်းသမားလုပ်သကဲ့သို့ ညာလက်ကိုအုန်းသီးထဲထိုးနှိုက်သည်။ အုန်းသီးထဲက အစာကို တအားဆုပ်ယူ၍စားလိုက်မည်ဟု လက်ကိုဆွဲထုတ်သည်။ သို့ရာတွင် အစာကို လက်ကဆုပ်ထားသောအခါ အုန်းသီးအပေါက်နှင့် လက်ဆုပ်ကမဆန့်ဘဲဖြစ်နေသောကြောင့် ဆွဲထုတ်မရနိုင်ဖြစ်နေသည်။ ညာလက်ကိုဆွဲထုတ်၍မရသောအခါ အခြားအုန်းသီးထဲသို့ ဘယ်လက်ဖြင့်ထိုးနှိုက်ကာ အစာကိုဆုပ်၍ စားဖို့လက်ကိုဆွဲထုတ်သည်။ အစာကိုဆုပ်ထားသောလက်ဆုပ်နှင့် အုန်းသီး၏အပေါက်ကမဆန့်သောကြောင့် လက်ကိုထုတ်၍မရ ဖြစ်နေပြန်သည်။

ထိုအချိန်တွင် မျောက်ဖမ်းသမားက ပုန်းအောင်းနေရာမှ ထိုမျောက်ထံသို့ ပြေးလာသည်။ မျောက်သည် အစာအပေါ်၌ လောဘတဏှာတပ်လွန်းနေသောကြောင့် ဆုပ်ထားသောလက်ကိုမဖြေ၊ ဆုပ်ထားသောအစာကိုမလွှတ်၊ မဖြေသောလက်ဖြင့် မျောက်က မျောက်မုဆိုးလက်မှ လွတ်အောင်ပြေးသည်။ သစ်ပင်အပေါ်သို့ တက်ပြေးရန်

ကြိုးစားသည်။ သို့ရာတွင် လက်ဆုပ်ကိုမဖြေ၊ ဆုပ်ထားသောအစာကို လက်ကမလွှတ်။ ထိုအခါအုန်းသီး(၂)လုံး တန်းလန်းဖြစ်နေသော လက်များဖြင့် မျောက်သည် သစ်ပင်ပေါ်သို့ တက်၍မရဖြစ်နေသည်။ ဤအခွင့်ကောင်းကိုယူ၍ မျောက်မုဆိုးသည် မျောက်ကိုရိုက်၍ သတ်ဖြတ်လိုက်သည်။

အစာကို လောဘတဏှာဖြင့် အတင်းဆုပ်ထားသည်ကို မလွှတ်သောကြောင့် အသက်ကုန်ရသည့် မျောက်၏ဖြစ်ပုံမှဆက်၍ ပုဂံခေတ်ကျောက်စာများအကြောင်း စိတ်ကအတွေးဆန့်ပြန်သည်။

ပုဂံခေတ် ကျောက်စာများ၌ အလှူဒါနပြုခြင်း (ဝါ)လှူခြင်းကို 'လျောတ်' (သို့မဟုတ်) 'လွှတ်' ဟု မြန်မာလိုရေးထိုးသည်။ မြဇေတီကျောက်စာ၌ 'ငါ့ကယ်ကူပုရှာလျောတ်သုရှောဝ်နှိုက်တေဟ်'......'ဤဘုရားလွှတ်သရော(လှူသောအခါ)၌လည်း' ဟူသောစာကြောင်းတို့၌ လှူခြင်းကို 'လွှတ်' ဟု သုံးထားကြောင်း တွေ့ရသည်။ အခြားအခြားကျောက်စာများ၌လည်း လှူခြင်းကို 'လွှတ်'ဟု ရေးထိုးထားသည်များကို တွေ့နိုင်သည်။ 'လှူ'သည်ဆိုသည်မှာ အလိုလောဘဖြင့် ဆုပ်ကိုင်ထားသည်တို့ကို လွှတ်လိုက်ခြင်းပင်ဖြစ်သည်။ တနည်းအားဖြင့် ဆုပ်ကိုင်ထားခြင်း အစွဲတဏှာကို လွှတ်လိုက်ခြင်းပင်ဖြစ်သည်။ ဆုပ်ကိုင်ခြင်းမရှိဘဲ လွတ်လွတ် လွှတ်လိုက်သောသူ၌ မိမိလွှတ်ခဲ့ပြီးသောအရာနှင့်ပတ်သက်၍ မည်သည့်မျှော်လင့်ချက်မျှမရှိ၊ မည်သို့သော အကျိုးမျှော်ကိုးချက်မျှလည်းမရှိ၊ ကောင်းလေစွ၊ လှူခြင်းကို 'လွှတ်'ဟုမြန်မာမှုပြုခဲ့ခြင်းသည် ကောင်းလေစွ။

## တွေးချိန်ချင့်စရာ

ကျွန်တော်တို့က မိမိတို့ချစ်ခင်နှစ်သက်မြတ်နိုးသော သက်ရှိ သက်မဲ့ဥစ္စာပစ္စည်း စသည်တို့ကို မစွန့်မလွှတ်နိုင်ကြ၊ တင်းတင်းကျပ်ကျပ်ဆုပ်ကိုင်ထားကြသည်။ ထို့ထက် ကျွန်တော်တို့၏ဘဝ ကျွန်တော်တို့၏ခန္ဓာကို မစွန့်နိုင်၊ မလွှတ်နိုင်၊ အတင်းဆုပ်ကိုင် စွဲလမ်းထားကြသည်။

ထိုအခါ ဆုပ်ထားခြင်းကို မဖြေသော၊ မလွှတ်သောမျောက်သည် မုဆိုး၏လက်၌ အနှိပ်စက် အညှဉ်းဆဲ အသတ်ဖြတ်ခံရသကဲ့သို့ မိမိက မိမိခန္ဓာကို စွဲလမ်းဆုပ်ကိုင်နေသမျှ သောကပရိဒေဝဒေါမနဿတို့၏ အညှဉ်းဆဲကိုလည်း ခံကြရသည်။ အိုအောင် နာအောင် သေအောင်လည်း အနှိပ်စက်ခံကြရသည်။ ဤဘဝ၌ ခန္ဓာကိုအစွဲတဏှာဖြင့် ဆုပ်ကိုင်မှုကိုမလွှတ်သမျှ ဘဝအသစ်အသစ်တွေ ဖြစ်ဦးမည်။ ထိုထို ဘဝဘဝတို့၌လည်း ထိုအစွဲတဏှာ၏ အညှဉ်းဆဲအသတ်အဖြတ်ကို မရှုမလှခံစားရဦးမည်။ လူ့ဘဝ၊ လူ့ဇာတ်လမ်းတို့သည် စင်စစ် ကြေကွဲစရာတို့ဖြင့် အဆုံးသတ်သော ဇာတ်လမ်းချည်းပါလားဟု တွေးရင်း စိတ်မောလူမောဖြစ်လာသည်။

အနီးမှ မိတ်ဆွေက ရှင်မဟာဗုဒ္ဓဃောသသည် သုဝဏ္ဏဘူမိ သထုံမြို့သားဟုတ်မဟုတ် မသေချာသော်လည်း သူရေးသားသည့် ဝိသုဒ္ဓိမဂ်အဋ္ဌကထာကတော့ မြန်မာပြည်၌ တကယ်ရှိနေသည်ဟု ဆိုကာ ဝိသုဒ္ဓိမဂ်အဋ္ဌကထာမှ စိတ္တဝိသုဒ္ဓိဟူသော ဖော်ပြချက်၏ လေးနက်ပုံအကြောင်းကို ပြောနေသည်။

လူ၌ မျက်စိ၊ နား၊ နှာခေါင်း၊ လျှာ၊ ကိုယ်၊ စိတ်တို့ရှိသည်။ ထိုမျက်စိ၊ နား၊ နှာခေါင်း၊ လျှာ၊ ကိုယ်၊ စိတ်တို့သည် အစဉ်ပင် ပြောင်းလဲနေသောအရာများ ဖြစ်ကြသည်။ မျက်စိတည်းဟူသော ရုပ်အစုအဝေးဟူသမျှသည် ခဏမလပ် ပြောင်းနေသည်။ မျက်စိရုပ်၏ မော်လီကျူးများ၊ ထိုမော်လီကျူးတို့ကို ဖြစ်အောင်ဖွဲ့စည်းပေးထားသော အဏုမြူများသည်လည်း ခဏမလပ် ပြောင်းနေကြသည်။ အခြား အခြားသော နား၊ နှာခေါင်း၊ လျှာ၊ ကိုယ်အစရှိသည်တို့သည်လည်း ခဏမလပ်ပြောင်းနေသော ရုပ်အစုအဝေးများ ဖြစ်ကြသည်။ သိတတ်သောစိတ်သည်လည်း ခဏမလပ် ဖြစ်ပျက်ပြောင်းလဲလျက်ရှိ၍ စိတ်၏ ပြောင်းလဲပုံက ရုပ်တို့၏ပြောင်းလဲခြင်းတက် အဆများစွာပို၍ လျင်မြန်စွာ ပြောင်းလဲလျက်ရှိသည်ဟု ဆိုသည်။ ထိုသို့ ခဏမလပ် ပြောင်းလဲနေသော မျက်စိ၊ နား၊ နှာခေါင်း၊ လျှာ၊ ကိုယ်၊ စိတ်တို့နှင့် ခဏမလပ်ပင် ဖြစ်ပျက်ပြောင်းလဲနေသော အဆင်း၊ အသံ၊ အနံ့၊ အရသာ အစရှိသည် တို့ကတွေ့ဆုံကြသည်။ မျက်စိ၊ နား အစရှိသော အတွင်းပိုင်းက ခဏမလပ် ပြောင်းနေသော (သို့မဟုတ်) အတွင်းပိုင်းက အစဉ်ပြောင်းနေသော ခဏများနှင့် အဆင်း၊ အသံအစရှိသော အပြင်က အစဉ်ပြောင်းနေ သောခဏတို့ တွေ့ဆုံကြသည်။ ထိမိကြသည်။ တွေ့ဆုံလိုက်သော ထိလိုက်သောခဏသည် လျင်မြန်လှသည်။ မျက်တောင်တစ်ခတ် လျှပ် တစ်ပြက်အတွင်းမှာပင် ရုပ်တို့သည် ခဏပေါင်း ကုဋေငါးထောင်မက၊ စိတ်သည် ခဏပေါင်း ကုဋေတစ်သိန်းမက ဖြစ်ပျက်လျက်ရှိသည်။ ထိုမျှလျင်မြန်သော ရုပ်နှင့် စိတ်တို့(ဝါ) အာရုံနှင့် သိတတ်သောစိတ်တို့

တွေ့ဆုံမှုသည် လျင်မြန်လှသောကြောင့် ခဏအတွင်းမှာပင်ပြောင်းလဲသွားသည်။

သို့ရာတွင် ထိုသို့ခဏအတွင်း ပြောင်းလဲ၊ ပြောင်းလဲသွားသည်ကို ကျွန်ုပ်တို့၏ သာမန်ဉာဏ်မျှဖြင့် မသိမြင်နိုင်။ ထိုသို့ မသိမြင်နိုင်မှုကြောင့် တွေ့ဆုံထိတွေ့မှုတို့ကို အစဉ် အတန်းအနေ တစ်ဆက်တည်းအနေထင်သည်။ မိမိအား ဆဲဆိုကြိမ်းမောင်းလိုက်သော အသံနှင့် မိမိ၏နားထိသောအခါ ထိခြင်းသည် ခဏအတွင်းပြောင်းသွားသည်။ ထပ်၍ထပ်၍ ထိနေခြင်းတို့သည်လည်း ထပ်၍ထပ်၍ ခဏအတွင်းပြောင်းသွားသည်။ သို့ရာတွင် ထိုသို့ ထိသမျှ တွေ့ဆုံသမျှတို့က ပြောင်း၍ပြောင်း၍ သွားသည်ကို မသိသောအခါ ထိလာသောအသံကို ဆဲဆိုကြိမ်းမောင်းသံဟု တွေးချိန်ရသည်။ ဆဲဆိုခြင်းဟု အနက်ဖွင့်ဆိုချိန်ရသွားသည်၊ နာကျည်းစရာဟု ပုံဖော်ချိန်ရသွားသည်။ ထိုအခါ ဒေါသများ၊ မကျေနပ်မှုများ၊ လက်တုံ့ပြန်မှုများ ဖြစ်သည်။ ဤသို့ဖြစ်ခြင်းမှာ ပြောင်းသွားသော၊ မရှိတော့သော၊ အမှန်မဟုတ်တော့သော၊ ထိမှုတို့ကို မပြောင်းသည့်အနေ၊ ရှိသည့်အနေ၊ အမှန်တကယ်အနေထင်မှတ်မှားခြင်းကြောင့်ဖြစ်သည်။

ထိသမျှ တွေ့ဆုံသမျှတို့သည် ခဏမလပ် ပြောင်းလဲနေသည်ကို သိနိုင်သော ဉာဏ်ဖြစ်ဖို့ရန်မှာ သမာဓိစွမ်းအင်စိတ်၌ ရှိဖို့လိုသည်။ ထိုသမာဓိစွမ်းအင်ရှိမှ ထိသမျှတွေ့သမျှတို့ကို ခဏအတွင်း ပြောင်း၍ပြောင်း၍သွားသည်ကို မြင်နိုင်သည်။ ဤသို့ မြင်နိုင်ရေးအတွက် သမာဓိစွမ်းအင်ရရန် မည်ကဲ့သို့ အားထုတ်ကျင့်ဆောင်ရကြောင်း

ဝိသုဒ္ဓိမဂ်အဋ္ဌကထာက အကျယ်တဝင့် ရှင်းပြထားသည်ဟု မိတ်ဆွေဖြစ်သူက ပြောနေပါသည်။ သူကဆက်၍-

ထိတိုင်းထိတိုင်း ပြောင်းသွားပျက်သွားတာကို မမြင်သည့်အခါ မြဲသည့်အနေ၊ တစ်ဆက်တည်းအနေ၊ ဟုတ်မှန်သည့်အနေ ထင်မြင်သည်။ ဤသို့ထင်မြင်ရာမှ လူသည် ပြင်ပကအရာတို့ကိုလည်း အစွဲတဏှာဖြစ်သည်။ အတွင်းကအရာတို့ကိုလည်းနှစ်သက်ဖွယ်အဖြစ်စွဲလမ်းသည်။ ပစ္စည်းဥစ္စာ၊ ရာထူးဌာနန္တရတို့ကိုလည်း စွဲလမ်းသည်။ ငါသိသည်၊ ငါတော်သည်။ ငါတတ်သည် စသည့်ဖြင့်လည်း မာန်မာနအစွဲအလမ်းတွေဖြစ်သည်။ အတွင်းက မိမိ၏ရုပ်ခန္ဓာ၊ ဝေဒနာခန္ဓာအစရှိသည်တို့၌လည်း အစွဲတဏှာတွေဖြစ်သည်။ ငါအစွဲ အတ္တစွဲတွေအမျိုးမျိုးဖြစ်သည်။ ထိုအစွဲတဏှာကို မစွန့်လွှတ်နိုင်သရွေ့ ထိုအစွဲတဏှာက ပုဂ္ဂိုလ်သတ္တဝါတို့ကို အိုစေခြင်း၊ နာစေခြင်း၊ ဒုက္ခမျိုးစုံနှင့်ကြုံစေခြင်းကို ပြုနိုင်ရုံမက သေအောင်လည်း သတ်ဦးမည်ဖြစ်သည်ဟု သူကပြောပြနေသည်။

အစွဲတဏှာကို မစွန့်လွှတ်နိုင်သရွေ့ဟူသော သူ့စကားထဲမှ 'လွှတ်' ဟူသော စကားကို ကြားရသောအခါ လက်ဖြန့်၍ အုန်းသီးကို မလွှတ်နိုင်သောကြောင့် အသက်ကုန်သည်အထိ အနှိပ်စက်ခံရသော မျောက်၏အဖြစ်ကို ကျွန်တော့်စိတ်က ထပ်၍မြင်ယောင်လာပြန်သည်။ ဆုပ်ကိုင်စွဲလမ်းထားမှုတဏှာကို ဘယ်လို ဘယ်အခါ လွှတ်နိုင်မလဲဟု စိတ်ထဲမှမေးမည်ဟု တွေးကြံနေစဉ်တွင်ပင် မိတ်ဆွေဖြစ်သူကဆက်၍ သမာဓိစွမ်းအင် လုံလောက်စွာရပါက လျှင်လျှင်မြန်မြန်ထိထိနေသော

ခဏာတို့ ထိလျှင်ထိချင်း ထိသည်ထိသည်ဟုသိပါက လုံလောက်သော သမာဓိရပြီဟု ယေဘုယျအားဖြင့် ဆုံးဖြတ်နိုင်သည်။ ထိဆဲထိဆဲတို့ကိုသာ သိသိနေသောကြောင့် ထိုသို့သိနေသူ၌ တွေးတောချိန်၊ စဉ်းစားချိန်မရ၊ တွေးတောစဉ်းစားခြင်းသည် စင်စစ်အသိမှန်မဟုတ်၊ ထိထိနေခြင်း၊ ထိထိပြီးပြောင်းနေ ပျက်နေခြင်းကလွဲ၍ အခြားမရှိ၊ ပြောင်းနေပျက်နေခြင်းကလွဲ၍ အခြားမရှိဟု သိနေသောအခါ၌ အတွင်းအပြင်မည်သည့်အရာကိုမျှ အဟုတ်အနေ၊ အမှန်အနေ၊ ကောင်းသည့်အနေဆိုးသည့်အနေဖြင့် စွဲလမ်းနေခြင်းမဖြစ်တော့။ မိမိဘဝ၊ မိမိခန္ဓာ၌လည်း စွဲလမ်းနေခြင်းမရှိတော့၊ အစွဲအလမ်းတို့ကို အပြီးတိုင် စွန့်လွှတ်လိုက်သောသူ၌ သေခါနီးတွင် နိမိတ်တစ်စုံတစ်ရာ ထင်မြင်ခြင်းမရှိ၊ နိမိတ်မထင်သည့်အတွက် အစွဲတဏှာက ဘဝတစ်ဖန်ဖြစ်အောင် တည်ဆောက်ဖွဲ့စည်းနိုင်ခြင်း မရှိတော့၊ ဘဝတစ်ဖန်မရှိခြင်းကြောင့် အစွဲတဏှာက လူကိုအိုအောင် နာအောင်၊ ဒုက္ခအမျိုးစုံနှင့် တွေ့အောင်၊ အဆုံး၌ သေအောင် နှိပ်စက်နိုင်ခြင်းလည်း မရှိတော့ကြောင်း အလေးအနက်ပြောပြသည်။ ထိဆဲ ထိဆဲ ခဏလေးများသာ အမှန်ဖြစ်၍ တခြားဘယ်အရာမှ အမှန်မဟုတ်ဟု သာမန်ယူဆချက်ဖြင့် ချောက်ထဲခုန်ချခြင်းမျိုး၊ မောင်းလာသောကားရှေ့ ဖြတ်သွားခြင်း မျိုးတော့ မပြုလုပ်ပါနှင့် ဟုလည်း သူကပြောပြနေသည်။

မြသပိတ်တောင်ပေါ်မှ အဆင်းလမ်းတစ်လျှောက်၌လည်း မိတ်ဆွေဖြစ်သူက ဝိသုဒ္ဓိမဂ်အဋ္ဌကထာမှ အဆိုအမိန့်များနှင့် သူ၏ယူဆချက်ကို ညှိနှိုင်းပြလာပါသည်။ သူ့စကားများကို နားထောင်ရင်းမှ

မြို့တွင်းရှိအုန်းပင်များဆီသို့ ကျွန်တော့်မျက်စေ့များကရောက်သွား ပြန်သည်။ ဆုပ်ထားသောလက်များကို မဖြေသောကြောင့် အုန်းသီး နှစ်လုံးဖြင့် သစ်ပင်ပေါ်သို့တက်၍ မရဖြစ်နေသော မျောက်ကိုလည်း မြင်ယောင်နေပြန်သည်။ ထိုသို့မြင်ယောင်ရင်းမှ "အုန်းပင်တွေ အုန်းသီး တွေရှိတာကောင်းတယ်၊ အစွဲတဏှာနဲ့ ဆုပ်ကိုင်ထားခြင်း မှန်သမျှကို 'လွှတ်' - 'လွှတ်လိုက်' လို့ အုန်းပင်တွေ၊ အုန်းသီးတွေက သတိပေး နေကြသလိုပဲ၊ လွှတ်လိုက်တော့မှ ဘဝခရီးကို ပေါ့ပါး လွတ်လပ်စွာနဲ့ ဆက်သွားလို့ရမှာ" ဟု နှုတ်မှပြောလိုက်မိတော့မလိုဖြစ်ပြီးမှ မပြောဘဲ နှုတ်ဆိတ်နေလိုက်ပါသည်။ အဘယ်ကြောင့်ဆိုသော် မိမိ၏အတွင်း အပြင်ဘယ်ဟာကိုမှ မလွှတ်နိုင်သေးရုံမျှမက အတွေးတွင် စွဲထင်နေ သော အုန်းသီးများတန်းလန်းဖြစ်နေသော မျောက်ကိုပင် စိတ်မှလွှတ် မပစ်နိုင်ဖြစ်နေသော မိမိအဖြစ်ကို သတိထားမိလိုက်သောကြောင့်ဖြစ် ပါသည်။

ကျွန်တော်က မြသပိတ်တောင်ခြေရောက်သည့်အထိ မိတ်ဆွေ ဖြစ်သူပြောပြသမျှကို တိတ်ဆိတ်စွာနားထောင်ရင်း ဆင်းလိုက်လာခဲ့ပါ သည်။


## လှိုင်းသစ်စာပေမှ
## ဆရာ နန္ဒာသိန်းဇံ၏ ရေးသားထုတ်ဝေခဲ့သောစာအုပ်များ




အဝအဓိပ္ပါယ် နှင့် အဝသစ္စာ
(၁၉၇၃)



စိတ်အဆင့်အင့်မြင့်ထက်ခြင်းသဘာဝ
(၁၉၇၅)



ကိုယ်တျင့်တည်ကြည်ခြင်း အဆင့်မြင့်ခရီးစဉ်
(၁၉၇၇)




ခရောင်းလမ်းကိုဖြတ်ကျော်ခြင်း
(၁၉၇၉)





စိတ်ကောင်းသွေကောင်းနှင့် ခရီးသွားခြင်း
(၁၉၈၀)




အတွေးအခေါ်တိုလွှင့်ပျော်ခြင်းနှင့်
လူ၏အောက်တည်ရာ (၁၉၈၃)




မှန်သောစကားကိုဆိုခြင်းနှင့်
စိတ်သက်သောမှတ်ချက်များ(၁၉၈၀)



ငြိမ်းသည်ရာ
(၁၉၈၉)




စီးပွားရေးနှင့်စိတ်ရေးပျူတော
(၁၉၉၂)




ကြာ
(၁၉၉၂)




အသွင်သဏ္ဍာန်တို့နောက်ကွယ်၌
(၁၉၉၃)



အရိုးခွံနှုတ်မှတွေးခြင်ရုန့်တို့ဝေ့ပျံ့နေသဲ
(၁၉၉၅)



ထေရဝါဒနှင့်ပတ်သက်သောမှတ်ချက်များ
(၂၀၀၁)




မနက်ခြင်းများကိုဖြတ်သန်းနေသောစိတ်ကူးများ
(၂၀၀၃)





ပြောရင်းပြောနေမည့် ချစ်ခြင်းမေတ္တာ
(၂၀၀၄)




သစ္စာဝင်လယ်ပြာ နှင်းဝတ
(၂၀၀၀)




နှောင်းတကင်းရာသို့ .....
(၂၀၀၉)



အနေခက်အောင်တူညီကြသူများ
(၂၀၁၁)

နန္ဒာသိန်းဇံ၏

တွေးသိပ်ချင့်စာ